www.burmeseclassic.com

# ပြိတ္တာ

၁၁

မဟူရာကောရီ



www.burmeseclassic.com

www.burmeseclassic.com

ပဠမ ဂုဏ် အပ်ဝ နှာမိ

ကြီးခရာ

မဟာရာစကော်ရီ

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | ◆ | ၄၄၉/ ၂၀၀၃ (၅) |
| စာမူခွင့်ပြုချက်အမှတ် | ◆ | ၅၀၂/ ၂၀၀၃ (၃) |
| ပထမအကြိမ် | ◆ | ၂၀၀၃၊ နွှန်လ |
| အုပ်ရေ | ◆ | ၅၀၀ |
| တန်ဖိုး | ◆ | ၄၅၀/- ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ် | ◆ | ဒေါ်မြင့်မြင့်တင်(မြန်သီဂီပုံနှိပ်တိုက်) အမှတ် ၂၀၈ ၊ လမ်း ၃၁ ၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ◆ | ဦးတင့်လွင် (သော်ကစာပေ) အမှတ် (၆၀၅) ၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ◆ | မြိုတ် (စာပေ) အမှတ် (၁၉၈) ၊ ၃၁ လမ်း ပန်းဘဲတန်း ၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | ◆ | ကိုလှနိုင် (မြိုတ်) |

အထက်မြန်မာပြည်ဖြန့်ချိရေး - နဂါးစာပေ၊ မန္တလေး
ထွန်းဦးစာပေ၊ မန္တလေး



## ထမံသိ၏ ဂန္ဓာရီ
## အသက်ပြင့်ရင်းသော စိန်ခေါ်မှု

ထာစ်နေ့သည် ကျွန်ုပ်သည် စာအုပ်စင်ထက်မှ မှတ်စုမှတ်ရာ အကြောင်းများကို ရှာဖွေမှတ်သားနေစဉ် သတ္တဗေဒ၊ တိရစ္ဆာန်များနှင့် ပေါင်းစပ်လျှင်း၍ ဆေးဖက်ဝင်ပုံများအကြောင်း . . .

ရုက္ခဗေဒသစ်ပင် (ဂမုန်းပင်များအပါအဝင်) များနှင့် စပ်လျဉ်း၍ ဆေးဖက်ဝင်အသုံးဝင်ပုံများအကြောင်းကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပေ၏။

ဂမုန်းအမျိုးပေါင်း ထောင်နှင့်ချီ၍ ရှိသော်ငြားလည်း လူသိများသော ဂမုန်းများက လွန်စွာနည်းလှပေသည်။

ဂမုန်းသည် တန်ဖိုးလည်းကြီး၊ တန်ခိုးလည်း အလွန်ကြီးလေး သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေး ဆိုသကဲ့သို့ ဖြစ်တတ်သည်။

ကျွန်ုပ်သည် ဆေးဝါးမန္တာန်များအကြောင်းနှင့် ပတ်သက်သည့် ထူးဆန်းကြယ်သောအကြောင်းများကို အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလှပေရာ အချိန်ရသည်နှင့် ဆေးဖက်ဝင်မည့်ပစ္စည်းများ၊ အပင်များကို ရှာဖွေစုဆောင်းတတ်သောအကျင့်ရှိပေ၏။

ထိုအကျင့်ကြောင့်ပင် နောင်သောအခါ ရွှန်းစွာလျှို့ဝှက်ဆန်းကြယ်သော အကြောင်းများ၊ သည်းထိတ်ရင်ဖိုစရာ ကောင်းသော အကြောင်းများနှင့် ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဟု ထိုစဉ်အချိန်က ကျွန်ုပ်ကိုယ်တိုင် မသိနိုင်ခဲ့ချေ။

ကျွန်ုပ်၏အမည်ကား "အောင်မင်းအောင်" ဖြစ်ပြီးလျှင် ရွှေခုံတိုင် (ရွှေဂုံတိုင်) ဘက်တွင် အိမ်တစ်လုံးဖြင့် အဖော်မရှာဘဲ တစ်ကိုယ်တည်း ဘဝဖြင့် နေထိုင်လာခဲ့၏။

ဆေးဝါးဖော်စပ်ခြင်း၊ ရှေးဟောင်းပစ္စည်းများနှင့် ဆေးဖက်ဝင်ပစ္စည်းများ ရှာဖွေစုဆောင်းရင်း တစ်ဖက်မှ စာရေးခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလေ၏။

ကျွန်ုပ်ဝါသနာပါသော လုပ်ငန်းများက အနှောင့်အယှက်ကင်းစွာဖြင့် စိတ်အေးလက်အေး နားအေးပါးအေး လုပ်ရသော အလုပ်မျိုးဖြစ်သည့် အားလျော်စွာ အရွယ်ရှိသေးသော်လည်း အမှုမရှာတော့ဘဲ တစ်ကိုယ်တည်း ဘဝဖြင့် နေလာခဲ့ခြင်းဖြစ်ပေ၏။

ကျွန်ုပ်တွင် "တိုးအောင်" ဟူသော တစ်ဆယ့်ငါးနှစ်သားခန့် လက်တိုလက်တောင်းခိုင်းစေရန်အတွက် တပည့်လေးတစ်ယောက်ရှိသော်လည်း သူ့အလုပ်နှင့် သူ မအားလပ်ရရှာပေ။

ကျွန်ုပ် နေထိုင်လျက်ရှိသော ရွှေခုံတိုင် (ယခု ရွှေဂုံတိုင်လမ်းမကြီးဘေး) လမ်းအနီးမှ မြေတစ်ကွက်မှာ အိန္ဒိယသို့ ပြန်သွားသော ကုလားတစ်ဦးထံမှ အဖိုးနှုန်းအလွန်ချိုသာစွာဖြင့် ရရှိခဲ့ခြင်းဖြစ်ပေ၏။



ယခင်က ထိုနေရာတစ်ဝိုက်ကား လူနေအိမ်ခြေဟူ၍ မရှိလှဘဲ ကြည့်လေရာ သစ်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ တောင်ကုန်းကြီးများသာ ရှိပေ၏။

ရွှေခုံတိုင်လမ်းမကြီးပင် မြေနီခဲလုံးများ ခင်းထားပြီး အလွန်ကြမ်းသောလမ်းပင် ဖြစ်တော့သည်။

ကျွန်ုပ်တို့ဘက်သို့ မြို့တွင်းမှ လန်ချားခေါ်လျှင် လမ်းကြမ်းသောကြောင့် မည်သည့်လန်ချားဆွဲသည့် ကုလားကမှ မလိုက်လိုကြပေ။

ရွှေခုံတိုင်ဘက်ဆိုလိုက်တာနှင့် ခေါင်းကို တွင်တွင်ခါ၍ ငြင်းတတ်ကြလေ၏။ ဆလံပေးကာ ပြေးကြလေ၏။

ယခင်က ကျွန်ုပ်နေထိုင်သော နေရာတစ်ဝိုက်တွင် လူနေအိမ်ခြေဟူ၍ မရှိဘဲ ရှေ့ဘက်သို့ နှစ်တိုင်၊ သုံးတိုင်လောက် လျှောက်ပါမှ ချောက်ထပ်ကြီးဘုရားကုန်းရှိရာသို့ ရောက်နိုင်ပေ၏။

ထိုနေရာတစ်ဝိုက်တွင်တော့ လူနေအိမ်အချို့ ရှိကြလေ၏။ ယခု ရွှေတောင်ကြား(မွေ့စေတီ လမ်းတောက်လျှောက် ဝဲယာဝန်းကျင်)နှင့် ဝင်ဒါမီယာဟု နာမည်ကြီးကာ မြေဈေး၊ အိမ်ဈေး အလွန်ဈေးကြီးလျက် လူချမ်းသာ၊ လူကုံထံများသာ နေထိုင်သည်ဟု [illegible]နင်ကြားစွာပြောသောနေရာများကား ထိုအချိန်က နို့စားနွားမွေးသော ကုလားများသာ နေထိုင်ကြပေ၏။

www.burmeseclassic.com



ဝင်ဒါဓိယာ ဟူသော ဝေါဟာရကို ထိုအချိန်က ဆီလျော်
အောင် အဓိပ္ပာယ်ပြန်ကြမည်ဆိုပါက နို့စားနွားမွေးသော ကုလားများ
နေသောနေရာဟု အဓိပ္ပာယ်သက်ဝင်လောက်အောင်ပင် မြန်မာဟူ၍
မရှိဘဲ ကုလားများသာရှိလေ၏။

သို့ဖြစ်ရကား ကျွန်ုပ်နေထိုင်လျက်ရှိသော ရွှေခိုတိုင်မှာလည်း
တောင်ယာစိုက်သူအချို့နှင့် နွားမွေးသော ကုလားအချို့ရှိလေရာ ဆိတ်
မြည်သံ၊ နွားအော်သံမှလွဲ၍ အခြားမည်သည့်အသံမျှ မကြားရသော
ကြောင့် ကျွန်ုပ်တို့လို နှာ‌ခေါင်းပါးအေး စာရေးစာဖတ်ပြုလုပ်ချင်သူ
များအတွက် အလွန်အဆင်ပြေသော နေရာကောင်းတစ်ခုဟူ၍ ဆို
မမှားနိုင်ပါချေ။

သို့စေကာမူ တောင်ပို့များရှိခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း၊ တော
များရှိသဖြင့် မြွေကတော့ အလွန်ပေါလှပေ၏။

တစ်ကြိမ်၌ တောင်ကုန်းတစ်ခုမှ တစ်ခုသို့ ကူးသွားသော
ထွာဆိုင်ခန့်အလုံးရှိသည့် မြွေကြီးတစ်ကောင်ကို တွေ့ဖူးခဲ့ရာ အလွ
အလျားရှည်သောကြောင့် မီးရထားတွဲကြီး တရွေ့ရွေ့ ဖြတ်သွားသည်နှ
ပင် တူလှတော့သည်။

ဤသို့ဖြင့် ကျွန်ုပ်တစ်ယောက်တည်း စာအုပ်များနှင့် အလု
များနေစဉ် တပည့်ဖြစ်သူ မောင်တိုးအောင်သည် ကျွန်ုပ်သောက်ရေ



အတွက် “ရွှေခြံအေး” ကော်ဖီမှုန့်ဖြင့် ဖျော်ထားသောကော်ဖီခါးခါး
တစ်ခွက်နှင့် ရေနွေးကြမ်းတစ်ကရားကို လာပို့ပေးလေ၏။

ထို့ပြင် သူနှင့်အတူ စာအိတ်တစ်အိတ်လည်း ပါလာရာ ကျွန်ုပ်
အား ရိုသေစွာ ကမ်းပေးလေ၏။

“ဘယ်ကရောက်လာတဲ့စာများပါလိမ့်၊ ဘယ်သူလာပေးတာ
လဲ မောင်တိုးအောင်”

“စောစောတုန်းက ရှမ်းဝတ်စုံလို အပေါ်အနက်၊ အောက်အနက်
ဝတ်ဆင်ထားတဲ့ အသက်ကြီးကြီး အဘိုးကြီးတစ်ယောက်ရယ်၊ မိန်းမ
ကြီးတစ်ယောက်ရယ်၊ သိပ်ချောတဲ့ အမျိုးသမီးတစ်ယောက်ရယ်
ရောက်လာပြီး ဒီစာကို ပေးသွားခဲ့တာပါ ဆရာ”

“ဟေ... ငါ့အသိမိတ်ဆွေတွေထဲကတော့ ဟုတ်ဟန်မတူဘူး၊
ဘယ်သူတွေလဲလို့ မေးမထားလိုက်ဘူးလား”

(မောင်တိုးအောင်က အတန်ကြာအောင် စဉ်းစားနေပြီးမှ)

“မေးတော့မေးလိုက်တယ် ဆရာ၊ သူတို့က ချင်းပြည်နယ်
ဘက်က လာကြတာတဲ့၊ ချင်းပြည်နယ်ဘက်က ဆရာ့မိတ်ဆွေတစ်ဦး
နဲ့ တွေ့လို့ လူကြုံပါးလိုက်တာတဲ့ဗျ၊ နောက်ပြီး သူတို့က ပြောသွား
ကြသေးတယ်”

“ဘာတဲ့လဲကွယ်”

“သူတို့က ချင်းပြည်နယ်ဘက်က ဒီမှာလာပြီး မြေမြို့လာမှာယ်
လာပြကြတာတဲ့၊ မနက်ဖြန်မြို့ဘယ်က ကွမ်းခြံဘူတာကြီးနားမှာ ပွဲမယ်
တဲ့၊ လာကြည့်ဖို့အောင် ဖိတ်သွားသေးတယ် ဆရာ”

www.burmeseclassic.com



မောင်တိုးအောင်သည် အလွန်တက်ကြွသောအမူအရာဖြင့် ပြောပြနေလေ၏။

"ကောင်းတာပေါ့ကွာ…အားတော့လဲ သွားကြည့်ကြတာပေါ့။ ကဲ…မင်းလုပ်စရာရှိတာ သွားလုပ်ချေတော့"

ရှိသေစွာ ခေါင်းညိတ်ပြပြီး မောင်တိုးအောင် ထွက်သွားသောအခါမှ ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဆေးတံတွင်းသို့ 'လင်ကွန်း' ဆေးတံသောက်ဆေးဖြည့်ကာ မီးညှိလိုက်ပြီးမှ ကျွန်ုပ်အမည်လိပ်စာတပ်၍ ပို့လိုက်သောစာကို ဖောက်ဖတ်ရလေ၏။

သို့

*မိတ်ဆွေကြီး ဦးမင်းအောင်ခင်ဗျာ…*

*ခင်မင်လေးစားသတိတရဖြင့် ဤစာကို မိတ်ဆွေကြီးထံသို့ ရေးသားလိုက်ရပေ၏။*

*ဤစာကို ဖတ်ရသောအချိန်မှ အစပြု၍ မိတ်ဆွေကြီး ကျန်းမာပကတိချမ်းသာစွာ ရှိစေရန် ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။*

*ယခုစာကို ရေးသားပေးပို့သူကား မိတ်ဆွေကြီးနှင့် အတူတကွ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သော 'မုဆိုးကြီးဇော်ခွန်' ပင် ဖြစ်ပါ၏။*

မုဆိုးကြီးဇော်ခွန် ဟူသောအမည်ကို တွေ့လိုက်ရသောအခါ ကျွန်ုပ်မှာ များစွာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတော့သည်။

မုဆိုးကြီးဇော်ခွန်ကား ကချင်ပြည်နယ် 'တနိုင်း' မြို့တွင်



ချင်းပြည်နယ်ဘက်သို့ ဆေးမြစ်ဆေးဝါး စုဆောင်းရှာဖွေရေးကိစ္စတွင်မူ ဦးဇော်ခွန်၏ အကူအညီကို များစွာယူရပြီး အခါအားလျော်စွာ အတူတကွ လက်တွဲလုပ်ကိုင်ခဲ့ကြသူလည်း ဖြစ်ပေ၏။

*"မိတ်ဆွေကြီးနှင့် မတွေ့ကြရသော ကာလအတွင်း ကျွန်ုပ်သည် ထူးဆန်းသော ဂမုန်းပင်အချို့နှင့် ဆေးဝါးအသုံးဝင်ပစ္စည်းအချို့ကို ရှာဖွေရရှိထားပြီး ဖြစ်ပါတယ်။*

*ထို့ထက် ထူးဆန်းသောအရာကား တနိုင်းနှင့် မဝေးလှသော ထမ်သီရွာတွင် နှစ်ပေါင်းရာကျော် သက်တမ်းရှိ မြွေကြီးတစ်ကောင်ကို မိုးကြိုးထိ၍ မီးလောင်သေဆုံးသွားသောအခါ မီးမလောင်ဘဲ ကျန်ရစ်ခဲ့သော အစွယ်တစ်စုံကိုသော်လည်းကောင်း…*

*မိုးကြိုးသုံးခါ ပစ်ချခံရပြီး မီးလောင်သွားပြီးမှ အညွှန့်ပြန်ထွက်လာသော ဂမုန်းတစ်မျိုးကိုသော်လည်းကောင်း…*

*လူတစ်ယောက်ကို မိုးကြိုးပစ်ချလိုက်ရာ ကိုယ်ပေါ်မှ ဝတ်ဆင်ထားသော အဝတ်အစားအားလုံး မီးလောင်ကျွမ်းသွားသော်လည်း ထိုလူသည်း မည်သို့မှမဖြစ်၊ ဦးခေါင်းမှ ဆံပင်များသည်လည်း တစ်ပင်တလေမှ မီးမလောင်းသူတို့ အရပ်အခေါ်၊ ထူးဆန်းသော ကဝေမကြီးဆိုသော အဘွားကြီးတစ်ယောက်ကိုသော်လည်းကောင်း…*

*ထို့ပြင် ညအခါတွင် လူသဏ္ဌာန်ဖန်ဆင်း၍ သွားလာနေထိုင်သော ဝမုန်းတောနေရာကိုသော်လည်းကောင်း…*

အသီးသီး တွေ့မြင်ကြားသိထားရပါသောကြောင့် မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးထံသို့ သတိတရ စာရေးအကြောင်းကြားလိုက်ခြင်းဖြစ်ပေ၏။

ဤအကြောင်းကြား စာကိုရလျှင်ရချင်း တနိုင်းသို့ အရောက်လာပါရန် မိတ်ဆွေကြီးအား မိတ်ကြားလိုက်ပါ၏။

မိတ်ဆွေကြီး တနိုင်းသို့ အရောက်လာပါက သွားရေးလာရေး စည်းစိမ်နေထိုင်ရေး အစစအရာရာ တာဝန်ကျေစေရပါမည်ဟု ကတိပြုပါသည်။

မိတ်ဆွေကြီးလာပါက ရန်ကုန်မြို့မှ အကောင်းဆုံးသေတ်သောက်ဆေးတစ်ဘူးလောက် လူကြုံဆွဲလာစေလိုပါသည်။

မိတ်ဆွေကြီးကျန်းမာချမ်းသာပါစေ။

ကျွန်ုပ်လည်း ကျန်းမာပါ၏။

သင့် . . . . . . .

ဦးစော်ခွန်

တနိုင်းမြို့

ကျွန်ုပ်သည် ဦးစော်ခွန် ရေးလိုက်သော စာကိုဖတ်ပြီး လွန်စွာမှ စိတ်စားမိပေသည်။

မီးမလောင်သောအစွယ်

မိုးကြိုးထိ၍ မသေသော ဂမုန်းသင်၊

မီးမကျွမ်းသည့်ဆံပင်များ။

လူယောင်ဆောင်သော ဂမုန်းပင်များအကြောင်းကား ကျွန်ုပ်



အတွက် လွန်စွာမှ စိတ်ဝင်စားဖွယ်ရာ ကောင်းသော အကြောင်းအရာများ ဖြစ်ပေတော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ရေးလက်စစာမူများကို အပြီးသတ်ရေးခြင်း၊ ခရီးထွက်ရာတွင် လိုအပ်မည်ထင်သော ပစ္စည်းများကို ဝယ်ယူခြင်း၊ ဦးစော်ခွန်အတွက် မှာကြားသော ပစ္စည်းများကို ဝယ်ယူခြင်း။

အိမ်အတွက် စိတ်ချလက်ချဖြစ်စေရန် မောင်တိုးအောင်အား မှာကြားအပ်နှံခြင်း။

ခရီးထွက်ရန်အတွက် လေယာဉ်လက်မှတ်ယူခြင်းများကို ရက်ပိုင်းအတွင်း ဆောင်ရွက်ရလေတော့သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် တပည့် မောင်တိုးအောင်နှင့်အတူ လေယာဉ်ကွင်းမှ လေယာဉ်ပျံလက်မှတ်ယူဆောင်ပြီးအပြန် မြို့အဝင်တစ်နေရာတွင် ဆိုင်းသံဗုံသံများကြားရပြီး လူအများဝိုင်းအုံကြည့်နေသည်ကို တွေ့မြင်ရသောကြောင့် ကားကိုရပ်တန့်ကာ ခေတ္တမျှသွားရောက်ကြည့်ရှုမိသည်။

ထိုအရာကား မျက်လှည့်ပွဲတစ်ခုပင်ဖြစ်တော့သည်။

စည်းဝိုင်းတွင်း၌ အသက်ငါးဆယ်ကျော်အရွယ် ဝတ်ရုံအနက်ကို ဝတ်ဆင်ကာ နှုတ်ခမ်းမွှေးနှင့် ခေါင်းပေါင်းနှင့် လူကြီးတစ်ဦးက လက်လှည့်၊ မျက်လှည့်၊ ပဉ္စလက်အတတ်ပညာများကို တစ်ခုချင်း ပြသနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော်အရွယ် ဝတ်စုံအနက်ကိုပင် ဝတ်ဆင်ထားသော အမျိုးသမီးကြီးတစ်ဦးက စည်းချက်ဖါးချက်ညီညီ ဗုံကိုတီးခေါက်ပေးနေ၏။

မနီးမဝေးတွင် ရုပ်ရည်သွင်ပြင် မူယာလှပ ချောမွေ့သော အသက်နှစ်ဆယ်ဝန်းကျင်အမျိုးသမီးလေးတစ်ဦးကို လှမ်းမြင်ရသည်။ ထိုမိန်းကလေးမှာလည်း အနက်ရောင်ဝတ်စုံကိုပင် ဝတ်ဆင်ထားလေ၏။

ထိုမိန်းကလေးသည် လူအုပ်တွင်း၌ ဣန္ဒြေရစွာ ထိုင်လျက်ရှိနေစဉ် သူမ၏ မျက်လုံးများက တစ်စုံတစ်ဦးကို ရှာဖွေနေဟန်ရှိကြောင်း ကျွန်ုပ် ရိပ်မိပေ၏။

"အဲဒါ ဟိုတစ်နေ့က စာလာပေးသွားတဲ့သူတွေပဲဆရာ၊ မြွေအလှမှာယ်ပြမယ်လို့လဲဆိုသေး၊ မြွေထည့်တဲ့ပုံးတွေလဲ တစ်ခုမှ မတွေ့ပူးနော် ဆရာ"

သူတို့ ဘာဆက်လုပ်ကြမယ်ဆိုတာ ခဏကလေး စောင့်ကြည့်ကြရအောင်၊ တို့အတွက် စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ် ရချင်ရလာနိုင်တာပေါ့"

ထိုအခိုက်မှာပင် မျက်လှည့်ဆရာကြီးသည် သူ၏ မျက်လှည့်အတတ်ပညာများကို ပြသပြီးနောက် ပရိသတ်ဘက်သို့လှည့်ကာ ဤသို့ဆိုလေ၏။

"ကျွန်ုပ်တော်ရဲ့ မျက်လှည့်ပညာများနဲ့ ပရိသတ်ကြီးကို ဖျော်ဖြေခဲ့ပြီးတဲ့နောက်မှာ ကျွန်တော့်ရဲ့သမီး "မဟူရာကေရီ" ကနေပြီးတော့ မြွေများကို ခေါ်ယူကစားပြတော့မှာ ဖြစ်ပါတယ်"



ပရိသတ်ထံမှ တီးတိုးစကားသံများ ပေါ်ထွက်လာပြီး မဟူရာကေရီ ဟူသော အနက်ရောင်ဝတ်စုံနှင့် မိန်းကလေးထံသို့ မျက်လုံးအကြည့် ရောက်သွားကြတော့သည်။

"ပွဲမစမီတစ်ခုမှာချင်တာက စည်းဝိုင်းထဲကို မည်သူမျှ ဝင်ရောက်ခြင်း မပြုကြဖို့နဲ့ နှောင့်ယှက်စော်ကားခြင်း မပြုကြဖို့ ကြိုတင်မေတ္တာရပ်ခံပါရစေခင်ဗျာ"

မျက်လှည့်ဆရာကြီးက လေသံဝဲဝဲဖြင့် ပြောဆိုနေစဉ် လူအုပ်ကြီး ရှေ့ဆုံးနေရာတွင် ထိုင်နေကြသော အမူးသမားတစ်ဦးက "စကားရှည်လိုက်တာ၊ မြွေပြမှာ ပြစမ်းကွာ" ဟု စိတ်မရှည်စွာ အော်ဟစ်ပြောဆိုလိုက်သည်။

ထိုအော်သံကြောင့် မိန်းကလေးထံမှ စူးရှသောအကြည့်တစ်ချက်သည် ထိုသူထံသို့ ကျရောက်သွားလေ၏။

မကြာမီ မိန်းကလေးသည် စည်းဝိုင်းအလယ်သို့ နေရာရွေ့၍ ရပ်လာလေရာ ထိုအခါမှ အနက်ရောင်ဝတ်စုံအောက်မှ ထိုမိန်းကလေး၏ ကျော့ရှင်းပြေပြစ်သော ကိုယ်ခန္ဓာအချိုးအစားအလှအပတို့ကို ရှေ့မြင်ရကြရာ ကြည့်နေကြသော မူရိသယောကျ်ားတဏှာတို့၏ နှလုံးသားမှာ တဒိတ်ဒိတ် အခုန်မြန်သွားကြလေ၏။

မဟူရာကေရီ ဟူသော မိန်းကလေးသည် စည်းဝိုင်းအလယ်၌

www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်လျက် ကောင်းကင်သို့ မော့ကြည့်ကာ တစ်စုံတစ်ခုကို ရွတ်ဆိုတိုင်တည်နေလေ၏။

ပြီးလျှင် စည်းဝိုင်းအပြင်ဘက်ရှိ တောစပ်ဘက်သို့ လှည့်ကာ သူမ၏ လက်ဝါးနှစ်ဖက်ကို ဖြန့်ပြီးလျှင် ဂါထာတစ်ပုဒ်ကို ရွတ်လိုက်သောအခါ တောထဲမှ တရှီးရှီးနှင့် မြွေတွန်သံများ ကြားရပြီး သစ်ပင်ဝါးပင်တို့မှာ လေတိုးသကဲ့သို့ တရှဲရှဲမြည်လာလေတော့သည်။

ခဏအကြာတွင် တောထဲမှ အလွန်ကြီးသော မြွေကြီးတစ်ကောင် ဝင်ရွေ့ရွေ့ထွက်လာပြီး စည်းဝိုင်းတွင်းသို့ ဝင်လာသည်။

မြွေကြီးမှာ နေးပုတ်ကြီးတစ်ကောင်ဖြစ်ပြီး အဆိပ်အလွန်ပြင်းသော မြွေအမျိုးအစားတွင် ပါဝင်ပေသည်။

မြွေကြီးသည် အလွန်ယဉ်ပါးသော သတ္တဝါတစ်ကောင်ပမာ မဟူရာကေရီမှူးသော မိန်းကလေးအနီးတွင် စေခိုင်းသည့်အတိုင်း တစ်သဒ္ဒေမတီမ်း ပြုလုပ်လေရာ ကြည့်နေကြသော ပရိသတ်တို့မှာ လွန်စွာသဘောကျလောသောကြောင့် ပါလာကြသော ငွေအကြွေစေ့၊ တစ်ကျပ်ပြားစေ့၊ တစ်ကျပ်တန်ပိုက်ဆံရွက်များကို စည်းဝိုင်းအတွင်း ပစ်သွင်းပေးကြလေရာ ကောင်းကင်မှ ငွေမိုးရွာချသကဲ့သို့ ရှိတော့သည်။

ကြီးမားသော မြွေကြီးသည် မိန်းကလေးလက်ဝါးပြင်ထက်မှ အမှတ်အသားကိုကြည့်ကာ ခိုင်းသမျှအတိုင်း ပြုလုပ်နေကြောင်း ရိပ်မိသောအခါ မိန်းကလေးလက်ပြင်မှ အမှတ်အသားကို သတိထား၍ ကြည့်လိုက်မိရာ အောက်ပါအမှတ်အသားကို တွေ့မြင်ရတော့သည်။



အလွန်ထူးခြားသောကြောင့် ထိုအမှတ်အသားလေးကို ကျွန်ုပ်၏ အားရှိအတွင်း၌ မှတ်သားထားလိုက်လေ၏။

မိန်းကလေးသည် ငန်းမြွေကြီးကို သားတစ်ယောက်ကဲ့သို့ ပွေ့ယူပြီး စည်းဝိုင်းအနီးသို့တိုင်အောင် လာရောက်ပြသလေရာ အနား ရောက်လာသည်နှင့် အားလုံးအထိတ်တလန့် နောက်သို့ဆုတ်ကာ ရှဲပေးကြလေ၏။

ကျွန်ုပ်အနီးသို့ ရောက်သောအခါ မိန်းကလေးနှင့် [illegible] ဆုံမိပြီး သူမက ခင်မင်ဖွယ်ရာကောင်းသော အသံဖြင့် စကားဆိုလေ၏။

"ဆရာ ဦးအောင်မင်းအောင် ဟုတ်ပါသလားရှင်"

(ကျွန်ုပ်မှာ လွန်စွာအံ့ဩသွားဖြင့်)

"ဟုတ်ပါတယ်… မိန်းကလေး ဘယ်လိုများသိပါလိမ့်"

"ဆရာနေတဲ့ အိမ်နားမှာ အချိန်မရွေး ကျွန်မ ခေါ်ပေးလို့ရနိုင်တဲ့ သတ္တဝါတွေရှိနေတာပဲရှင်"

"အလိုလေးဗျာ"

ကျွန်ုပ်မှားထဲတွင် ညအခါများတွင် ကြားရလေ့ရှိသော မြွေ ရှဉ့်သံများကို ပြန်လည်ကြားယောင်သောအခါ ကျောထဲမှ စိမ့်ခနဲ ဖြစ်သွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ဆရာ၊ သူတို့က လူကောင်းသူကောင်းတွေကို အကြောင်းမဲ့အန္တရာယ်မပေးတတ်ကြပါဘူး"

"ဒါထက် ဟိုတစ်နေ့က ကျုပ်အိမ်လိပ်စာနဲ့ စာလာဗေးကြတာ မိန်းကလေးတို့ပဲ မဟုတ်လား"

ချိုသာသော အပြုံးဖြင့် ခေါင်းညိတ်ပြရင်း...!

"ဟုတ်ပါတယ် ဆရာ၊ ချင်းပြည်နယ်ဘက်က ဆရာ့မိတ်ဆွေကြီး ရေးလိုက်တဲ့စာကို ယူဆောင်လာခဲ့ကြတာ ကျွန်မတို့ပါပဲ၊ ဒါထက် ဆရာ၊ အခု ချင်းပြည်နယ်ကို သွားဖို့ လက်မှတ်အတွက် လာတာလားဟင်"

မငြင်းသာတော့သဖြင့် ခေါင်းညိတ်ဝန်ခံလိုက်ရပေ၏။

မိန်းကလေးကျေနပ်စွာ ပြုံးလိုက်လေ၏။

"တကယ်တော့ ဆရာ အခုသွားမယ့်ခရီးဟာ ဆရာ့အတွက် သိပ်ပြီး အံ့ဩစရာလကောင်း၊ ထူးခြားမှုတွေကြုံတွေ့ရမဲ့ ခရီးဆိုက မမှားပါဘူးရှင်၊ ကောင်းသောခရီး ဖြစ်ပါစေ...

ကျွန်မတို့ချင်း နောက်တစ်ခါ ပြန်လည်ဆုံတွေ့ကြရဦးမယ်လို့ ကျွန်မစိတ်တွင်းမှာ အလိုလိုသိနေပါတယ်"

မိန်းကလေးက ထိုသို့စကားဆိုနေစဉ်မှာ သူမကိုင်ထားသော မြွေကြီးကလည်း ကျွန်ုပ်အား စူးစူးစိုက်စိုက်ငေးကြည့်နေသည်ဟု ထင်ရလေသည်။

မိန်းကလေးသည် စကားကို တခဏ ရပ်ပစ်လိုက်ပြီး ရှေ့သို့ဆက်ကာ ပြောသွားလေ၏။



ထိုအခါမှ ပရိသတ်ကြီးဆီးမှ တီးတိုးစကားဆိုသံများ ပေါ်ထွက်လာတော့သည်။

ထိုသို့ပြသနေစဉ် လူအများရှေ့တွင် ကြည့်နေကြသော အရက်နေဟန်ရှိသော လူနှစ်ဦးရှေ့သို့ရောက်သောအခါ ထိုသို့ လှမ်းပြောသ၏။

"အလကား ညာနေတာ၊ တောထဲက အဆိပ်ရှိတဲ့မြွေတွေကို ခုလိုခေါ်လို့ လာမလား၊ အခုလို ပွဲထားလို့ရော ရမတဲ့လား၊ တွေကို သက်သက်လိုက်လိမ်နေတာ"

"တော်ကြာ...မြွေဆေးရောင်းဦးမလို့ မဟုတ်လား၊ ဒါမျိုးတွေ နေပြီ ဟား...ဟား...ဟား..."

မိန်းကလေးက ထိုသူ့ရှေ့မှောက်၌ ရပ်ကာ စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်လေသည်။

"ဘာလဲ၊ မင်းက ငါပြောတာကို မကျေနပ်လို့ ကြည့်တာလားကွ၊ မင်းက ရုပ်ရည်လေးလှသလောက် မာနတော့ကြီးသားပါလား...

မိန်းကလေးမှာ လူကြားထဲ အကြောင်းမဲ့ အစော်ကားခံလိုက်ရသာကြောင့် သူမ၏ နုနယ်လှပသော မျက်နှာလေးပေါ်တွင် ရှက်ဒေါသစိတ်ကြောင့် ခဏချင်း နီလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကြည့်မရှိသတ်များကတော့ ဘာများဆက်ဖြစ်ကြလေမယ် ဟူသော စိတ်ဝင်စားမှုဖြင့် တိတ်ဆိတ်စွာ စောင့်ဆိုင်းကြည့်ရှုနေကြ လေ၏။

"ရှင် စော်ကားလှချည်လား၊ ဘာကြောင့် သူ့တစ်ပါး လုပ် ငန်းကို အကြောင်းမဲ့ စော်ကားနှောင့်ယှက်ချင်ရတာလဲ"

"စော်ကားတာ မဟုတ်ပါဘူး၊ ဘသိန်းက ရင်ထဲမှာ ရှိတဲ့ အတိုင်း မင်းကို တကယ်ချစ်လို့ ပြောတာပါကွယ်၊ တကယ်လို့ မင်းကသာ ခွင့်ပြုမယ်ဆိုရင် မင်းလက်ထဲက မြေဆိုးကြီးကို ကိုင်ပြ ပါ့မယ်၊ တကယ်လို့ မယုံဘူးဆိုရင် စောစောကပြောတဲ့ လောင်း ကြေးကိုတော့ လက်ခံရမယ်နော်"

"ကောင်းပြီလေ၊ ရှင် ပြောတာကို ကျွန်မလက်ခံပါတယ် ဒါပေမယ့် ရှင့်ကို တစ်ခုတော့ကြိုပြီး သတိပေးလိုက်မယ်။ လူဖြစ်ဖြစ် တိရိစ္ဆာန်ဖြစ်ဖြစ် သူ့စည်းကိုယ်စည်းဆိုတာတော့ ရှိကြတယ်။ အဲ စည်းကို မချိုးဖောက်ကောင်းဘူး၊ အခုနေ ရှင် ဒီစည်းဝိုင်းတွင်းကို ဝင်လာမယ်ဆိုရင် ကျွန်မရဲ့ စည်းကို ရှင် ဖောက်တာပဲ…

ဒါပေမယ့် ကျွန်မကိုင်ထားတဲ့ မြွေဟာ ရှင် ထင်သလို ကျွန်မ ပိုင်တဲ့ မြွေတစ်ကောင် မဟုတ်သလို မွေးထားတဲ့ မြွေတစ်ကောင် မဟုတ်ဘူး…

ကျွန်မ ကိုင်ခွင့်ရှိသလို ရှင်အပါအဝင် အားလုံးကိုင်ခွင့်ရှိ ပါတယ်၊ ဖြစ်လာတဲ့အကြောင်းကတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပေါ့လေ



တကယ်လို့ ရှင်ဟာ ဒီစည်းဝိုင်းထဲမှာ တစ်စုံတစ်ခုဖြစ်သွားရင်တော့ ကျွန်မတာဝန် မဟုတ်ဘူးဆိုတာတော့ အားလုံးသိအောင် အများရှေ့မှာ ကြိုပြောထားပါရစေ"

မိန်းကလေးက ထိုသို့ပြောနေစဉ် မျက်လှည့်ဆရာကြီးက စည်းဝိုင်းတွင်းသို့ ပစ်ထားသော ငွေအကြွေစေ့နှင့် ကျပ်ချေကျပ်တန် ငွေစက္ကူများကို လိုက်လံသိမ်းဆည်းနေလေ၏။

မိန်းမကြီးက အခြားပစ္စည်းများကို သိမ်းဆည်းနေ၏။ သူတို့ သည် ထိုကိစ္စနှင့် ပတ်သက်ပြီး ဘာမှမသက်ဆိုင်သလို အေးအေး ဆေးဆေးပင် သူတို့လုပ်ရမည့်အလုပ်ကို သူတို့ ဆက်လုပ်နေလေ၏။

မိန်းကလေးက ဆက်ပြောလေသည်။

"ဒီပွဲဟာ ရှင်နဲ့ ကျွန်မတို့ရဲ့ မညာစိမ်ခေါ်ပွဲတစ်ခုပေါ့ရှင်၊ လောင်းကြေးကတော့ ကျွန်မ ရှုံးရင် "အရှက်" နဲ့ လဲရပြီး တကယ်လို့ ရှင် ရှုံးရင်တော့ "အသက်" နဲ့ လဲရမယ်ဆိုတာတော့ မမေ့စေချင်ပါ ဘူး၊ ကဲ…ကျွန်မ ဒီမြွေကို လွှတ်လိုက်တော့မယ်…

အခုအချိန်ကစပြီး သူဟာ တောထဲက မြွေတစ်ကောင်ပြန်ဖြစ် သွားပြီ၊ ကျွန်မတို့နဲ့ လုံးဝမသက်ဆိုင်တော့ပါဘူးရှင်…ကဲ…ရှင့် သဘောပဲ"

ထိုသို့ပြောပြီး မိန်းကလေးက မြွေကြီးကို စည်းဝိုင်းအလယ်တွင် ချထားပေးပြီး ထိုနေရာမှ ထွက်သွားရန်ပြင်သောအခါ…

"ဟေ…ဟေ ဘယ်မသွားနဲ့ ဦးလေ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြေးထပ်ထားတာ မပြီးသေးဘူး၊ မင်းကတိအတိုင်း ဒီမြွေကို ငါကိုင်နိုင်ရင် မင်းကို ငါရမှာကွ"

မြွေပွေးဘသိန်းက လှမ်းအော်ပြောလေသည်။

ထိုအခါ မိန်းကလေးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီးလျှင်...

"ကျွန်မက မိန်းမသားတစ်ယောက်ဖြစ်ပေမယ့် ကတိမပျက်ပါဘူးရှင့်၊ ဘယ်ကိုမှ ထွက်မသွားပါဘူး၊ ရှင့်ကို ဟိုညောင်ပင်အောက်မှာ အမောဖြေရင်း ခဏကလေး စောင့်နေပါ့မယ်၊ ရှင် ဒီမြွေကိုယူပြီး ကျွန်မဆီ လိုက်လာခဲ့ပေါ့"

ဟု ဆိုကာ သုံးယောက်စလုံး စည်းဝိုင်းတွင်းမှ ပစ္စည်းများကို သိမ်းကာ မလှမ်းမကမ်း၌ရှိ ညောင်ပင်ရိပ်ရှိရာသို့ အေးဆေးသော အမူအရာဖြင့် လှမ်းထွက်သွားကြလေ၏။

ကျွန်ုပ်သည်လည်း ပွဲကြီးပွဲကောင်းတစ်ခုကို ကြည့်နေရသည့်အလား ဆက်လက်ကြည့်နေမိတော့သည်။

အခြားပရိသတ်များကလည်း "မြွေပွေးဘသိန်း" အမည်ရှိ ထိုသူ ဘာဆက်လုပ်မည်ကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြကာ မျက်လှည့်ပွဲသိမ်းသော်ငြားလည်း လူစုမကွဲသွားကြသေးပေ။

စည်းဝိုင်းအလယ်တွင် မိန်းကလေးချထားခဲ့သော မြွေကြီးက ခွေလျှက် ငြိမ်သက်နေပြီး ခဏကြာသောအခါ ခေါင်းထောင်၍ စတင် လှုပ်ရှားလာလေ၏။

ထိုအချိန်တွင် အတန်ငယ်အရက်မူးနေသော မြွေပွေးဘသိန်း



ဆိုသူသည် ဒယိမ်းဒယိုင်ဖြင့် စည်းဝိုင်းအတွင်းရှိ မြွေကြီးရှိရာသို့ လျှောက်သွားလေ၏။

မြွေကြီးသည် အနီးသို့ လူရိပ်တိုးကပ်လာသောအခါ ရှူးကနဲ အသံတစ်ချက်ပေးပြီး ခေါင်းထောင်ထလိုက်ရာ ကြီးမားသောပါးပျဉ်းကြီးနှင့် အပေါ်သို့ သုံးတောင်ခန့် မြင့်တက်လာလေ၏။

ထိုအခြင်းအရာကို မြင်ရသောပရိသတ်မှာ "ဟာ" "ဟယ်" ဟူ၍ အာမေဋိတ်သံများ ပေါ်ထွက်လာကြသည်။

မိန်းကလေးလက်တွင်း၌ စောစောက ရှိနေစဉ် အဆိပ်မရှိသော မြွေတစ်ကောင်ပမာ ငြိမ်သက်လျက်ရှိသော ထိုမြွေကြီးမှာ ယခုတော့ ကြောက်စရာကောင်းလောက်အောင် ပါးပျဉ်းထောင်ထလာခဲ့ချေပြီ။

ပါးပျဉ်းခွက်လိုက်သောအခါမှ ထိုပါးပျဉ်းပေါ်တွင် မိန်းကလေး လက်ဝါးပြင်၌ တွေ့ရသော အမှတ်အသားမျိုး ထင်ထင်ရှားရှား ပေါ်နေသည်ကို ကျွန်ုပ်သတိပြုမိလေ၏။

မြွေပွေးဘသိန်းသည် နှုတ်မှ တစ်စုံတစ်ရာကို ရွတ်ဖတ်ပြီး မြွေကြီး ဦးခေါင်းပေါ်မှ လက်မိုးလိုက်သည်နှင့် ရှီးကနဲ တစ်ချက် လှမ်းပေါက်လိုက်လေသည်။

အရက်မူးနေသော မြွေပွေးဘသိန်းသည် မိန်းကလေးကို ပိုင်ဆိုင်လိုဇောဖြင့် နောက်တစ်ခါ မြွေကြီး၏ ခါးကို ဆွဲယူလိုက်သည်နှင့် ဝဲခနဲပေါက်လိုက်သောမြွေကြီး၏ ငေါ်ထွက်နေသော အစွယ်နှစ်ချောင်းကား မြွေပွေးဘသိန်း၏လည်ပင်းသို့ တည့်တည့်မတ်မတ်ကြီး စိုက်

www.burmeseclassic.com

www.burmeseclassic.com



[illegible]သွား [illegible] မြေမြူးအသိမ်းမှာ အားခနဲသာ တစ်ချက်အော်နိုင်ပြီး [illegible]သို့ မျောချသွားလေတော့သည်။

[illegible]ကြည့်နေကြသော လူအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်နေကြစဉ် [illegible]ကြီးသည် လာလမ်းအတိုင်း တောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ ကျွန်ုပ်သည် စောစောက မိန်းကလေးထိုင်နေသော ညောင်ပင်အောက်သို့ လှမ်းကြည့်လိုက်သောအခါ မြေလျှိုးမိုးပျံသွားသည့်အလား အစအနမျှပင် မတွေ့ရတော့ဘဲ ပျောက်သွားကြလေတော့သည်။



## ထူးဆန်းသောအိပ်မက်

ထိုအကြောင်းများကား အိမ်သို့ရောက်သည့်တိုင် ကျွန်ုပ်ခေါင်းထဲ၌ မြမြထင်ထင် စွဲမှတ်မိနေပေတော့သည်။

မဟူရာကေရီ သို့မဟုတ် အနက်ရောင်မြွေမင်းသမီး သူမသည် သူတစ်ယောက်မှ ဟုတ်ပါလေစ ဟူသော အတွေးများက ခေါင်းထဲသို့ အကြိမ်ကြိမ်ဝင်ရောက်လာလေ၏။

"အို…ငါနဲ့ ဘာဆိုင်တာမှတ်လို့"

ဟူ၍ အားတင်းဖြေဖျောက်သော်လည်း ခဏသာပင် အတွေးခိုရိပ်၌ ထိုမိန်းကလေး၏ လှပချောမွေ့သော မျက်နှာလေးနှင့် သူမ၏ ချိုလွင်သောအသံကလေးကိုသာ ကြားယောင်မြင်ယောင်နေမိတော့၏။

ခဏချင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းမှာ သာမန်လူသားတွေမှ ဟုတ်ပါလေစ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်ုပ်သည် စာအုပ်စင်ထက်မှ မြွေနှင့်ပတ်သက်၍ ရေးသားပြုစုထားသော ကျမ်းစာအုပ်များကို ရှာဖွေဖတ်ရှုရလေ၏။

"မြွေ" ဟူသော အမည်သည် မြွေအားလုံးနှင့် သက်ဆိုင်သော သာမညဝေါဟာရတစ်ခုဖြစ်ပေ၏။

ဝိသေသနနှင့် ယှဉ်သော မြွေပွေး၊ မြွေဟောက်ဟူ၍ အမည်များစွာတို့ ကွဲပြားခြားနားစွာ ရှိကြလေ၏။

မာဂဓဝေါဟာရတွင် မြွေနှင့်ပတ်သက်၍ (၁၈) မျိုးကို ပြဆိုထားပေ၏။

၁။ အာသီဝိသ = လျင်သောအဆိပ်ရှိသောကြောင့် မြွေ၊ အဆိပ်ပြင်းသော မြွေများနှင့် သက်ဆိုင်လေ၏။

၂။ ဘုဇင်္ဂ = ကောက်တကျစ် တွန့်လိမ်သွားတတ်သောကြောင့် မြွေ၊ မြွေအားလုံးနှင့် သက်ဆိုင်၏။

၃။ အဟိ = ပြေးသွားတတ်သောကြောင့် မြွေ၊ မြွေအားလုံးနှင့်ဆိုင်၏။

၄။ ဘုဇဂ = ဘုဇင်္ဂနှင့်ဆိုင်၏။ မြွေအားလုံးနှင့် ဆိုင်လေ၏။

၅။ ဘုဇင်္ဂမ = ဘုဇင်္ဂနှင့်ဆိုင်၏။ မြွေအားလုံးနှင့် ဆိုင်လေ၏။



၆။ သရီသပ = အသံပြုပြီးသွားတတ်သောကြောင့် မြွေ၊ ရှူးရှူးမြည်သံ အမှတ်သံကို ယူ၍ရှိ၏။

၇။ ဖဏီ = ပါးပျဉ်းရှိသောမြွေ၊ မြွေဟောက်၊ ငန်းမြွေ၊ ငန်းပုတ်၊ တောကြီးမြွေဟောက်တို့နှင့်ဆိုင်၏။

၈။ သပ္ပ = မြေကြီးနှင့် ရင်ဘတ် ထိအပ်သွားခြင်းကြောင့် မြွေ၊ မြွေအားလုံးနှင့် ဆိုင်လေ၏။

၉။ အလဂဒ္ဒ = လျင်စွာသွားလာတတ်ခြင်းကြောင့် မြွေ၊ မြွေအားလုံးနှင့် ဆိုင်လေ၏။

၁၀။ ဘောဂီ = ပါးပျဉ်းနှင့် ယှဉ်သော ကိုယ်ရှိသောကြောင့် မြွေပါးပျဉ်းထောင်တတ်သော မြွေအားလုံးတို့နှင့် ဆိုင်လေ၏။

၁၁။ ပန္နဂ = ခြေမရှိ၊ ခြေဖြင့် မသွားတတ်သော မြွေ၊ မြွေအားလုံးနှင့် ဆိုင်လေ၏။

၁၂။ ဒွိဇိဝှ = လျှာနှစ်ခွရှိသောကြောင့် မြွေ၊ မြွေအားလုံးနှင့် ဆိုင်လေ၏။

၁၃။ ဥရဂ = ရင်ဘတ်ဖြင့် သွားတတ်သော မြွေ၊ မြွေအားလုံးနှင့် ဆိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၄။ ဝါဠု(ဖျာ၀ေ) = အထူးသဖြင့် အသက်ကို ဖမ်းယူတတ်သောကြောင့် မြွေ၊ အဆိပ်ပြင်းသော မြွေအားလုံးနှင့် ဆိုင်၏။

၁၅။ ဒီဃ = ကိုယ်နေရှည်လျားသောကြောင့် မြွေ၊ မြွေအားလုံးနှင့်ဆိုင်လေ၏။

၁၆။ ဒီဃပိဋ္ဌိက = ရှည်လျားသော ကျောက်ကုန်းရှိသောကြောင့် မြွေ၊ မြွေအားလုံးနှင့်ဆိုင်လေ၏။

၁၇။ ပါဒူဒရ = ဝမ်းဗိုက်သာလျှင် ခြေရှိသောကြောင့် မြွေ၊ မြွေအားလုံးနှင့် ဆိုင်လေ၏။

၁၈။ ဝိသဓရ = အဆိပ်ကို ဆောင်တတ်သောကြောင့် မြွေ၊ အဆိပ်ရှိ မြွေအားလုံးနှင့် သက်ဆိုင်လေ၏။

ဤမြွေ (၁၈) မျိုးကို မာဂဓအဘိဓာန်က ပြဆိုထားလေ၏။ သို့စေကာမူ ကောသလမင်းကြီးအား မြတ်စွာဘုရား ဟောကြားတော်မူသော လေးလေးစားစား ပြုကျင့်ရမည့် အရာလေးမျိုးတွင် မြွေသည် ပထမဦးဆုံးပါဝင်လေ၏။ ပမာမခန့်မပြုရာသော(၄)မျိုးကား

(၁) အဆိပ်ရှိသောမြွေ

(၂) မီး

(၃) အခြံအရံရှိသောမင်း

(၄) အကျင့်သီလရှိသော ရဟန်း



ဤလေးမျိုးကား ပမာမခန့် မလေးမစားပြုမိပါက…

မြွေကိုက်၍ အသက်ဆုံးနိုင်သည်။

မီးလောင်၍ မွဲပြာကျနိုင်သည်။

မင်းပြစ်မင်းဒဏ်သင့်၍ ဒုက္ခရောက်နိုင်သည်။

သံသရာတစ်လျှောက်လုံး ဆုံးရှုံးနစ်နာ နိုင်လေ၏။

ထို့ကြောင့် မန်လည်ဆရာတော်ဘုရား ရေးသားအပ်သော မာဃဒေဝလင်္ကာ၌…

"ဆင်မြန်ဝှန်ဆူ၊ အဆိပ်ဟူသည်၊ သင့်သူမှုသာ၊ သေသတ်စွာ၏။

သမဏာဖြဟ္မဥဏာ၊ အရိယာနှင့် သင်္ဃာရဟာန်း၊ ကျင့်ခန်းပြတ်သူ၊ အဆိပ်မူကား၊ ရှင်လူဂုဏ်ပင်း၊ ရွှေသင်ဝင်းနှင့် မကျွင်းပျက်စီး၊ လောင်သည့်မီးသို့၊ သေပြီးဆက်ဆက်၊ ငရဲကျက်၏"

ဟူ၍ ဖော်ပြထားလေ၏။

ကမ္ဘာပေါ်၌ လူအမျိုးပေါင်းမြောက်မြားစွာ ရှိသကဲ့သို့ မြွေအမျိုးပေါင်းမြောက်မြားစွာလည်း ရှိနေပေ၏။

မှတ်တမ်းများအရ မြွေအမျိုးပေါင်း (၁၇၀၀)ကျော်ခန့် ရှိနေပေ၏။ ယင်းတို့အနက်(၃၀၀) ကျော်တို့ကား သူ၏အသက်ကို သေစေနိုင်၏။

မြွေ၏ ပဓာနမျိုးရင်းမှာ (၉) မျိုးခန့်သာရှိလေ၏။ ယင်း (၉) မျိုးတို့တွင် မြွေမျိုးရင်း (၇) မျိုးတို့၌ အဆိပ်ရှိကြလေ၊

www.burmeseclassic.com

www.burmeseclassic.com



မြွေမွေးမျိုးနွယ် အမျိုးပေါင်း (၁၀၀)ရှိလေရာ ၄င်းတို့အားလုံး လူ၏အသက်ကို သေစေ၏။

မြွေဟောက်၊ ငန်းတော်ကျား စသော ကုန်းပေါ်နေသော မြွေ (၁၉၀)ခန့် တို့သည်လည်း လူအစရှိသည်တို့ကို ဒုက္ခပေးနိုင်ပါ၏။

ပင်လယ်မြွေအမျိုးအစားတွင် ပါဝင်သော ဂျပ်မြွေ (၅၅)မျိုးခန့် ရှိလေရာ အားလုံးအဆိပ်ပြင်းကြပေ၏။

ယင်းမြွေဆိုးများမှအပ ကျန်မြွေအမျိုးပေါင်း (၃၀၀) ကျော်ခန့်တို့သည် လူကို တမင်ရန်မရှာတတ်ကြသော်ငြားလည်း ၄င်းတို့တဲ့တွေးအား လူကိုအဆိပ်အတောက် ဖြစ်စေနိုင်ပါသည်။

ထို့အပြင် အလွန်ကြီးမားသော မြွေကြီးများအကြောင်းကိုလည်း ကျွန်ုပ်ကြားခဲ့ဖူးပေ၏။

ချောင်းထဲဖြတ်ကူးသော ဆင်အား ခြေထောက်ကို ဆွဲယူရစ်ပတ်သွားသော ဆင်မျှော့ဟုခေါ်သော မြွေအမျိုးအစားကို မြွေနဂါးဟူ၍ ခေါ်ကြသည်။

ယခင်တစ်ကြိမ်က ချင်းတွင်းဘက်ရောက်ခဲ့စဉ်က သစ်ဖောင်သမားအချို့ပြောပြသော အတွေ့အကြုံမှာ သစ်ဖောင်မျှော ချလာစဉ် ရေလည်ခေါင်တွင် သစ်တုံးကြီးကဲ့သို့ ကန့်လန့်ခံနေသော မြွေကြီးတစ်ကောင်အကြောင်း….

ဒုတိယကမ္ဘာစစ်အတွင်းက လီဒိုတောင်ပေါ်မှာ မြွေကြီးတစ်ကောင်ကို လေယာဉ်ဖြင့် ဗုံးကြဲသတ်ဖြတ်ပြီး အသားပိုင်းအများကို



အနီးဝန်းကျင်မှ ရွာသူရွာသားများ မျှဝေယူကြရာ တစ်ပိုင်းမျှပင် နွားတစ်တွဲခန့် ကြီးမားသောဟူ၏။

သမုဒ္ဒရာထဲတွင် အကြီးမားဆုံးဝေလငါးကြီးကိုပင် ခေါင်းမှ ရစ်ပတ်၍ သတ်ဖြတ်နိုင်သော 'ညီ' သတ္တဝါကြီးများသည် အလံ တစ်ရာနှစ်ရာရှည်သော ပင်လယ်မြွေအမျိုးအစားတွင် ပါဝင်လေ၏။

ကျွန်ုပ်သည် စာအုပ်ထဲတွင်ပါဝင်သော မြွေနှင့်ပတ်သက်သော အကြောင်းများရေးထားသည့် စာပေများကို လေ့လာဖတ်ရှုပြီးနောက် ညဉ့်နက်သောအခါ အိပ်ရာဝင်ရန်မြင်ခိုက် အပြင်ဘက်မှ မြွေတွန်သံများကို ကြားရသောကြောင့် တိုးအောင်ကို အိမ်တံခါးများလုံခြုံအောင် ရှေ့တစိုက်ပိတ်ရန် မှာကြားပြီးနောက် အိပ်ရာဝင်ခဲ့၏။

ထိုညတွင် ကျွန်ုပ်သည် အလွန်ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။

အိပ်မက်ထဲတွင် ကျွန်ုပ်ဆီသို့ မြွေကြီးတစ်ကောင်ရောက်လာပြီးနောက် ကြည့်နေရင်းမှာပင် တစ်စတစ်စလူအသွင်ပြောင်းသွားလေရာ မဟူရာကေရီဆိုသော မိန်းမချောကလေးကို အိပ်မက်ထဲတွင် တွေ့ရလေသည်။

အိပ်မက်ထဲ၌ သူမက ကျွန်ုပ်အား အောက်ပါစကားများကို ပုံပြင်တစ်ပုဒ်လို ပြောကြားလေ၏။

သူမသည် အခြားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအတိတ်ဘဝက တိုင်းပြည်ကို အုပ်ချုပ်စိုးစံခဲ့သော အနုရာဓ ဘုရင်မတစ်ပါး ဖြစ်ခဲ့ကြောင်း.....

သူမချစ်သူနှင့် လက်ထက်ပေါင်းဖက်ခဲ့ရပြီး ဘဝတစ်ပါး ပြောင်းခဲ့ရပြီးနောက် ဘဝ၌ ပြန်လည်ဆုံတွေ့ကြရန် ဆုပန်ခဲ့ကြသဖြင့် ယခုသူမသည် အတိတ်ဘဝမှ ဆုပန်ခဲ့သည့်အတိုင်း ဘဝဟောင်းက ချစ်သူကို လှည့်လည်ရှာဖွေလျက်ရှိကြောင်း....

သူမသည် အနုရာဓ နက္ခတ်စောင့်နတ်သားမှ ပေးသနား၍ မွေးဖွားခဲ့သော နတ်မင်း၏ သမီးတော်တစ်ပါးဖြစ်ခဲ့ခြင်းကြောင့် လက်ဝါးပြင်၌ ပါလာသော ရှေ့ဒါအမှတ်အသားက အတိတ်ဘဝမှာပင် ပါလာခဲ့ပြီး ယခုဘဝမှာလည်း ဆက်လက်ပါလာခဲ့ကြောင်း....

သူမ၏ ရင်ညွန့်ထက်တွင် နဂါးလည်ဆစ်သဏ္ဍာန်နက္ခတ် အမှတ်အသားတစ်ခုပါသောကြောင့် မြွေများကို လာစေလိုက လာနိုင်ပြီး ပြန်စေလိုက ပြန်နိုင်ရန် တန်ခိုးသတ္တိများရှိကြောင်းများကို ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ပြောကြားလေ၏။

ဆရာ ထမ်သီကို ရောက်တဲ့အခါ ဆရာလိုချင်တဲ့ ပစ္စည်းတစ်ခုကို လိုက်ရှာရင်း ထမ်သီတောထဲသို့ အရောက်လာပါက မဟူရာ ဇေကရီဟူ၍ အမည်ရှိသော အကျွန်ုပ်အား တစ်ကြိမ်ပြန် လည်တွေ့ဆုံနိုင်ပါကြောင်း....

လာရောက်ပြောကြားပြီး အိပ်မက်ရာမှ လန့်နိုးသွားလေ၏။

ထိုညတွင် အိမ်ပတ်ဝန်းကျင်တစ်ပိုက်မှ မြွေတွန်သံများ



ကြားနေရသောကြောင့် ဆက်လက်မအိပ်လိုတော့သဖြင့် မောင်တိုးအောင်အား ကော်ဖီခါးခါးတစ်ခွက်ဖျော်ခိုင်းပြီး ရှည်လျားသော ညဥ့်တာရှည်မှုကို ကုန်ဆုံးသွားစေ၏။

ထမ်သီ (သို့မဟုတ်) သမန်းကျားရွာ

အားလုံးအစီအစဉ်များ ပြုလုပ်ပြီးလျှင် လေယာဉ်လက်မှတ်ရသောညတွင် ကျွန်ုပ်သည် ခရီးထွက်ရန် ပြင်ဆင်ရလေ၏။

ထိုရက်များအတွင်း၌ မဟူရာဇေကရီကိုသော်လည်းကောင်း၊ သူမနှင့်စပ်လျဉ်းသောအကြောင်းများအား ထပ်မံ၍ မကြားရ၊ မတွေ့ရတော့ပေ။

ကျွန်ုပ်မိတ်ဆွေကြီး ဦးဇော်ခွန်ရှိရာ တနိုင်းကား လွန်စွာမှ သွားရေးလာရေးမလွယ်ကူသော အရပ်ဒေသတစ်ခု ဖြစ်ပေ၏။

ခန္တီးသို့ လေယာဉ်လမ်းတစ်ခုသာပေါက်ပြီး အခြားမည်သို့မျှ သွား၍ မရနိုင်လေရာ ပထမအစီအစဉ်အရ ခန္တီးသို့ လေယာဉ်ဖြင့် အရောက်သွားရလေ၏။

ခန္တီးမှတစ်ဆင့် ချင်းတွင်းမြစ်ရိုးအတိုင်း တနိုင်းသို့ရောက်အောင် လှေဖြင့် လူကြုံလိုက်ရလေ၏။

ချင်းတွင်းမြစ်ကား ရေစီးအလွန်သန်လေရာ အစုန်ခရီးပေမို့ တနိုင်းသို့ နေ့ချင်းရောက်လေ၏။

ရန်ကုန်မြို့တွင်အနေကြာလာပြီး တောတောင်သဘာဝ ရှုခင်းများနှင့် အတန်ကြာအောင်ဝေးကွာလာခဲ့ရာမှ ပတ်ဝန်းကျင်မှ သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



တောတောင်ရှုခင်းများနှင့် ထိတွေ့သောအခါ စိတ်အစဉ်မှာ လန်းဆန်းကြည်နူးလျက် ရှိပေ၏။

ထိုအချိန်၌ ကျွန်ုပ်၏စိတ်တွင်းတွင် မဟူရာကေရီနှင့် စပ်လျဉ်းသောအကြောင်းများသည်လည်းကောင်း၊ အခြားစိတ်ညည်းညူဖွယ်ရာအကြောင်းများသည်လည်းကောင်း မေ့လျော့နေလျက်ရှိပေ၏။

ယခင်က မြစ်ကြောင်းခရီးသွားလာရာ၌ လှေကိုစီး၍ သွားဖူးခဲ့သော်ငြားလည်း ယခုတစ်ကြိမ် လှေစီး၍ သွားရာ၌ စိတ်အစဉ်မှာ လန်းဆန်းတက်ကြွလျက် ရှိပေ၏။

တနိုင်းခဟူခေါ်သော ချင်းတွင်းကို အဓိပ္ပာယ်ပြန်ရလျှင် ချင်းတွင်း (ချင်း = ချင်းအမျိုးသားများနေထိုင်ရာတောင်၊တွင်း=ရေ) အဓိပ္ပာယ်အပြည့်အစုံမှာချင်းတောင်တန်းမှ ဖြတ်သန်းစီးဆင်းလာသောမြစ်ဟူ၍လည်း အဓိပ္ပာယ်ရှိလေ၏။

ထို့အပြင် ထိုချင်းတွင်းကိုပင် သလ္လာဝတီမြစ်ဟူ၍လည်း ရှေးကစတင်၍ ခေါ်ခဲ့ကြသေး၏။

သလ္လာ = မြား၊ ဝတီ = ရေ = မြားကဲ့သို့ တစ်ဟုန်ထိုးစီးဆင်းသည့်ရေ၊ တစ်နည်းဆိုရသော် ရေစီးအလွန်သန်သောမြစ်ကြီးဟူ၍ပင် ဖြစ်၏။

မိုးအခါများတွင် ချင်းတွင်းကို အထက်ဆန်ဖို့ရာမလွယ်ကူပေ။

တောင်ကျရေ၊ မိုးရေမဆင်းသောနွေကာလများတွင်သာ အထက်သို့ အတန်အသင့် ဆန်တက်နိုင်ပေ၏။



တနိုင်းခမြစ်ကြီးအတိုင်း အကွေ့အကောက်များကို ဖြတ်သန်း၍ မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၃၃ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီအတွင်းမှ စတင်ပြီး မြောက်သို့. . .

မြောက်မှ အနောက်မြောက်သို့၊ အနောက်မြောက်မှ တောင်သို့ မှန်ဆင်းနေခြင်းဖြစ်၏။ မကြာမီ ကျွန်ုပ် စီးနင်းလိုက်ပါလာသောလှေကလေးသည် တနိုင်းမြို့ဆိပ်ကမ်းသို့ ရောက်ခဲ့လေပြီ။

ယခင်တစ်ကြိမ် ရောက်ခဲ့စဉ်က မှတ်သားထားခဲ့သော မှတ်တမ်းများအရ တနိုင်းမြို့သည် ကချင်ပြည်နယ်အတွင်း၌ ပါဝင်ပြီး မြောက်ဘက်တွင် စစ်ကိုင်းတိုင်း၊ ခန္တီးမြို့နယ်၊ အနောက်မြောက်ဘက်တွင် နန်းယွန်းမြို့နယ်၊ တောင်ဘက်တွင် ကာမိုင်းမြို့နယ်၊ (ကာမိုင်းမြို့နယ်ကို ကာမိုင်း လည်း ဒေသခံအချို့က ခေါ်ကြပေ၏။) အရှေ့ဘက်တွင် မြစ်ကြီးနားမြို့နယ်။

အရှေ့မြောက်ဘက်တွင် ပူတာအိုမြို့နယ်များနှင့် ဆက်စပ်လျက်ရှိလျက်ရှိပေ၏။

မြေအနေအထားအရ ဟူးကောင်းချိုင့်ဝှမ်းဒေသဖြစ်လေရာ ရာသီဥတုကြွမ်းတမ်းလှပေ၏။

ပူပြီဆော့ဆိုလျှင် နွေထက် ပိုပူပြီး အေးလျှင်လည်း ဆောင်းထက်အေးတတ်လေသည်။

ရှေးယခင်က ထိုဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်ဒေသ၌ ရှိ၏

www.burmeseclassic.com



ရွဲရာ ချောက်ရမ်းဟု ခေါ်တွင်သော နာဂလူမျိုးများသာ အခြေစိုက် နေထိုင်ကြလေသည်။

ဟူးကောင်းဟူသော အဓိပ္ပာယ်အား (ဟူး=ဦးခေါင်း၊ကောင်း =စည်တော်) ဟူ၍ဖြစ်ရာ စည်တော်ဦးခေါင်းပြုရာအရပ်ဟူ၍ အဓိပ္ပာယ် ရလေ၏။

မြို့ဟူ၍ ခေါ်သော်လည်း ရွာကြီးတစ်ရွာမျှသာ ရှိပေ၏။

ကျွန်ုပ်သည် ထိုအချိန်က ဆောင်းအကုန် နွေအကူး ဖေဖော် ဝါရီလထဲတွင် ဖြစ်သော်ငြားလည်း တနိုင်း၏ ညနေစောင်းတွင် နှင်း မှုန်နှင်းစက်များဖြင့် ထွေးပွေ့ထားလေ၏။

ကျွန်ုပ်သည် ယခင်က တစ်ကြိမ်၊ နှစ်ကြိမ် ရောက်ဖူးသေ ကြောင့် တနိုင်းရွာကြီး၏ မြစ်ကမ်းဘက်တွင် နေထိုင်လျက်ရှိသေ မိတ်ဆွေကြီး ဦးဇော်ခွန်အိမ်ရှိရာသို့ တန်း[illegible]မတ်မတ် သွားနိုင် ပေသည်။

ဦးဇော်ခွန်သည် ကျွန်ုပ်အား တွေ့မြင်သောခါ ကွဲကွာနေသေ မိတ်ဆွေဟောင်းတစ်ဦးကို ရုတ်တရက် ပြန်လည်တွေ့ရသဖြင့် လွှ ဝမ်းသာလှိုက်လှဲသောအမူအရာဖြင့် ဖက်လဲတကင်း ဆီးကြိုလေ

သူသည် အသက် ငါးဆယ်ကျော်အရွယ်ရှိသော်လည်း အ အမောင်း အလုံးအထည်၊ တောင့်တင်းကြံ့ခိုင်သော ချင်းအမျိုးသာ တစ်ဦးဖြစ်ပေ၏။



ရွာစွန်ဘက်တွင် အိမ်တစ်လုံးဖြင့် တစ်ကိုယ်တည်း နေထိုင်သူ ခင်ရကား လွတ်လပ်စွာ တည်းခိုနေထိုင်ရပေ၏။

ညဘက်ရောက်သောအခါ ဦးဇော်ခွန် စီစဉ်ပေးသည့် ခေါင် ။ ဆတ်သားခြောက်မီးဖုတ်နှင့် ကောက်ညှင်းကျည်တောက် မုန့်ညင်း ဥ အစရှိသည်တို့ကို ညစာအဖြစ် စားသုံးရလေရာ အလွန်ခံတွင်း ခဲလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ထိုည၌ အနားယူခြင်းမရှိကြဘဲ ရှေ့ဖြစ် ဆက်ကြောင်းများ ပြောဆိုနေကြလေ၏။ ည၌အတော်နက်သောအခါ င်းမှုန်နှင့် နှင်းစက်များ လွန်စွာကျဆင်းလာသောကြောင့် မီးဖိုကြီး င် ဖိုထားရ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် ဦးဇော်ခွန်တို့မှာ လိုအပ်သော ဘ်နက်၊ ရိက္ခာပစ္စည်းများကို ယူဆောင်ကာ ထမံသီရွာသို့ ခရီး ထ်ရပြန်လေ၏။

ဦးဇော်ခွန် ကြိုတင်စီစဉ်ထားသည့် လှေတစ်စင်းနှင့်ပင် ချင်း င်းမြစ်အတိုင်း ခရီးဆက်ကြရခြင်းဖြစ်၏။

နံနက်လင်းစနှင့် နှင်းမှုန်နှင်းစက်များအောက်တွင် ကမ်းစပ်၌ ဆင်းချိုးနေသော ဆင်အချို့ကို လှမ်းမြင်ရလေရာ ကျွန်ုပ်က မေးမိ ည်။

"ဒါက လူတွေမွေးထားတဲ့ ဆင်တွေလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာရဲ့၊ တောထဲမှာနေတဲ့ သဘာဝတိရစ္ဆာန်တွေပါ၊ ဒါထက် စကားမစပ် ပြောရဦးမယ်၊

အဲဒီဆင်တစ်ကောင်လုံးကို ရေထဲဆွဲနစ်သွားနိုင်တဲ့ မြွေတစ်မျိုးရှိသဗျ၊ သူက ခေါင်းမှာ အမောက်ပါပြီးနေတော့ ရေထဲမှာနေတာမှာ ဒီကောင်တွေက ကိုက်ရင်လဲ သေတယ်၊ ပတ်ထားပြီး သွေးစုပ်လိုက်ရင်လဲ သေတာပဲ၊ သွေးစုပ်မြွေကြီးတစ်မျိုးပေါ့"

ထိုစကားကြောင့် ကျွန်ုပ်မှာ ရေပြင်အထက် နှစ်တောင်ခန့်ပင် အမြင့်ရှိသည့် လှေပေါ်၌ နေရသည်ကိုပင် စိုးရိမ်စိတ်ဝင်လာမိတော့သည်။

ဆင်တစ်ကောင်လုံးကိုပင် သွေးစုပ်၍ သေအောင် စွမ်းနိုင်လျှင် လူတစ်ယောက်ဆိုပါက ခဏချင်း အသက်ပျောက်သွားရော့မည်။

ထို့ပြင် ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်းဖြစ်သော ရွှေကူမြို့နယ်အနီး ရေအောက်အနက်တွင် ရော်မငါးပည့်ခေါ်သော ငါးစည်ကြီးများရှိပြီး ထိုငါးကြီးများမှာ ပေ (၁၀၀) ရာကျော်မျှ ကြီးကြောင်း ကျွန်ုပ် မှတ်သားဖူးခဲ့သည်။

ကျွန်ုပ်တို့ လိုက်ပါလာခဲ့သော လှေကလေးမှာ တရွေ့ရွေ့ စုန်ဆင်းလာခဲ့ရာ တစ်နေ့လုံး ခရီးဖြစ်လာ၏။

ညနေစောင်းအချိန်လောက်တွင် မြစ်ကမ်းဘေးတွင် ညို့ညို့မှိုင်းမှိုင်း ရွာတန်းတစ်ခုကို ခပ်ရေးရေးလှမ်းမြင်ရသည်။



"ကျုပ်တို့ မကြာခင် ထမံသီကို ရောက်တော့မယ်၊ တိုးရှေ့က လှမ်းမြင်နေရတာ ထမံသီရွာပဲ"

ထမံသီရွာ ဟူသည်ကား ချင်းတွင်းမြစ်ရိုးတွင်ရှိပြီး သေးငယ်သော ရွာတစ်ရွာဖြစ်သော်ငြားလည်း မြန်မာပြည်အတွင်း၌ နေထိုင်ကြသူတိုင်း ထိုအမည်ကို ကြားဖူးသူ များလေ၏။ တစေ့မှတ်တမ်းများ၌လည်း ရှိခဲ့ပေ၏။

ယခင်က ထိုအမည်နှင့်သာ ရင်းနှီးနေခဲ့သော်လည်း ယခုအခါ ကိုယ်တိုင် ရောက်ဖူးတော့မည်ဆိုသောအခါ ကျွန်ုပ်၏ စိတ်အစဉ်မှာ နိုးကြားလှုပ်ရှားလာလေ၏။

ထမံသီသည် ထူးခြားသော ဝိသေသရှိသော ရွာတစ်ရွာပင် ဖြစ်လေ၏။

ကျွန်ုပ်သည် အတွေးကောင်းစွာဖြင့် လိုက်ပါလာရာ မကြာမီ ကျွန်ုပ်တို့စီးနင်းလိုက်ပါလာသော လှေကလေးသည် တစ်စတစ်စ ထမံသီရွာ၏ကမ်းခြေသို့ ရောက်လေတော့သည်။

နေဝင်ချိန်နီးပြီဖြစ်၍ ထမံသီရွာကြီးပေါ်တွင် အလင်းရောင်တို့ဖြင့် ဖြာကျနေလေသည်။ ရေချိုးဆိပ်တွင် လူကြီးလူငယ်တို့ဖြင့် စည်ကားနေ၏။ ရွာခြေတစ်ဝိုက်တွင် လူအချို့သွားလာနေသည်ကို လှမ်းမြင်ရသည်။

ကမ်းစပ်တွင် အုပ်ဆိုင်းနေသော သစ်ပင်များကြားတွင် [illegible] များကို ကြိုးကြားမြင်ရလေ၏။

နွေဦးကာလ ရေကျချိန်ဖြစ်လေသောကြောင့် ရွာပေါ်သို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရန် ကမ်းနံရိုးကြီးများကို ဖောက်ထားသော လမ်းကလေးများအတိုင်း ည (၁၀)ခန့် အထက်သို့ တက်ကြရသည်။

ထိုစဉ်အခါက ထမံသီရွာကလေးမှာ နာဂလူမျိုး၊ ထမန်းလူမျိုး နှ အနည်းငယ်မျှလောက်သာ နေထိုင်သဖြင့် အိမ်ကလေးများကို ကျိုးတိုးကျဲတဲ တွေ့မြင်ရသည်။

(ယခုအခါတွင်တော့ ရဲစခန်း၊ ကျောင်း၊ အိမ်ကြီးအိမ်ကောင်းကြီးများ၊ လက်ဖက်ရည်ဆိုင်များဖြင့် တိုးတက်စည်ကားလျက်ရှိပြီး ယခင်က လူသူအရောက်နည်းပြီး လွန်စွာမှ ကြောင်စရာကောင်းသော ထမံသီတောကြီးကား ယခုအခါ သားကောင်မျိုးစုံတို့ကို ဘေးမဲ့ပေးထားသောသတ်မှတ်သစ်တောကြီးအဖြစ်သို့ ပြောင်းလဲနေပေပြီ။)

စာရေးသူ

အမှောင်လွှမ်းစအချိန်တွင် အိမ်ကလေးများဆီမှ မီးရောင်အချို့ကား ပိုးစုန်းကြူးကလေးများကဲ့သို့ မှိတ်တုတ်မှိတ်တုတ် တွေ့ရသည်။

ကျွန်ုပ်နှင့် ဦးဇော်ခွန်တို့သည် လက်နှိပ်ဓာတ်မီးရောင်များကို အားပြုကာ ဦးဇော်ခွန်၏ ဘကြီးတော်သူတစ်ဦးအိမ်သို့ သွားကြလေ၏။

ရောက်လျှင် အကျိုးအကြောင်းပြောပြပြီး စားသောက်ရေးနေထိုင်တည်းခိုရေးတို့ကို ပြင်ဆင်စီမံကြသည်။ ဦးဇော်ခွန်၏ ဘကြီးတော်သူ အဘဆန်ခေါင်ဆိုသူမှာ အသက်(၆၀)ကျော် အရွယ် ရှိသော်လည်း တောလိုက်ခြင်းအလုပ်ဖြင့် အသက်မွေးနေဆဲဖြစ်၏။



သူ၏အိမ်ပေါ်တွင် သားကောင်များ၏ ချိုး အစွယ်နှင့် သားရေချပ်များစွာတို့ကို တွေ့မြင်ရလေ၏။

သူသည် ကျွန်ုပ်တို့အား ဆန်ကြမ်းဖြင့်ပြုလုပ်ထားသော မုန့်တစ်မျိုးနှင့် အသားခြောက်အချို့ကို ညစာအဖြစ် ကျွေးမွေးလေသည်။

ကျွန်ုပ်တွင် အသင့်ယူဆောင်သွားသော အသားဗူးအချို့ကို ဖောက်၍ပေးသောအခါ ယူ၍နမ်းကြည့်ပြီး မစားလိုကြောင်းခေါင်းခါပြလေ၏။

ရန်ကုန်သင်းလျက်ရှိသော ဗာဂျီးနီးယားဆေးမှုန့်ထုပ်ကို သက်ဆောင်ပေးသောအခါ များစွာနှစ်သက်ဝမ်းမြောက်ကြောင်း အမူအရာရှိလေ၏။

သူသည် မြန်မာစကားနားလည်ဟန်မရှိဘဲ ဦးဇော်ခွန်နှင့် အချင်းချင်းဘာသာစကားဖြင့်သာ ပြောဆိုကြလေ၏။

ညစာစားရင်း အချင်းချင်းအတန်ကြာအောင် စကားပြောဆိုနေကြပြီးသောအခါ ဦးဇော်ခွန်က ကျွန်ုပ်အား ရှင်းလင်းပြောပြလေသည်။

မိုးကြိုးပစ်ခံရလို့ တစ်ကိုယ်လုံး မီးလောင်ကျွမ်းသွားပေမယ့် မီးမလောင်ဘဲ ကျန်နေခဲ့တဲ့အစွယ်က သူ့ဆီမှာ ရှိပါသတဲ့။

"အဲဒီအစွယ်နှစ်ချောင်းက တောထဲမှာ အမဲလိုက်သွားရင်း သူ ရလာခဲ့တာကွဲ့ဆရာ"

"ဪ . . ဒါထက် ဂမုန်းပင်တွေကရော ဦးဇော်ခွန်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဈေးနှုန်းပင်တွေက တောထဲမှာရှိတာတဲ့၊ ကျွန်တော်တို့ လိုချင်ရင်တော့ သူကိုယ်တိုင် လိုက်ပြပေးပါမယ်တဲ့ဗျ"

"ဟန်ကျတာပဲဗျို့၊ ဒါထက် မိုးကြိုးပစ်ခံရပြီး မီးမကျွမ်းတဲ့ ဆံပင်ရှိတဲ့ အဘွားကြီးကရော ဘယ်မှာလဲတဲ့ဗျ"

"အဲဒီအဘွားကြီးနာမည်က ဒေါ်မင်းဓာလို့ ခေါ်တယ်တဲ့၊ အရင်က ရွာရဲ့ ဟိုဘက်ထိပ်နားမှာနေတယ်၊ တကယ့်ကို ပညာတတ်တဲ့ ကဝေမကြီးတစ်ယောက်လို့ပြောတယ်၊ သိပ်ကြောက်စရာကောင်းသတဲ့...သူနဲ့ မတည့်ကြတဲ့သူတွေဆိုရင် တောထဲမှာ တစ်ခုခုဖြစ်ပြီး သေတာများတယ်၊ အခုလဲ ကြည့်ပါလား ဆရာရဲ့၊ မိုးကြိုးပစ်ခံရတာတောင် မသေဘူးဆိုတော့ စဉ်းစားသာကြည့်ပေရော၊ လူသက်တောင် ရှိသေးရဲ့လားမသိပါဘူးဗျာ"

"အခု...ဒေါ်မင်းဓာက ဘယ်မှာနေလဲဗျ"

"အခုတော့ ထမံသီတောထဲပြောင်းသွားပြီးနေသတဲ့၊ ရွာထဲမှာ ဆက်နေရင် ကြာရင် လူတွေက သူ့ကို ဝိုင်းသတ်ကြတော့မှာ သေချာတယ်"

"လူတွေ သေကြတာ သူ့ပယောဂကြောင့် ဖြစ်ချင်မှ ဖြစ်မှာပါဗျာ...ဒါထက် ဒေါ်မင်းဓာက ထမံသီတောထဲမှာ တစ်ယောက်တည်း သွားနေတာလား၊ သူ့မှာ ဆွေမျိုးသားချင်းတွေ မရှိကြဘူးလား"

"ရှိတယ်လို့တော့ ကြားတယ်၊ ဒေါ်မင်းဓာမှာ သားနဲ့ ချွေးမ



ရှိတယ်၊ ဒါပေမယ့် သူတို့က ဒီရွာကတော့ မဟုတ်ဘူး၊ ဟူးကောင်း တောင်ကြားဘက်က ရွာတစ်ရွာမှာနေကြတယ်...

ထမံသီတောက ထွက်ရင် သိပ်မဝေးလှပါဘူး၊ တစ်ခါတစ်ခါတော့ လာကြတယ်ထင်ပါရဲ့"

"အေးဗျာ...ကြားရတာတွေကတော့ တကယ့်ကို စိတ်ဝင်စားစရာကောင်းလှတယ်၊ ကျုပ်တော့ အခုချက်ချင်းတောင် ထမံသီတောထဲသွားတွေ့လိုက်ချင်လှသဗျာ"

"ဆရာကလဲ ဒီတောင် ရောက်လာမှပဲ တွေ့ရမှာပေါ့ဗျာ၊ သိပ်လဲ စိတ်လောမကြီးပါနဲ့...ခုညအိပ်ရေးဝအောင်နားပြီး မနက်ဖြန် မနက်စောစော တောဝင်ကြတာပေါ့ မကောင်းဘူးလား"

"ကောင်းပါလေဗျာ၊ ခင်ဗျားက နယ်ခံဆိုတော့ ခင်ဗျား ကောင်းသလိုသာကြည့်ပြီး စီစဉ်ပါရော့"

ထို့နောက် ကျွန်ုပ်သည် မုန့်နှင့် အသားခြောက်ကို ဝါးရင်း ဓနိရည်ခါးခါး (လက်ဖက်ရည်) တစ်ကျိုက်ကို မော့သောက်လိုက်သည်။

ဦးဇော်ခွန်နှင့် သူ၏ ဘကြီးတို့သည် ချင်းဘာသာစကားဖြင့် စကားလက်ဆုံ ပြောမကုန်ရှိနေကြရာ နားမလည်သော ကျွန်ုပ်အဖို့ ဓနိရည်တစ်ကျိုက်၊ အသားခြောက်တစ်ကိုက်ဖြင့် အနီးမှ ပွဲကြည့် ပရိသတ်အဆင့်မျှသာ ဖြစ်နေတော့၏။

အတန်ကြာလျှင် ဦးဇော်ခွန်က ကျွန်ုပ်ဘက်သို့ လှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ပြလေ၏။

"ဒီလို ဆရာရဲ့၊ ကျုပ် ဘကြီးကပြောတယ်၊ ဆရာ လိုချင်တဲ့ မြေခွေးကို လဲသူက လက်ဆောင်အဖြစ် ပေးလိုက်ပါမယ်တဲ့၊ ဂမုန်း ပင်တွေရှိတဲ့နေရာကိုလဲ ရောက်အောင်လိုက်ပြပေးပါမယ်တဲ့၊ ဒါပေမယ့် ခေါင်းဖြူစာနဲ့ တွေ့ဖို့ကိုတော့ ဖျက်ပါရစေတဲ့"

"ဘာဖြစ်လို့တဲ့လဲဗျ"

"ခေါင်းဖြူစာက ကြောက်စရာ သိပ်ကောင်းတယ်ပြောတယ်၊ သူက စိတ်မထင်ရင် သတ်ပစ်တာတဲ့၊ ဒီရွာက လူတွေကတော့ ခေါင်းဖြူစာနဲ့ တွေ့ရမှာထက် တောထဲက ကျားကိုသာ ပြေးတွေ့လိုက် ချင်ကြသတဲ့ဗျာ၊ အတော်အစွဲအလမ်းကြီးတဲ့သူတွေပဲ"

ဦးဇော်ခွန်က ကျွန်ုပ်အား လွန်စွာအားနာဟန်ဖြင့် ညည်းညည်း ညူညူ ပြောနေလေ၏။

"ဒါကတော့ဗျာ...နောက်တော့မှ အခြေအနေအရ ကြည့်ပြီး စီစဉ်ကြတာပေါ့၊ မကောင်းဘူးလား"

ကျွန်ုပ်သည် ဒေသခံတို့၏ဆန္ဒကို အတိုက်အခံလုပ်ရန် မသင့် လျော်သောကြောင့် ထိုစကားကို ဆိုလိုက်ရသော်ငြားလည်း ထမ်သီ တောတွင်းရောက်ပါက ဖြစ်နိုင်လျှင် ခေါင်းဖြူစာ ဟူသော အမျိုးသမီး ကြီးအား တွေ့အောင် ရှာလိုသောဆန္ဒ ရှိထားပေ၏။

ထို့နောက် အဘဆန်ခေါင်သည် နေရာမှထကာ ခေါင်းရင်း ဘက်နံရံဘက်တွင် အစီအရီ ချိတ်ဆွဲထားသော သားရေကောင်များ၏



အခွယ်များ၊ ဦးချိုများရှိရာသို့ ထသွားပြီး တစ်စုံတစ်ရာကို ဖြုတ်ယူ လာပြီး ကျွန်ုပ်အား ကမ်းပေးလေ၏။

လှမ်းယူပြီး ဖွင့်ကြည့်သောအခါ မီးကျွမ်းနေသော ဦးခေါင်း အပိုင်းအစတစ်ခုတွင် ရှေ့သို့ ငေါထွက်နေသော အစွယ်နှစ်ချောင်းကို တွေ့မြင်ရလေ၏။

မီးမလောင်သော မြေခွေးတစ်စုံ။

အလျားလေးလက်မခန့်ရှိပြီး မတ်လုံးခန့်အရွယ်ရှိလေ၏။ ကျွန်ုပ်၏ ထမ်သီခရီးအတွက် ပထမဦးဆုံး လိုအပ်သော ဆန္ဒတစ်ခု ကား ရရှိခဲ့ပြီ။ ပြည့်ဝခဲ့လေပြီတည်း။

နောက်တစ်နေ့နံနက်လင်းစတွင် အဘဆန်ခေါင်၊ ဦးဇော်ခွန် နှင့် ကျွန်ုပ်တို့သည် တောတက်ရန် ပြင်ဆင်ကြလေ၏။

သို့ဖြင့် ကျောပိုးအိတ်တွင်း၌ ဖောင်ပါး၊ ခေါင်းစွပ် အစရှိသည် တို့အပြင် လက်နှိပ်မီး၊ ဓားကိုလည်း ဆောင်ခဲ့ရသည်။

ထို့ပြင် ကျွန်ုပ် လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော ခြောက် လုံးပြူးသေနတ်နှင့် ကျည်ဆန်အချို့ကိုလည်း ယူဆောင်ခဲ့သည်။

ဦးဇော်ခွန်နှင့် အဘဆန်ခေါင်တို့ကတော့ ဒူးလေး၊ မြားဗူး ဓားမြှောင်၊ ပလိုင်းနှင့် ကောက်ညှင်းခြောက်၊ အသားခြောက် အရှူး တို့ကို ယူဆောင်ကြသည်။

ခရီးစထွက်ကြကာနီးတွင် မုဆိုးကြီးတို့၏ ဓလေ့ထုံးစံအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တောပိုင်၊ တောင်ပိုင်တို့ကို အရပ်လေးအတိုင်း ပူဇော်ပသကြသည်။ ဘာသာစကားဖြင့် တိုင်တည်ဆုတောင်းကြလေ၏။

အားလုံး ပစ္စည်းများ စုလင်လေလျှင် နံနက်လင်းစတွင် ခရီးထွက်ကြလေ၏။

ကျွန်ုပ်တို့သည် ရွာမှ စထွက်ကတည်းက နာဂတောင်တန်းများပေါ်သွားသည့် လမ်းမကြီးအတိုင်း ခရီးဆက်ကြရသည်။

တကယ်တော့ ထမံသီကား နာဂတောင်တန်းပေါ်သွားသည့် စခန်းထောက်ရွာတစ်ရွာဆိုက မမှားနိုင်ပေ။

အတန်ငယ်လျှောက်မိလေလျှင် အဝေးတွင် ထမံသီတောကြီးကို ခပ်ရေးရေးလှမ်းမြင်ရသည်။

သစ်ပင်ဝါးပင်တို့ဖြင့် ညို့ညို့မှိုင်းမှိုင်း ရှိနေသော ထမံသီတောကြီးကား အဝေးမှ မျှော်ကြည့်လျှင် လွမ်းချင့်စဖွယ် လှမ်းမြင်ရလေ၏။

တောခြေသို့ရောက်လျှင် ကျေးငှက်မြည်သံများကို သာယာနာပျော်ဖွယ်ရာ ကြားရလေ၏။ သစ်ပင်ဝါးပင်ကြီးတို့မှ နေပြောက်မထိုးအောင်ရှိလေရာ အတွင်းဝင်သွားသည်နှင့် စိမ့်နေပေ၏။

တောအတွင်း၌ အသုံးဝင် အဖိုးတန်သစ်ကြီးဝါးကြီးများစွာ ရှိသည့်အပြင် သဘာဝမြေအနေအထား ကောင်းသောကြောင့် ဂမုန်းအပါအဝင် သဘာဝပရဆေးပင်များစွာတို့ကိုလည်း တွေ့မြင်ရသောအခါ ကျွန်ုပ်မှာ လိုချင်သောစိတ်ကို ကြိတ်မှိတ်ထားရလေ၏။

အလွန်ရှားပါးသော ဆေးသံဒိုင်ရွက်၊ ပေါက်နွယ်ဥ၊ ရာနန်း



တက် (အားတိုးဆေး)၊ ရာခန့်ချိုင်၊ ဖန်းဖိုင်းနွယ်၊ ဝန်ထပယ်၊ ရာလက်ဆန်နွယ်၊ မဟော်ရာကြက်ဘက်၊ မင်းဘောပင်၊ နွယ်ချို၊ ကရဝေး၊ ဝက်မစားဥ၊ သစ်ကြမ်းပိုး၊ ထောက်ပင်၊ ရှဉ့်မတက်ဥနှင့် အခြားဂမုန်းအမျိုးအနွယ်ဝင် အပင်များစွာတို့ကို လမ်းခရီးတစ်လျှောက် တွေ့မြင်ရလေ၏။

တစ်နေရာသို့ ရောက်လျှင် ဦးဇော်ခွန်သည် ထောက်ပင်မှ အရွက်နှင့် ကိုင်းအချို့ကို ဖြတ်ယူနေလေ၏။

"ဒါ...ဘာအပင်ခေါ်လဲဗျ"

"ဒါ...ထောက်ပင်လို့ ခေါ်တယ်၊ ထောက်ပင်ဆိုတာ နာဂစကားအခေါ်၊ မြန်မာလိုတော့ အဆိပ်ဖြေဆေးပါ"

"ဗျာ...အဆိပ်ဖြေဆေး ဟုတ်လား"

"ဒီအပင်က အဆိပ်ဟူသမျှ သက်သာပျောက်ကင်းရုံမက ဘူး...သွေးတိတ်၊ အနာကျက်၊ ဝမ်းကိုက်ဝမ်းအောင့်၊ လေထိုးလေအောင့် လေနာရောဂါမှန်သမျှ ပျောက်တယ်၊ ဒီဆေးပင်က ဈေးသိပ်ကောင်းတယ်၊ တစ်ပိဿာကို တစ်ထောင်ကျော်လောက်ပေါက်ဈေးရှိတယ် ဆရာရဲ့"

ထိုအချိန်က ရွှေတစ်ကျပ်သားတစ်ရာ၊ တစ်ရာ့အစိတ်ခန့်သာတန်ဖိုးရှိလေရာ "ထောက်ပင်" ကား ရွှေတစ်ဆယ်သားမျှ တန်ဖိုးရှိသည်ဟု နိုင်ပေ၏။

အတန်ငယ်နေမြင့်သောအခါ အရိပ်ကောင်းသော ကညင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအောက်တွင် ခေတ္တဝင်၍ အမောဖြေကြရင်း ယူဆောင်လာသော ကောက်ညှင်းထုပ်ထောက် အသားခြောက်အနည်းငယ်စီဝါးပြီး ရေသောက်လိုက်သည်နှင့် တစ်ခဏချင်း ဗိုက်ပြည့်လာပေ၏။

ဆေးသောက်ရန်အတွက်မူ အာဘဆန်ခေါင် ထည့်ယူလာသော ဖွတ်ချွန်းလိပ် (ဆေးမှုန့်ကို စက္ကူဖြင့် ပတ်လိပ်ထားခြင်း) ကလေးကိုသာ မီးညှိဖွာရင်း အာသာဖြေရတော့သည်။

ခေတ္တနားရင်း အာဘဆန်ခေါင်က ပြောပြသည်များကို ဦးဇော်ခွန်က တစ်ဆင့်ပြောပြလေ၏။

"အာဘက ပြောတယ် ဆရာရဲ့၊ သူ ဒီနေရာတွေကို အမဲလိုက်ရင်း မကြာခဏ ရောက်ဖူးတယ်တဲ့၊ မီးမလောင်တဲ့ ဂမုန်းပင်ရှိတဲ့ နေရာက ဒီကနေ သိပ်မဝေးတော့ပါဘူးတဲ့၊ ကြားမှာ ချောင်းတစ်ခုကို ဖြတ်ရဦးမတဲ့၊ အဲဒီချောင်းက အန္တရာယ်တော့ နည်းနည်းများတယ်၊ သွားဝံ့ပါ့မလားလို့ မေးနေတယ်"

"ကျုပ် လိုက်ဝံ့ပါတယ်ဗျာ"

"ဒီကနေ ရှေ့မှာ တောကလဲနက်၊ အန္တရာယ်ကလဲ များတော့ သူ့စကား နားထောင်ပါတဲ့၊ သူ မသိဘဲ ဘာမှမလုပ်ကြဖို့ ပြောနေတယ်"

"စိတ်ချပါဗျာ"

ကျွန်ုပ်သည် နှုတ်မှလည်း ပြောရင်း အာဘဆန်ခေါင်ကို ကြည့်၍ ခေါင်းညိတ်ပြလိုက်လေ၏။



ကျွန်ုပ်တို့သည် ခဏကြာမျှ နားပြီးသည်နှင့် ရှေ့သို့ခရီးဆက်ကြပြန်လေ၏။

ရှေ့တွင် တောနက်လာသည်နှင့်အမျှ လမ်းဟူ၍ မယ်မယ်ရရ မရှိတော့ဘဲ ချုံနွယ်များကို ရှင်းလင်းလမ်းဖွင့်ကာ လျှောက်ကြရသည်။ သစ်ပင်ကြီးများပေါ်တွင် ရှဉ့်ပေါ၊ ကျေးငှက်မျိုးစုံနှင့် မျောက်များကို တွေ့ရသည်။

လမ်းခုလတ်တွင် သားကောင်များနှင့် ရင်ဆိုင်ကြုံတွေ့ကြသော်လည်း ပစ်ခတ်ဖမ်းဆီးခြင်းမပြုကြသဖြင့် မေးကြည့်ရပြန်လေ၏။

"အခု…ကျုပ်တို့က ဆေးမြစ်လိုချင်လို့ လာတာ၊ သားကောင်ပစ်ဖို့ လာတာမဟုတ်ကြလို့ မပစ်တာပါ၊ တောထဲမှာ စည်းကမ်းထားရတယ်၊ စည်းဖောက်ရင် ဘေးဒုက္ခနဲ့ ကြုံတွေ့ရနိုင်တယ် ဆရာ"

"သြော်…ဒါကြောင့် မပစ်တာကိုး"

ကျွန်ုပ်မှာ တောနှင့် ပတ်သက်၍ အတွေ့အကြုံ အနည်းငယ်သာရှိပြီး အခုလို ဝါရင့်မုဆိုးကြီးများနှင့် အတူတွဲ၍ တောထဲသို့ လိုက်ရသောအခါ ဗဟုသုတများစွာ ရပေ၏။

နောင်အခါတွင် ထိုအကြောင်းများက ကျွန်ုပ် ရေးသားသော စာပေများတွင် သုံးမကုန်နိုင်အောင် ဗဟုသုတရှိသည့် သုတအနှစ်သိုက်ကြီးများ ဖြစ်လာခဲ့ပေသည်။

တောတွင်းရောက်သောအခါ ဦးဇော်ခွန်၏ ပြောပြမှုဖြင့် သဘာဝ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်မှ ထူးဆန်းစွာဖြစ်ပေါ်နေသော သစ်ညီနောင်၊ သစ်တံခါးနွယ်ဝင် စသည်တို့ကို တွေ့မြင်မှတ်သားခွင့်ရခဲ့ပေ၏။

ထိုသုံးမျိုးတို့တွင် 'နွယ်ဝင်' ကိုသာ စီးပွားလာဘ်လာဘအတွက် အသုံးပြုကြပြီး သစ်ညီနောင်နှင့် သစ်တံခါးကိုတော့ သစ်ခုတ်သမားတိုင်း ရှောင်ကြဉ်ကြပေ၏။

အကြောင်းမှုကား ထိုသစ်မျိုးကို ခုတ်ယူသုံးစွဲမိပါက ဘေးဥပါဒ်အန္တရာယ်ဖြစ်ခြင်း၊ စီးပွားလာဘ်ပိတ်ခြင်းကြောင့်ဟု ဆိုလေ၏။

ခရီးဆက်ကြပြန်သော် ရှေ့တွင် မြေနီရောင်ဖြင့် မို့မောက်လျက်ရှိသော တောကုန်းတစ်ခုကို မြင်ရသည်။ မြေမျက်နှာပြင်ပေါ်၌ သစ်ရွက်ခြောက်များ ကြဲပြန့်နေ၏။

ရှေ့မှသွားနေသော အဘဦးဆန်ခေါင်နှင့် ဦးဖော်ခွန်တို့က ရုတ်တရက် ခြေလှမ်းများကို ရပ်တန့်လိုက်သောကြောင့် ကျွန်ုပ်လည်း ရပ်တန့်ကာ အခြေအနေကို ကြည့်နေမိ၏။

တောင်ကုန်းကို မသက်သော အဘဆန်ခေါင်သည် မြေကြီးကို နားကပ်၍ထောင်ပြီး ကျောက်တုံးတစ်တုံးဖြင့် ထိုနေရာသို့ ပစ်ပေါက်လိုက်သောအခါ ကျောက်တုံးသည် အောက်သို့ 'ဝုန်း' ခနဲ ကျွံဝင်သွားသည်ကို တွေ့မြင်ရ၏။

များကဲ့သို့ ပဒ္ဒ (ပျားတူ) ကောင်များ ကောင်းကင်သို့ ပျံတက်၏။

"ဒါ ပဒ္ဒ (ပျားတူ) ကျင်းပဲ ဆရာ၊ မသိလို့ ဒီပေါ် ဖြတ်



အန္တရာယ်ပြုနိုင်သည့် တောကောင်ကြီးများကို ကံကောင်းထောက်မစွာ မတွေ့ရပေ။

ကျွန်ုပ်တွင် ခြောက်လုံးပြူးသေနတ်တစ်လက်ပါသော်လည်း သတ္တဝါများအား ပစ်ခတ်ရန်အတွက် မဟုတ်ဘဲ မိမိအန္တရာယ်အတွက် ကာကွယ်ရန်သာဖြစ်ပေ၏။

အတန်ငယ်လျှောက်မိသောအခါ ကျွန်ုပ်နားထဲတွင် ရှူသံလိုလို အသံတစ်သံကို ကြားလိုက်မိသလို ရှိသောကြောင့် အသာရပ်၍ နားစွင့်ကြည့်သောအခါ ထပ်မံမကြားရတော့ပေ။

တစ်နေရာသို့ ရောက်သောအခါ နောက်ဘက်မှ ရှူးခနဲမြည်သံကြီးကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ သစ်ပင်ခွကြားမှ ပါးပျဉ်းထောင်လျက်ကြည့်နေသော တောကြီးမြွေဟောက်ကြီးတစ်ကောင်ကို တွေ့ရသည်။

လုံးပတ်မှာ ပေါင်လုံးခန့်ရှိပြီး အလျားမည်မျှရှိမည်ကို မခန့်မှန်းနိုင်ပေ။ ပါးပျဉ်းထောင်ထားသည့်ပင် လူတစ်ရပ်ကျော်နေပြီ။

မြွေကြီးသည် ကျွန်ုပ်ကိုတွေ့မြင်သည်နှင့် သစ်ပင်ထက်မှ တဖြည်းဖြည်းလျှောဆင်းလာသည်။

ဒီမျှကြီးသော မြွေတစ်ကောင်ကို ကျွန်ုပ်တွင်ပါသော သေနတ်ဖြင့် ကာကွယ်တားဆီး၍ ရနိုင်၊ မရနိုင် မသေချာဘဲ အန္တရာယ်ကင်းအောင် ရှောင်သွားခြင်းက ပို၍ အဆင်ပြေမည်ဟု ယူဆသော တစ်ဘက်သို့ တိမ်းရှောင်ထွက်ပြေးရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နောက်ဘက်မှ တရှဲရှဲမြည်သံများကြားသောအခါ နောက်မှ မြွေကြီး ထပ်ကြပ်မကွာလိုက်လာပြီကို သိလိုက်သဖြင့် ခြေလှမ်းကို ပိုမိုသွက်ရန် ကြိုးစားသော်လည်း သစ်ပင်ချုံနွယ်များကြောင့် ထင်သလောက် ခရီးမပေါက်ခဲ့ပေ။

တောထဲတွင် မြွေတစ်ကောင်အတွက် သွားလမ်းလာလမ်း ချောင်သလောက် လူတစ်ယောက်အဖို့ မလွယ်ကူနိုင်ကြောင်း လက်တွေ့သိရပေ၏။

ကျွန်ုပ်သည် ကြိုးစားအားထုတ်မှုကို မလျှော့ဘဲ ဆက်လက်ပြေးလာခဲ့ရာ မကြာမီ တောင်ကုန်းတစ်ခုအနီးသို့ ရောက်ခဲ့လေ၏။ ထိုနေရာရောက်သောအခါ နောက်မှ လိုက်လာသော တရှဲရှဲမြည်သံများ မကြားရသောကြောင့် သစ်ပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

မောပန်းမှုသည် တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုလျက်ရှိ၏။

"တော်တော်မောသွားသလား ဆရာ"

မထင်မှတ်သောနေရာမှ အသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ တောစပ်တွင် အနက်ရောင်ဝတ်စုံနှင့် မိန်းကလေးတစ်ဦးကို တွေ့မြင်ရသည်။

ကျွန်ုပ်မှာ လွန်စွာမှ အံ့သြသွားပြီး အသေအချာကြည့်လိုက်သောအခါတွင် သူမ၏ ရုပ်သွင်ကို မှတ်မိသလို ရှိလာလေ၏။

"ဟင်...မဟူရာကေရီ"



ကျွန်ုပ်သည် ခါးကြားတွင် အသင့်ဆောင်ယူလာသော သေနတ်ကို ဆွဲထုတ်ကာ ချိန်ထားလိုက်သည်။

"မင်းရှေ့တိုးမလာနဲ့၊ မင်းဟာ လူကောင်းတစ်ယောက်ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ ဒီလောက်နက်တဲ့ တောထဲမှာ လူမရှိနိုင်ဘူး"

သူမသည် သဘောကျစွာ ပြုံးလိုက်လေသည်။

"ဆရာကလည်း ကြံဖန်အတွေးခေါင်နေတာကိုး၊ ကျွန်မလူအစစ်ပါ ဆရာရဲ့၊ ဆရာ ဒီနေရာကို ရောက်လာမယ်ဆိုတာ ကြိုသိထားလို့ လာစောင့်နေတာပါ၊ ဆရာဒေါမင်းဓာကို တွေ့ရအောင်လာတာ မဟုတ်လားဟင်"

"မင်း ဒီအကြောင်းဘယ်လိုလုပ်သိတာလဲ"

သူမသည် ညင်သာစွာပြုံးလျက်....

"ရန်ကုန်မှာ ဆရာအိမ်ကို စာလာပေးခဲ့တာ ကျွန်မတို့ဆိုတာ ဆရာမေ့သွားပြီလား...ဦးဆန်ခေါင်ကတစ်ဆင့် ဦးဇော်ခွန်ကို ဒီအကြောင်းတွေကို ပြောတယ်၊ ဦးဇော်ခွန်က ဆရာဆီကို စာရေးပြီး ကျွန်မတို့နဲ့ လူကြုံထည့်ပေးတယ်.....

ကျွန်မအဖေနဲ့ ဦးဇော်ခွန်နဲ့က သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေပေါ့ ဆရာ၊ ဟင်း... ဒီတော့ အဘွားဒေါမင်းဓာအကြောင်း ဆရာ့ဆီကို အကြောင်းကြားတယ်ဆိုတာ ကြိုသိထားရတယ်လေ၊ ဆရာ တစ်နေ့နေ့မှာ မသွေ ရောက်လာမယ်လို့ ကြိုသိခဲ့တာ ရိုးရိုးလေးပါ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုမှ မှော်အတတ်ပညာတွေ၊ စုန်းအတတ်ပညာတွေနဲ့ သိတာမဟုတ်ဘူး"

ဒီလိုရှင်းပြသည့်တိုင် ကျွန်ုပ်မှာ စိတ်ချလက်ချယုံကြည်မှုမရှိသေးပေ။ သူမအား သေနတ်ဖြင့်ချိန်ထားဆဲပင် ရှိသေး၏။

"ဒေါ်မင်းဇာနဲ့မင်းနဲ့ ဘယ်လိုပတ်သတ်တာလဲ"

"အဘွားဒေါ်မင်းဇာဆိုတာ ကျွန်မရဲ့အဘွားပါ၊ ကျွန်မတို့က ဒီတောနဲ့သိပ်မဝေးလှတဲ့ တောင်ခြေရွာလေးတစ်ရွာမှာ အရင်က နေခဲ့ကြတာပါ၊ အဘွားဆီကို တစ်ပတ်တစ်ခါလောက် စားသောက်ဖို့နဲ့ လိုအပ်တာတွေ လာပို့ပေးရတာပါ၊ ကဲ… ဒီလောက်ဆိုရင် ဆရာ ရှင်းပြီမဟုတ်လား"

ဒီတော့မှ ကျွန်ုပ်မှာ သဘောပေါက်သွားပြီး ချိန်ထားသော သေနတ်ကို ပြန်သိမ်းလိုက်မှ သူမကပြုံး၍ ကျွန်ုပ်အနီးသို့လျှောက်လာသည်။

"ကျွန်မရဲ့နာမည်က 'ခေမာ'လို့ ခေါ်ပါတယ်၊ ကျွန်မရဲ့ ဒီလက်ဝါးပြင်က အမှတ်အသားလေးကိုမြင်ရင် ဆရာ ပိုပြီးမှတ်မိသွားမှာပါ"

သူမက လက်ဝါးတစ်ဖက်ကို ထောင်ပြသောအခါ ကျွန်ုပ်မှတ်မိနေသော 'ဓျေဒါ'အမှတ်ကလေးကို ထင်ရှားစွာ တွေ့ရသည်။

"ကဲ… ဆရာ ယုံပြီမဟုတ်လား၊ ဆရာအိပ်မက်မက်ခဲ့သလို ကျွန်မနဲ့ တစ်ကြိမ်ပြန်ဆုံရပြန်ပြီလေ၊ ဒါထက် စောစောတုန်းက



ဆရာကို မြွေတစ်ကောင်လိုက်ခဲ့သေးတယ် ထင်ပါရဲ့၊ ဒီကောင်ကြီးတွေက သိပ်ဆိုးတာ ဆရာရဲ့၊ ဒီနေရာတွေကို လူစိမ်းဝင်ရင် သိပ်မကြိုက်ကြဘူး၊ ဒါပေမဲ့ ဆရာအတွက်ကတော့ ဒီနေရာတစ်ဝိုက်မှာ နောက်ထပ် ဘာအန္တရာယ်မှ မကြုံစေရပါဘူး"

"ဒါထက် ကျုပ် မသိလို့ မေးပါရစေ…. မင်္ဂလာဒုံနားမှာ မင်းနဲ့မြွေပွေးဘသိန်းဆိုတဲ့သူနဲ့ ပညာပြိုင်ကြတာ အဲဒီလူ ဘာဖြစ်သွားလဲဟင်၊ အဲဒီလူ သေသွားသလား"

"အဲဒီအထိတော့ ကျွန်မ မသိတော့ဘူး၊ သူကြမ္မာသူ ဖန်တီးတာဘဲ၊ တစ်ခုတော့ပြောနိုင်တယ်၊ နေ့ပုတ်ဆိုတဲ့ မြွေကိုက်မိရင်တော့ သေးမှီခဲပါတယ်"

ကျွန်ုပ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး 'ခေမာ'ဆိုသော မိန်းကလေးကို အသေအချာကြည့်လိုက်သည်။ သူမသည် တောထဲတောင်ထဲတွင် မွေးဖွားကြီးပြင်းသည် ဆိုသော်ငြားလည်း ရုပ်ရည်မှာ သန့်ပြန့်ကြည်လင်လျက် မျက်နှာမှာ ချောလှပေ၏။ ရုပ်ရည်သွင်ပြင်ဟန် အမူအရာမှာ သာမန်လူနဲ့မတူဘဲ မဟာသွေးမဟာနွယ် ဆန်လှသည်ဟု ကျွန်ုပ် ထင်မိပေ၏။

"ဒါထက် မိန်းကလေး အဘွားဒေါ်မင်းဇာဆီ လာတာလား ကျုပ်သူ့ကို တွေ့ပါရစေ…သူ့ကို ဘယ်နေရာမှာ တွေ့နိုင်မလဲ၊ ကျုပ်ကို တစ်ဆိတ်လမ်းပြပေးပါ မိန်းကလေး"

"လောလောဆယ်တော့ အဘွားနဲ့တွေ့လို့မရသေးဘူး ရှင့်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာ အစိမ်းခန့်ဝင်နေတယ်၊ အစိမ်းခန့်ဝင်ပြီးမှ ဆရာတွေ့နိုင်လိမ့်မယ်ထင်တာယ်"

ကျွန်ုပ်မှာ 'ခေမာ' ဆိုသော မိန်းကလေးထံမှ မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် လွန်စွာမှ အံ့ဩသွားမိလေသည်။

"ဟင်… အသွားဒေါ်မင်းဇာ ဂူထဲမှာအစိမ်းခန့်ဝင်နေတယ် ဟုတ်လား၊ ဒါဖြင့် ရွာထဲက လူတွေ ပြောကြသလို စုန်းမကြီး တစ်ယောက်ဆိုတာ မဟုတ်ဖူးပေါ့"

"မဟုတ်ပါဘူး ဆရာရယ်….၊ အသွားက ငယ်ငယ်က တည်းက ဘာသာရေးသိပ်လေးစားတာ၊ ဘုရား၊ တရား၊ သံဃာကို ယုံကြည်အားကိုးတာ၊ ရွာက လူတော်တော်များများနဲ့ ခလေ့စရိုက်ချင်း မတူဖူးပေါ့လေ၊ သူတို့က မိုးလင်းတာနဲ့ ဝမ်းစာရေးအတွက် သားငါး ရှာဖွေဖို့ ထွက်ကြရတယ်၊ နေ့စဉ်နှင့်အမျှ သတ်တဲ့ဖြတ်တဲ့အလုပ်တွေ လုပ်ကြရတယ်၊ ထဲမှာ ကျားစိတ်သွင်းပြီး သားကောင်ရှာနိုင်တဲ့ သူတွေအများကြီး ရှိတယ်၊ အသွားက ခပ်ရွယ်ရွယ်ကတည်းက အဲဒီ ရွာကလူတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အဲဒီရွာကို လိုက်နေရတယ်၊ ယောကျ်ားဆုံးသွားတော့လဲ အဲဒီမှာဘဲ ဆက်နေခဲ့တယ်၊ ဒါပေမယ့် အသွားက ရွာကလူတွေနဲ့ စရိုက်လုံးဝမတူတော့ နေလို့မရဘူး၊ အသွားက နေ့တိုင်း ဘုရားရှိခိုး၊ မေတ္တာပို့ပြီး ကြေးစည်လေး တစ်နှောင်နှောင်နဲ့နေတော့ စရိုက်ချင်းတွေက မတူဘူး….

တချို့လူတွေကဆိုရင် သူတို့ရဲ့ သားငါးဖမ်းဆီးတဲ့ အလုပ်တွေ



ဆိုတောင် အနှောက်အယှက်ပေးနေတဲ့ စုန်းမ၊ ကဝေမ ဆိုပြီး မဟုတ် မဟုတ်သမုတ်ကြတယ်၊ နောက်တော့အဖွားကို ရွာထဲမှာ မနေနိုင်အောင် နှင်ထုတ်လိုက်ကြတယ် ဆရာ"

"သြော်…ဖြစ်မှဖြစ်ရလေကွယ်…"

ကျွန်ုပ်မှာ 'ခေမာ' ပြောသော စကားများကို ကြားရပြီး အလွန်စိတ်မကောင်းဖြစ်မိတော့သည်။

"အဲဒီအချိန်ကစပြီး အသွားက လူတွေနဲ့ ဝေးဝေးနေချင်တယ် ဆိုပြီး တောထဲပြောင်းသွားတော့တာယ်၊ ကျွန်မတို့နေတဲ့ တောင်ခြေကို ပြန်နေဖို့ လိုက်ခေါ်ပေမယ့် မရတော့ဘူး၊ ဒီဂူထဲမှာဘဲ တရားအား ထုတ်နေတော့တယ်၊ ကျွန်မတို့က အသွားလိုအပ်တာတွေ ပို့ပေးရ တာပေါ့လေ"

ဒီတော့မှ ကျွန်ုပ်မှာ ဒေါ်မင်းဇာနဲ့ပတ်သက်ပြီး အကြောင်း ရင်းကို သိရလေတော့သည်။

ဒေါ်မင်းဇာမှာ အများပြောနေကြသလို ထင်နေသလို ကဝေမ၊ စုန်းမတစ်ယောက်မဟုတ်ဘဲ အများကဲ့သို့ မိုးခါးရေမသောက်သဖြင့် 'သူရူး' ဟု အစွပ်စွဲခံရသလိုဖြစ်ကြောင်း နားလည်မိပေတော့သည်။

"အသွားနဲ့တွေ့တဲ့အခါကြတော့ ဆရာသိလိုသမျှတွေ မေး ကြည့်ပါ ဆရာရယ်…

ကျွန်မ ဆရာ့ကို စတွေ့ကတည်းက ဟိုးဘဝက အတိတ်ဆက် ရှိသူတစ်ဦးကို ရင်းရင်းနှီးနှီးပြန်တွေ့ရသလို ခံစားရတယ်၊ ခင်ခင်မိပါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ဆရာရဲ့ ကျွန်မဟာ တစ်ချိန်ချိန်မှာ ပြန်ဆုံရလိမ့်မယ်လို့ စိတ်ထဲမှာ အလိုလိုသိနေမိတယ်...

အခုတော့ ဆရာလိုချင်တဲ့ ဂမုန်းပင်၊ ဆေးဖက်ဝင်တဲ့အပင်တွေကို ကျွန်မကူပြီး လိုက်ရှာပေးပါ့မယ်၊ ကျွန်မနဲ့ အတူသွားလို့ကတော့ ဒီတောထဲမှာ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့စေရပါဘူး စိတ်ချပါ"

ထို့နောက် ကျွန်ုပ်သည် 'ခေမာ'နဲ့အတူ ထမံသီတောနက်ပိုင်း အတွင်းသို့ ဝင်ရောက်ကာ လိုအပ်သောဆေးပင်များကို ရှာဖွေရာ များစွာရရှိခဲ့သဖြင့် သူမအား များစွာကျေးဇူးတင်မိလေသည်။

အချိန်လင့်သောအခါ သူမသည် ကျွန်ုပ်အားပြန်လမ်း ပြပေးပြီးနောက် တောထဲသို့ ပြန်လည်ဝင်ရောက်သွားလေတော့သည်။

ဩ ဩ ဩ



## တောကြီးမာယာ ဝက်ပါ

ညအာက်စခန်းသို့ ပြန်ရောက်သာအခါ ကျွန်ုပ်မှာ နေ့လည်ဘက်မှကြုံခဲ့ရသော 'မဟူရာကောရီ' နှင့် ပတ်သက်သောအကြောင်းများကို တွေးနေရာ တော်တော်နှင့် အိပ်မပျော်နိုင်လောက်အောင် ရှိနေလေတော့သည်။ အဘဆန်ခေါင်နှင့် ဦးဖော်ခွန်တို့ကိုတော့ ထိုအကြောင်းကို ပြောမပြတော့ပေ။

သစ်ပင်အောက်၌ ဖိုထားသော မီးဖိုကြီးပေါ်တွင် နေ့လည်က ပစ်ခတ်ရရှိခဲ့သော သားကောင်များကို ကင်ထားလေရာ အဆီများ တစ်စက်စက်ကျနေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် ညှော်နံ့များ ပျံ့နှံ့နေတော့သည်။

အဘဆန်ခေါင်နှင့် ဦးဖော်ခွန်တို့နှစ်ယောက်မှာ နေ့လည်ဘက်က မောပန်းမှုကြောင့် တခေါခေါနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မော

www.burmeseclassic.com



ကျနေကြသည်။ တိတ်ဆိတ်သောတောထဲတွင် ငှင်းတို့ဟောက်သံများမှာ မှန်မှန်ပေါ်ထွက်နေ၏။

ကျွန်ုပ်တစ်ယောက်တည်း အတွေးကောင်းနေသောကြောင့် မအိပ်နိုင်ဘဲရှိလေရာ အမှောင်ထုဖုံးလွှမ်းနေသော တောနက်ထဲမှ ကျားဟိန်းသံ၊ သစ်ဟောက်သံ၊ ခွေးအ,များအူသံ၊ မြွေတွန်သံနှင့် မျောက်မောင်းမ်အော်သံ စသည်တို့ကို အဆက်မပြတ်ကြားနေရသည်။

တစ်ခါတစ်ရံ ထိုအသံများသည် အလွန်နီးသောနေရာသို့တိုင် ရောက်လာကြသည်။

ညဥ့်နက်လာသောအခါ တဖြည်းဖြည်းနှင့် မြင့်တက်လာသော လရောင်သည် သစ်ရိပ်များကို ဖြတ်သန်းကာ မြေပြင်ပေါ်သို့ တစ်စွန်းတစ်စ ဖြာကျလာသည်။ အအေးဒဏ်ကလည်း ပိုလာသောကြောင့် ကျွန်ုပ်သည် အိပ်ပျော်ရန် ကြိုးစားနေစဉ်မှာ ကျွန်ုပ်တို့ရှိရာဘက်သို့ လျှောက်လာသောခြေသံအချို့ကို ထင်ထင်ရှားရှား ကြားရလေသည်။

အစက စိတ်ထင်နေတာများလားဟု ထင်မိသော်လည်း တောထဲမှ လျှောက်လာသောခြေသံများက တစ်စတစ်စ နီးလာပြီး မီးအလင်းရောင်တစ်ရောင်ပါ တွေ့ရသဖြင့် ခေါင်းထောင်ကြည့်လိုက်သည်။

မီမိမျက်စိကိုပင် မယုံကြည်နိုင်လောက်အောင် တောစပ်မှ မီးတုတ်ကိုင်ထားသော လူသုံးယောက် ထွက်လာသည်ကို မြင်ရပြီး သစ်ပင်အောက်ရောက်လာသောအခါမှ ရှေ့ဆုံးမှ လာသူမှာ ခေမာဆိုသော **မိန်းကလေးဖြစ်နေသည်ကို** တွေးဆန်းစွာ မြင်ရလေသည်။



သူမသည် အနက်ရောင်ဝတ်စုံကိုပင် ဝတ်ဆင်ထားလေသည်။ သစ်ပင်အောက်တွင် ဖိုထားသော မီးပုံကြီးအနီး ရောက်သောအခါ ရှေ့ဆက်လျှောက်မလာဘဲ ရပ်တန့်ကာ သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်ပြီး...

"ဆရာ...ဆရာ"

ဟု ခေါ်လိုက်သည်။

"ဟင်...ခေမာတို့ပါလား၊ ညအချိန်မတော်ကြီး ဘာလာလုပ်ကြတာလဲကွယ်"

ကျွန်ုပ်မှာ နေရာမှ လှုးလဲယလိုက်စဉ် နံဘေးနားမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသော ဦးဇော်ခွန်နှင့် အဘဆန်ခေါင်တို့မှာ "ဟောက်" သံ ပျောက်သွားသော်လည်း ထမလာကြပေ။

"အားနာလိုက်တာ ဆရာရယ်၊ ညဘက်ကြီးရောက်မှ အတွေးအသန်းအသန်ဖြစ်နေလို့ ဆရာတို့မှာ ဆေးဝါးလေးများပါရင် တစ်ဆိတ်လိုက်ကြည့်ပေးပါ ဆရာရယ်" ဟု သနားစဖွယ် အမူအယာနှင့် လှမ်းပြောနေရှာ၏။

"ဟင်...ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုရောဂါမျိုးဖြစ်တာလဲ"

"အအေးမိပြီး ငှက်ဖျားရောဂါ ပြန်ထလာတာပါ ဆရာ၊ အခြေအနေ အတော်ဆိုးတယ်၊ အမြန်လိုက်ကြည့်ပေးပါနော်"

"အေး...ကောင်းပြီ၊ ကျုပ် လိုက်ခဲ့မယ်"

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးမြင်း အိတ်ထဲတွင်းမှ ဆေးဝါးစရှည်း

www.burmeseclassic.com

www.burmeseclassic.com



များကို အလေးတကြီး ရှာဖွေနေစဉ် အနီးတွင် အိပ်နေသော ဦးဇော်ခွန်က မေးသည်။

"အဲဒါ ဘာလုပ်နေတာလဲ ဆရာ"

"ဟိုမှာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်က သူ့အဖွား နေမကောင်းလို့ အရေးတကြီး လာခေါ်နေတယ်၊ အဲဒါ လိုက်ကြည့်ပေးရမယ်"

"အိပ်ရေးပျက်[illegible]ပါတယ် ဆရာရယ်...ပြန်အိပ်နေစမ်းပါ၊ ဒီလောက်နက်တဲ့ ထမ်းသီတောထဲမှာ ဆရာက ဘယ်ကမိတ်ဆွေနဲ့ လာတွေ့နေရတာလဲ၊ ပြန်အိပ်စမ်းပါ ဆရာရယ်"

"ဘယ်ဖြစ်မလဲဗျ၊ အောက်မှာ သူတို့စောင့်နေကြတာ အားနာစရာကောင်းလှတယ်"

ထိုအခါ ဦးဇော်ခွန်က...

"ဆရာ...ဒီစင်ပေါ်က အောက်ကို လုံးဝမဆင်းနဲ့နော်၊ စင်အောက်ရောက်တာနဲ့ ဆရာ အသက်ပျောက်သွားမှာပဲ၊ အဲဒါ လူအစစ်တွေလို့ ဆရာ ထင်နေသလား၊ လုံးဝမဟုတ်ပါဘူး ဆရာ...တောထဲက နာနာဘာဝတွေ၊ ကျတ်တွေက ဆရာ့မိတ်ဆွေ မိန်းကလေး အယောင်ဆောင်လာတာပါ...

သူတို့တတွေ သစ်ပင်အောက်က မီးပုံအနားအထိ တိုးမလာနိုင်တာကိုကြည့်ရင် သိနိုင်ပါတယ်၊ တောထဲမှာ မီးပုံဆိုတာ မုဆိုးတွေရဲ့ စည်းပဲဗျ"



ဦးဇော်ခွန် ပြောသော်လည်း ကျွန်ုပ်မှာ လက်မခံနိုင်ပေ။ မလိုက် သွားစေလို၍ ပြောနေခြင်းဖြစ်သည်ဟု ထင်မိလေသည်။

"မဖြစ်နိုင်တာဗျာ...ကျုပ် ခဏလေးတော့ လိုက်သွားမှဖြစ်မယ်"

"ဆရာက ကျုပ်ပြောတာကို လက်မခံပဲကိုး၊ ကဲ...ဆရာ့ကို ယုံကြည်အောင် လက်တွေ့ပြလိုက်ပါ့မယ်"

ပြောပြောဆိုဆိုဖြင့် ဦးဇော်ခွန်က ကျွန်ုပ်အနီးတွင် ချထားသော သေနတ်ကို ဆွဲယူမောင်းတင်၍ စင်အောက်မှ သနားစဖွယ် မော့ကြည့်နေသော ခေမာ ဆိုသော မိန်းကလေးအား တည့်မတ်စွာ ချိန်ရွယ်၍ မောင်းဖြုတ်ချလိုက်သည်။

တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တောထဲ၌ 'ဒိုင်း' ဟူ၍ မြည်ဟိန်းသွားသည့် သေနတ်သံကြီးမှာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပေါ်ထွက်သွားလေ၏။

အမှတ်တမဲ့မို့ ကျွန်ုပ်မှာ တားဆီးချိန်မရလိုက်သဖြင့် စိတ်နှလုံး တုန်လှုပ်စွာဖြင့်...

"ဟော့လူ...ဘယ်လိုလုပ်လိုက်တာလဲ"

"ခင်ဗျား သိပ်ရက်စက်တဲ့လူပဲဗျ၊ လူအချင်းချင်း ဒီလောက် ရက်စက်ဖို့ မသင့်ပါဘူး၊ မိန်းကလေး တစ်ခုခုဖြစ်ရင်တော့ ခင်ဗျား တော့ ဒုက္ခတွေ့ပြီသာမှတ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဦးခေါ်ခွန်လက်မှ သေနတ်ကို ပြန်လှယ်ယူရာ သဘော ကျစွာ ပြုံး၍ အသာတကြည် ပြန်ပေးရင်း…

"ကျွန်ုပ်ဟာ ဘယ်သေနတ်မဆို ကျွမ်းကျွမ်းကျင်ကျင် ပစ်တတ်တဲ့ မုဆိုးတစ်ယောက်ပဲ၊ ဒီလောက်နီးတဲ့ ပစ်မှတ်ကိုတော့ ဘယ်နည်းနဲ့မှ လွဲချော်စရာ အကြောင်းမရှိဘူး…ကဲ…ကျုပ်ပြောတာ မယုံရင် ဆရာ့မိတ်ဆွေဆိုတဲ့ မိန်းကလေးကိုလဲ ငုံ့ကြည့်လိုက်ပါဦး"

ကျွန်ုပ်မှာ စိတ်မကောင်းစွာဖြင့် သစ်ပင်အောက်သို့ မရဲတရဲ ငုံ့ကြည့်လိုက်ရာ စောစောက မီးတုတ်ကိုင်ထားသောလူများကိုသော် လည်းကောင်း၊ သွေးအိုင်ထဲ လဲကျသေဆုံးနေပြီဟုထင်သော ခေမာ အားလည်းကောင်း လုံးဝမတွေ့ရတော့သဖြင့် အံ့သြကြီးစွာ ဖြစ်မိတော့ သည်။

"ဘာတွေလဲဗျ၊ ဘာတွေဖြစ်ကုန်တာလဲ…ကျုပ်တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

ထိုအခါ အဘဆန်ခေါင်ကပါ အိပ်ယာမှာထလာပြီး…

"အဲဒါ တောချောက်တယ်လို့ခေါ်တယ် ဆရာရဲ့၊ တောနက် လေ…မာယာများလေဆိုတာ ဆရာ လက်တွေ့မြင်ရပြီမဟုတ်လား၊ ကေန္တ နေ့လည်က တောထဲမှာ ဂမုန်းသွားရှာရင်း ဆရာ ခေမာ ဆိုတဲ့ မိန်းကလေးနဲ့ တွေ့ခဲ့ရော့သလား၊ တောထဲမှာ ကိုယ့်အချင်းချင်း ဆက်သွယ်ချင်ရင် နာမည်မခေါ်ကြရတာ ဒါကြောင့်ပေါ့…

နာနာဘာဝတွေ၊ ကျတ်တွေဟာ အဲဒီနာမည်ကို မှတ်ထားပြီး



လာရောက်လှည့်စားတတ်တယ်ဗျ…စောစောက ကျုပ်တို့သာမပါရင် ဆရာတစ်ယောက်ထဲဆိုရင် စင်အောက်ကို ဆင်းသွားတာနဲ့ စင်အောက် ရောက်တာနဲ့ ခုလောက်ဆို ဘဝပြောင်းသွားလောက်ပြီဗျ"

"အလို…ကြောက်စရာကောင်းလှပါလား"

"ဒါကြောင့် ညဘက်တွေရောက်ရင် တောလိုက်တဲ့သူတွေဟာ ခင်ပေါ်တက်နေပြီး စင်အောက်မှာ မီးဖိုထားကြရတာပေါ့၊ အခုတော့ ကျည်ဆံတစ်တောင့် ကုန်သွားတာပေါ့ ဆရာရယ်၊ ကဲ…ရော့ ရော့ ပွတ်ချွန်းလိပ်ဖွာလိုက်ကြဦး"

အဘဆန့်ခေါင် လှမ်းပေးသော ပွတ်ချွန်းလိပ်ကို တစ်လိပ်စီ ယူ၍ မီးညှိဖွာလိုက်ကြသည်။

အဘဆန်ခေါင်က ဆက်ပြောပြသည်။

"တောထဲမှာဆိုတာ ဘယ်သူကိုမှ မယုံရဘူး၊ ဘယ်အရာကိုမှ စိတ်ချယုံကြည်လို့မရဘူး၊ အခုလို အချိန်မတော် အချိန်မျိုးတွေမှာ သစ်ပင်အောက်က ကိုယ့်မိဘ၊ သားမယား၊ သားသမီးတွေ အစစ် အမှန်ဖြစ်နေရင်တောင် အောက်ကို မဆင်းရဘူး၊ မဆင်းလို့ 'ဘာမှ မဖြစ်ဘူး၊ ဆင်းမိရင်တော့ မဟုတ်ရင် ဒုက္ခတွေ့တာ"

မုဆိုးလုပ်သက်ရင့်ပြီး အတွေ့အကြုံများသော အဘဆန်ခေါင် ပြောစကားများ မမှားကြောင်း နံနက်လင်းသောအခါ တွေ့ရလေ၏။

နံနက်လင်း၍ သစ်ပင်အောက် ဆင်းကြည့်သောအခါ သေနတ်

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာနှင့် သေဆုံးနေသော သစ်ခွေကျတ်ကြီးတစ်ကောင်ကိုသာ တွေ့ရလေသည်။

ကျွန်ုပ်တို့သည် ထမံသီတောထဲ၌ရှိနေသော ညဘက်များတွင် နောက်ထပ် ဆန်းကြယ်သောအတွေ့အကြုံများ ထပ်မံတွေ့ကြုံကြရသည်။

ညဥ့်နက်၍ သန်းခေါင်ကျော်သည်နှင့် ··· ထမံသီရွာမှ အသိမိတ်ဆွေများ အုပ်စုနှင့်လာခြင်းများ၊ ဆတ်ဖားကြီးများ၊ တောဝက်ကြီးများ စင်နားရောက်လာခြင်းများ၊ ဝတ်ဖြူစင်ကြယ်ဝတ်၊ ယောဂီဝတ်၊ လူသူတော်စင်များ လာရောက်ခြင်းများသော်လည်းကောင်း၊ အခြားထူးဆန်းဖွယ်ရာများကို အမျိုးမျိုးမြင်တွေ့ကြရသည်။

တစ်ညသ၌ တောထဲမှ ဒရယ်ကြီးတစ်ကောင်ထွက်လာပြီး စင်အောက်၌ ရစ်ဝဲရစ်ဝဲ လာလုပ်နေသဖြင့် ဦးဇော်ခွန်က ဒူးလေးကို မောင်းတင်ကာ ထိသေအဆိပ်လူးမြားဖြင့် ပစ်ခတ်ရာ ချက်ကောင်းကို ထိသဖြင့် နေရာတွင် လဲကျသွားတော့သည်။ ဦးဇော်ခွန် အသုံးပြုသော တစ်ဆွေ့ခုန် ထိသေအဆိပ်မှာ ထိရုံ သွေးစို့ရုံနှင့် ချက်ချင်းသေနိုင်သောအစွမ်းရှိသဖြင့် မြားမှန်သွားသော ဒရယ်ကြီးမှာ မည်သည့်အကြောင်းနှင့်မျှ အသက်ရှင်နိုင်စရာ လမ်းမရှိတော့ပေ။

ထိုသို့ ရှိနေပြီးမှ နံနက် အရုဏ်တက်ခါနီးတွင် တောထဲမှ လူသူတော်စင်တစ်ဦးထွက်လာပြီး လဲနေသော ဒရယ်ကြီးအား တောင်



ဝှေးဖြင့်ထိုးလိုက်ရာ အကောင်းအတိုင်း ပြန်ထလာကာ တောတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေတော့သည်။

နံနက်မိုးလင်းသောအခါ စင်အောက်သို့ ဆင်းကြည့်ရာ ဒရယ်ကြီး လဲကျနေသောနေရာတွင် သွေးစက်များ မတွေ့ရဘဲ သစ်ခွေးတစ်တုံးတွင် စိုက်ဝင်နေသော အဆိပ်လူးမြားကို ရယ်ရယ်မောမောဖြင့် ပြန်လည်နှုတ်ယူခဲ့ရပေ၏။

အံ့သြဖွယ်ကောင်းလှပေစွ။

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်မင်းဇာနဲ့ တွေ့ဆုံရခြင်း

နောက်တစ်နေ့ နံနက်လင်းသောအခါ အသားခြောက် ကော်ကော်ညှင်းကျည်တောင့်၊ ဖခါးရည်တို့ကို ဝမ်းဝအောင် စားသောက်ပြီးကြသည်နှင့် အသီးသီး တောထွက်ရန် ပြင်ဆင်ကြလေသည်။

ဒီနေ့သည် ကျွန်ုပ်တို့အဖို့ ထမ်သီတောကြီးထဲတွင် နောက်ဆုံးရက်အဖြစ် နေကြမည်ဖြစ်ပြီး နောက်တစ်ရက်တွင် ထမံသီရွာသို့ ပြန်ကြမည်ဖြစ်လေရာ အသီးသီး ရှာဖွေရရှိထားသော ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ကြလေ၏။

ဦးဇော်ခွန်နှင့် အဘဆန်ခေါင်တို့က အသားခြောက်များ၊ နှင့် ချိုကရဝေး အစရှိသော တန်ဖိုးကြီး ပရဆေးပင်များစွာတို့ကို စုဆောင်းရရှိကြသကဲ့သို့ ကျွန်ုပ်အနေနှင့်လည်း မိုးကြိုးသုံးခါ ကိုဆောင်သည်း

www.burmeseclassic.com

www.burmeseclassic.com



မသေသော ဂမုန်းပင် အပါအဝင် အခြား ဂမုန်းပေါင်းများစွာတို့ကို ရှာဖွေစုဆောင်းမိလေသည်။

ထိုအပင်များကို ထိခိုက်ပျက်စီးခြင်းမရှိအောင် ထိန်းသိမ်းရခြင်းကပင် ပိုမိုတာဝန်ကြီးလှပေသည်။ ကျွန်ုပ်တို့သည် ထမံသီတောထဲ ရောက်နေသည်မှာ ရက်အတန်ကြာပြီဖြစ်သော်လည်း ကံမစပ်၍လော…မပြောတတ်ပေ။ ဂမုန်းသူယောင်များအား ရှာဖွေမတွေ့ကြရပေ။

နောက်ဆုံးရက်ဖြစ်သောကြောင့် ကျွန်ုပ်သည် ဒေါ်မင်းဓာနှင့်တွေ့နိုင်ရန် ကြိုးစားခြင်းအနေဖြင့် တစ်ကိုယ်တည်း တောထဲသို့ ထွက်ခဲ့လေသည်။

စိတ်ထဲ၌မူ ခေမာ ဟူသော မဟူရာဝတ်စုံဖြင့် မိန်းကလေးကို နောက်တစ်ကြိမ် တွေ့ဆုံရန် ဆန္ဒရှိနေပေသည်။

သူမသည် လျှို့ဝှက်၍ အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းသော မိန်းကလေးတစ်ဦးဖြစ်သည်ဆိုခြင်းကိုတော့ ကျွန်ုပ် လက်ခံရပေမည်။

သူမတွင် အတိတ်ကြောင်းနှင့် စပ်လျဉ်း၍ လွန်စွာစိတ်ဝင်စားဖွယ်ရာကောင်းသောအကြောင်းများရှိနေလိမ့်မည်ဟု ထင်မိသည်။

ထိုအကြောင်းများကား တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်ုပ်နှင့် ဆက်နွယ်ပတ်သက်လာလိမ့်မည်ဟူ၍ကား ထိုအချိန်က ကြိုတင်၍ မတွေးမိခဲ့ပါချေ။

မည်သို့ပင်ဖြစ်စေ…



မဟူရာကေရီနှင့် ပတ်သက်၍ လျှို့ဝှက်ဆန်းကြယ်သော အကြောင်းဆက်များကို ကျွန်ုပ်အနေဖြင့် စိတ်ဝင်စားမိသည်ကား အသေအချာဖြစ်ပေ၏။

ကျွန်ုပ်သည် ယမန်နေ့က မှတ်သားထားခဲ့သော အမှတ်အသားများအတိုင်း အခက်အခဲမရှိ သွားနိုင်ပေ၏။

ယခင်တစ်ကြိမ် သွားရောက်စဉ်က တောကြီးမြွေယောက်လိုက်သောနေရာသို့ရောက်လာလျှင် ထိုနေရာသို့ စိတ်မချစွာ တစ်ချက်ကြည့်မိရာ မည်သည့် အန္တရာယ်ကိုမှ မတွေ့ရလေမှ စိတ်ချလက်ချ ခရီးဆက်ရပေသည်။

မကြာမီ မုဆိုးများက "မိစ္ဆာကုန်း" ဟု ခေါ်သောနေရာကို ရောက်လာပြီး ထိုနေရာတွင် ခေမာကို တွေ့ရလေမလားဟူသော မျှော်လင့်ချက်ဖြင့် ကြည့်သော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပေ။

ထိုမိစ္ဆာကုန်းနှင့် မလှမ်းမကမ်းတွင် ကျောက်တောင်သဏ္ဍာန်အောက်ခြေတွင် ဂူပေါက်တစ်ခုကို လှမ်းမြင်ရလေရာ ထိုနေရာသို့ လျှောက်လာခဲ့သည်။

ထိုနေရာသည် သစ်ပင်ချုံနွယ်နှင့် အမှိုက်များ အတန်ငယ်ရှင်းလင်းနေပေ၏။

ဂူပေါက်သို့ရောက်သောအခါ အခြေအနေကို အကဲခတ်ကြည့်ရသည်။ တောနက်တွင်းမှာဆိုတော့ ဒီလို ဂူပေါက်များကား သားရဲ

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များ ခိုအောင်းနေတတ်သည်ဟု ကြားဖူးထားသောကြောင့် ဖြစ်သည်။

ဂူပေါက်ဝသည် အတန်ငယ်ကျယ်ဝန်းပြီး အတန်ငယ်ဝင်သွားလျှင် မီးဖိုတစ်ခုကို တွေ့ရပေ၏။

ထိုမီးဖို၏ ဟိုဘက်ကျောက်နံရံနားတွင် ကွပ်ပျစ်တစ်လုံးပေါ်၌ ယောဂီတစ်စုံဖြင့် အမျိုးသမီးကြီးတစ်ဦးကို လှမ်းမြင်ရသည်။

သူမသည် နံရံဘက်သို့ လှည့်ကာ တရားအားထုတ်နေဟန်ရှိလေ၏။ ကျွန်ုပ်က ခြေသံမကြားအောင် မီးပုံကို ကျော်ဝင်ရန် စဉ်းစားနေစဉ် သူမထံမှ စကားသံပေါ်ထွက်လာသည်။

"ရန်ကုန်က ကျုပ်ကို တကူးတကန့်တွေ့ဖို့ ရောက်လာတဲ့ စာရေးဆရာ အောင်မင်းအောင်ဆိုတာ မှတ်တယ်"

ထိုမျှော်လင့်သောစကားသံကြောင့် လှမ်းရန်ပြင်နေသော ခြေလှမ်းကိုတုံ့ကာ 'ဟုတ်ကြောင်း' ဝန်ခံလိုက်ရပေ၏။

"ကျုပ်ရဲ့နာမည် ဒေါ်မင်းဇာဆိုတာတော့ သိပြီးမှတ်တယ်၊ သဟာဖြင့် ဂူအပြင်ဘက်က ခဏကလေးစောင့်ပါ၊ ကျုပ်ရဲ့ အဓိဋ္ဌာန်ပြည့်ရင် ထွက်လာခဲ့ပါ့မယ်"

"ကောင်းပါပြီ"

ကျွန်ုပ်သည် ဂူအပြင်သို့ ပြန်ထွက်ကာ သင့်လျော်သောနေရာတစ်ခုတွင် ထိုင်ကာ စိတ်ရှည်လက်ရှည် စောင့်ရတော့သည်။

အတန်ကြာလေလျှင် ဂူအတွင်းမှ ဒေါ်မင်းဇာ ထွက်လာလေ



[illegible] သူမသည် အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားဖြူ အမျိုးသမီးကြီးတစ်ဦးဖြစ်သည်။

ဖြူဝင်းသောအသားအရေနှင့် ယောဂီဝတ်စုံတို့မှာ လွန်စွာမှလိုက်ဖက်လှပေ၏။

သူမသည် ရှမ်းအဆက်အနွယ် ကပြားတစ်ဦး ဖြစ်ဟန်တူသော်လည်း မြန်မာစကားကို ပီသစွာ ပြောဆိုနိုင်ပေ၏။

"ကျွန်တော့်အတွက်ကြောင့် အမေ အဓိဋ္ဌာန်ပျက်သွားရင် သည်းခံခွင့်လွှတ်စေချင်ပါတယ်၊ ကျွန်တော် နာမည်က အောင်မင်းအောင်ဖြစ်ပါတယ်၊ အလုပ်အကိုင် ဝါသနာအရ စာရေးပါတယ်"

"မင်းရဲ့အကြောင်းတွေကိုတော့ မြေးမလေး ခေမာက ကျုပ်ကို ကြိုတင်ပြောပြထားလို့ သိပြီးသားပါ၊ တစ်နေ့နေ့မှာ မင်းရောက်လာလိမ့်မယ်ဆိုတာလဲ ကြိုတင်သိထားပြီးသားပါ၊ ကိုင်း…မင်းလာရင်းကိစ္စအကြောင်းကို ဆိုပါဦးကွယ်"

ဒေါ်မင်းဇာ၏ အသံက ချိုသာအေးချမ်းလှပေသည်။

"ကျွန်တော်က စာရေးဆရာဆိုတော့ လျှို့ဝှက်ဆန်းကြယ်တဲ့အကြောင်းအမျိုးတွေကို အထူးစိတ်ဝင်စားပါတယ်"

အထူးသဖြင့် ကျွန်တော့်မိတ်ဆွေကြီးထံမှ အမေနှင့် ပတ်သက်ပြီး ထူးဆန်းတဲ့အကြောင်းကို ကြားပြီးကတည်းက အမေ့ကို တွေ့ချင်နေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် အမေ ဒီဂူတွင်းမှာ တစ်ယောက်တည်းနေခဲ့တာ ကြာပြီလို့ သိရပါတယ်"

အသာအယာခေါင်းညိတ်ပြသည်။

"ဒီလောက်တောနက်ကြီးထဲမှာ ဘယ်လိုအန္တရာယ်မျိုးမှ အနှောင့်အယှက်မပေးကြဘူးလားဟင်"

"ရောက်ခါစတုန်းကတော့ အနှောင့်အယှက်ပေးကြတာပေါ့၊ ဒါပေမယ့် သတ္တဝါပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် ကိုယ်ကမေတ္တာမပျက်ရင် သူတို့ကလည်း မေတ္တာမပျက်ကြပါဘူး။ အခုဆိုရင် ညဘက်တွေမှာ ဂူထဲကဖိုထားတဲ့ မီးဖိုနားကို ကျားတွေတောင် လာအိပ်ကြပေမယ့် ဘယ်လိုအန္တရာယ်မှ မပေးကြပါဘူး..."

"အဲဒီလို...အန္တရာယ်မပေးနိုင်အောင် အမေ ဘယ်လိုအတတ်ပညာတွေနဲ့ စီစဉ်ထားသလဲဟင်"

ဒေါ်မင်းဓာက တစ်ချက်ပြုံးလိုက်ပြီး....

"မင်းကရော ထမံသီရွာလူတွေထင်ကြသလို ကျုပ်ကို စုန်းမတစ်ယောက်လို့ မထင်မိပေဘူးလား...တကယ်တော့ လောကမှာရှိတဲ့ လက်နက်အားလုံးထက် အတတ်ပညာတွေအားလုံးထက် မေတ္တာလက်နက်ကသာ အစွမ်းထက်ဆုံးပါကွယ်၊ တို့ရဲ့ဘုရားသခင်ဟာ မေတ္တာလက်နက် တစ်ခုတည်းနှင့် လောကအားလုံးကို အောင်မြင်တော်မူခဲ့တာ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် အမေ"



"အမေ့မှာ အစွမ်းထက်တဲ့အတတ်ပညာ၊ ဂါထာ၊ မန္တရား တစ်ခုမှမရှိပါဘူးကွယ်၊ ငယ်စဉ်ကတည်းက မေတ္တာတရားပွားများ ရှုမှတ်တဲ့ အလုပ်ကို စွဲစွဲမြဲမြဲလုပ်ခဲ့ပါတယ်"

ထိုစကားသည် အမှန်စကားပြောနေသည်ဖြစ်ကြောင်း ပကတိ တည်ငြိမ်အေးချမ်းလျက်ရှိသော အဘွားဒေါ်မင်းဓာ၏ အမူအရာနှင့် မျက်နှာသွင်ပြင်က သက်သေခံလျက်ရှိပေ၏။

"သြော်...ဒါကြောင့် အမေဒီမှာ အန္တရာယ်ကင်းကင်းနဲ့ နေနိုင်ခဲ့တာကိုး"

"မင်းကရော အမေ့ကို အများထင်သလို ကဝေမကြီး၊ စုန်းမကြီးလို့ မထင်ပေဘူးလား"

"ကျွန်တော်ကတော့ ဘယ်လိုမှမထင်မိပါဘူး၊ ထမံသီရွာက လူတွေက အမေ့ကို ကဝေမကြီးလို့ ကင်ပွန်းတပ်စွပ်စွဲတာကတော့ အံ့သြစရာပေပဲ"

"ဒါကတော့ကွယ် စရိုက်ချင်းမတူလေတော့ ထင်ရာပြောကြတာဖြစ်မှာပါ၊ သူတို့ အမေ့ကို နှစ်ခါသုံးခါ စော်ကားဖို့ကြိုးစားကြတယ်၊ သူ့အပြစ်နဲ့ သူခံသွားကြရတာဘဲ၊ အမေကတော့ သူတို့ကို အပြစ်ရပါစေလို့ တစ်ခါမှ စိတ်မထားခဲ့ပါဘူး၊ ကြာရင် အမေ့အပေါ် အထင်လွဲ အမြင်လွဲ အပြစ်မှားကြတဲ့သူတွေ အပြစ်ရကြမှာစိုးလို့ အခုလို လူတွေနဲ့ဝေးတဲ့တောထဲမှာ လာနေခဲ့တာပါ...

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာလာနေတော့ အမေ့အတွက်လဲကောင်းတယ်၊ သူတို့လဲ အကုသိုလ်ကင်းကြတာပေါ့ကွယ်"

ထိုစကားကို စိတ်ရှည်လက်ရှည်ရှင်းပြနေချိန်တွင် ဒေါ်မင်းဓာ၏ ရုပ်မျက်နှာသွင်ပြင်မှာ ပကတိတည်ငြိမ်အေးချမ်းလျက်ရှိပေသည်။ ကျွန်ုပ် ရင်တွင်း၌မူ ဒေါ်မင်းဓာအပေါ်၌ အများစွပ်စွဲခဲ့သလို မထင်မိခဲ့ခြင်း အတွက် စိတ်ပေါ့ပါးကာ လိပ်ပြာသန့်လျက်ရှိတော့သည်။ အထင်နှင့် အမြင်ဟူသော စကားနှစ်ခွန်းမှာ ယှဉ်တွဲနေသော်ငြားလည်း အဓိပ္ပာယ် ကား တစ်ခြားစီဖြစ်တတ်ကြောင်း ကျွန်ုပ်အတွက် သင်ခန်းစာကောင်း တစ်ခု ရရှိခဲ့ပေ၏။

"ဒါထက် လူတွေပြောကြသလို မိုးကြိုးပစ်ခံရတာ အမေ ဘာမှမဖြစ်ဘူးဆိုတာကော ဟုတ်ပါသလား အမေ"

"အင်း...ဒါကတော့ ဟုတ်ပါတယ်၊ အမေ မေတ္တာတရားရှု မှတ်ပွားများနေတုန်း အမေ ထိုင်နေတဲ့နေရာနဲ့ မနီးမဝေး မြေကြီးထဲက အလင်းတန်းကြီးတစ်ခု ကောင်းကင်ကို ပြေးတက်သွားတာကို အာရုံ မှာ မြင်လိုက်ရတယ်၊ နောက်...ကောင်းကင်က မြည်သံကြီးတစ်ခု ကြားရပါတယ်၊ တရားအားထုတ်ပြီးလို့ ငုံ့ကြည့်လိုက်တော့ အမေ့ ကိုယ်ပေါ်က ဝတ်ထားတဲ့ အဝတ်အစားတွေ မီးကျွမ်းနေတာလို မည်း နေတာ တွေ့ရတယ်...

ဒီတော့မှ အမေလဲ မိုးကြိုးဆိုတာ ကောင်းကင်က ပစ်ချတာ မဟုတ်ဘဲ မြေကြီးထဲက ထွက်ကြောင်း သိရတော့တယ်ကွယ်"



အမေ ဒေါ်မင်းဓာ၏ စကားကို ကြားရသောအခါ ဖတ်ရှုလေ့လာဖူးသော သိပ္ပံဆောင်းပါးတစ်ပုဒ်ကို သတိ ကောင်းကင်ပြင်၌ အပူရှိန်မှ ဖြစ်ပေါ်လာသော ဓာတ်များ ပြန့်လွင့်စုစည်းလာလျှင် ပထဝီဓာတ်တွင် ကိန်း နေသော လျှပ်စစ်အဖိုဓာတ်များက သံလိုက်သဖွယ် ကောင်းကင်သို့ ပြေးတက်ကြရပေ၏။

လျှပ်စီးကြောင်းဖြတ်ချိန်၌ အပူရှိန်ကြောင့် ဝန်းကျင်ရှိ သက်ရှိ သတ္တဝါ၊ လူ၊ အရာဝတ္ထု ပစ္စည်းမှန်သမျှ အပူလှိုင်းသင့်ကာ မီးလောင် ပျက်စီးတတ်ပေ၏။

လျှပ်စစ်ဖြတ်ခြင်းက ပထမ (ပျက်စီးခြင်း)၊ လျှပ်စစ်အဖိုနှင့် အမပေါင်းဆုံခြင်းမှ ဖြစ်ပေါ်လာသော အလင်းရောင်က ဒုတိယ (လျှပ်စီးလက်ခြင်း)၊ ကြီးမားသောအသံကြီး (မိုးခြိမ်းသံဟုခေါ်သည်) ဖြစ်ပေါ်စေခြင်းက တတိယဖြစ်ကြောင်း ရေးသားထားပေ၏။

"တကယ်တော့ အဲဒီအချိန်မှာ အမေဟာ တရားရှုမှတ်ရင်း မေတ္တာတရားပွားများနေချိန်ဆိုတော့ တစ်ကိုယ်လုံး အေးချမ်းနေပြီး အကျီကျွမ်းသွားတာတောင် ပူမှန်းသတိမထားလိုက်မိပါဘူးကွယ်"

ကျွန်ုပ်မှာ ထိုစကားကို ကြားရသောအခါ တရားဖြင့် မွေ့လျော် ခြင်း၊ မေတ္တာတရားပွားများ လုံ့လြုသူတို့အတွက် မည်သည့်နေရာတွင် နေနေ အန္တရာယ်ကင်းကြကြောင်း နားလည်ရပေတော့သည်။

"ငါ့သားက အမေ့ဆီကို တကူးတကန့် ရောက်လာတဲ့သူဆို

www.burmeseclassic.com

www.burmeseclassic.com



မင်းအမှတ်တရ လိုချင်တဲ့ အမေရဲ့ မီးမကျွမ်းတဲ့ ဆံပင်ကိုလဲ အကုသိုလ်ငယ်···

ထိုဆောင်အဖြစ် စကားတစ်ခွန်းလဲ ပြောလိုက်ပါရစေ၊ ချက်မှာ 'မီး' ဆိုတာ လောင်တတ်တဲ့အမျိုးပဲကွယ့်၊ အရေးကြီးတာက ရင်တွင်း၌မှ ဒေါသကို အေးအောင် ငြိမ်းနိုင်တဲ့တစ်နေ့မှာ အပြင်က မီး အလောင်နိုင်တော့ဘူးဆိုတာကို ယုံကြည်ထားပေရော့ ကြားလား"

ဒေါ်မင်းဇာသည် အေးငြိမ်းတည်ကြည်စွာဖြင့် ဦးခေါင်းမှ ဆံပင်အချို့ကို ဖြုတ်ယူကာ ကျွန်ုပ်အား ကမ်းပေးလေ၏။ ကျွန်ုပ်လည်း ဂရုတစိုက် လှမ်းယူပြီး လက်ကိုင်ပဝါဖြင့်ထုပ်ကာ အိတ်တွင်းသို့ ထည့်လိုက်သည်။

ထို့နောက် ဒေါ်မင်းဇာကို ထိုင်၍ ကန်တော့လိုက်လေသည်၊ ဒေါ်မင်းဇာက အေးချမ်းသောအသံဖြင့် မေတ္တာပို့သကာ ကျွန်ုပ်အား နှုတ်ဆက်ပြီး ဂူအတွင်းသို့ ပြန်ဝင်သွားလေရာ နောက်မှ အငေးသား ကြည့်နေမိတော့သည်။

ကျွန်ုပ်ရင်တွင်း၌မူ ချမ်းမြေ့အေးချမ်းနေပေ၏။

♎ ♎ ♎



## ထမံသီသို့နှုတ်ဆက်ခြင်း

နောက်တစ်နေ့နံနက်လင်းလေလျှင် ကျွန်ုပ်တို့ သုံးယောက်မှာ ပစ္စည်းများကို စုဆောင်းထုပ်ပိုး၍ စခန်းမှ ပြန်လည်ထွက်ခွာကြလေသည်။

ကျွန်ုပ်၏ စိတ်အစဉ်မှာ လာစဉ်ကနှင့်မတူလှေဘဲ တစ်စုံတစ်ခုသော တုပ်နှောင်ခြင်းခံထားရသလို လေးလံထိုင်းမှိုင်းလျက် ရှိပေ၏။

ရိုးသားစွာ ဝန်ခံရလျှင် ကျွန်ုပ်သည် အသွား ဒေါ်မင်းဇာကို သော်လည်းကောင်း၊ ခေမာကိုသော်လည်းကောင်း အထူးပင် သတိရလျက် ရှိကြောင်း ဝန်ခံရပေမည်။

ယခုလို ပြန်ကာနီးတွင် ခေမာကို နှုတ်မဆက်ခဲ့ရခြင်းအတွက် အတော့်ကို စိတ်မကောင်းဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘဆန်ခေါင်က ရှေ့ဆုံးမှသွားကာ ကျွန်ုပ်က အလယ်မှ လိုက်လျက် ဦးဇော်ခွန်က နောက်ဆုံးမှနေ၍ လာစဉ်က မှတ်သားထားခဲ့သော အမှတ်အသားများကို ကြည့်ပြီး လာလမ်းအတိုင်း ပြန်လာကြစဉ် အတန်ကြာသောအခါ တောတွင်းတစ်နေရာမှ ခြေသံကို ကြားရလေလျှင် လက်နက်များကို အသင့်ပြင်ကိုင်လိုက်ကြသည်။

''ဆရာ''

ထိုခေါ်သံနှင့်အတူ တောထဲမှ ခေမာ ထွက်လာသည်။ ခေမာကို ရုတ်တရက် မြင်လိုက်ရသောအခါ အဘဆန်ခေါင်နှင့် ဦးဇော်ခွန်တို့ လက်မှ လက်နက်များဖြင့် အသီးသီးချိန်ရွယ်လိုက်ကြသည်။

''ဟာ…မပစ်ကြနဲ့၊ မပစ်ကြနဲ့…သူက ကျတ်မဟုတ်ဘူး။ လူအစစ်ဗျ၊ လူ…လူ၊ ခင်ဗျားတို့ မှားကုန်ကြမယ်…နေကြပါဦး''

ကျွန်ုပ်က မြားရှေ့မှ ဝင်တားလိုက်စဉ် ခေမာက မလှမ်းမကမ်းသို့ ရောက်လာသည်။

ဒီတော့မှ ဦးဇော်ခွန်က ခေမာကိုကြည့်ပြီး မှတ်မိသွားပုံရသည်။

''ဟော့…ဟော့…မင်း ဟိုတောင်ခြေရွာမှာနေတဲ့ ငါ့သူငယ်ချင်းရဲ့ သမီးလေးမဟုတ်လား''

မင်းတို့ ရန်ကုန်ကို မျက်လှည့်ပြဖို့ သွားကာနီးတုန်းက ငါ့ဆီက စာဝင်ယူသွားတုန်းက မြင်ဖူးလိုက်တယ်၊ တော်ပါသေးရဲ့ကွာ… လက်လွန်ခြေလွန်တွေ မှားကြတော့မလို့''



ဒီတော့မှ နှစ်ယောက်သား ဒူးလေ့မောင်းတံရုပ်၍ မြားပြန်ထွက်ကြလေသည်။

ခေမာက အနီးသို့ ရောက်လာသည်။

သူမသည် ခရီးဝေးမှ အလောတကြီး လာခဲ့ဟန်ဖြင့် မောဟိုက်နေသည်။

''ဩော်…မင်းတို့ချင်းက ရန်ကုန်သွားကတည်းက မိတ်ဆွေဖြစ်လာပြီး ဒီမှာ ပြန်ဆုံကြတာကိုး၊ ကေန္တ ဒေါ်မင်းဇာရဲ့ မြေးဆိုတာလဲ မင်းပဲဖြစ်မှာပါပဲ၊ အံ့ဩစရာတော့ အကောင်းသားဟေ့…

ကဲ…ဆရာတို့ချင်း စကားပြောနေကြတုန်း ကျုပ်တို့နှစ်ယောက်ရှေ့က သွားနှင့်မယ်၊ ဟို ရှေ့နားက ချောင်းစပ်မှာပဲ ဆေးပတ်သောက်ရင်း စောင့်နေတော့မယ်ဗျို့''

အဘဆန်ခေါင်နှင့် ဦးဇော်ခွန်တို့ ထွက်သွားသောအခါ နေရာတွင် ခေမာနှင့် ကျွန်ုပ်တို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

''ကျုပ်က ပြန်ကာနီး ခေမာ့ကို နှုတ်မဆက်ခဲ့ရလို့ စိတ်မကောင်းဖြစ်နေတာဗျ၊ အခုလို တွေ့ရတော့လဲ နှုတ်ဆက်ရင်း ပေးချင်တာလေးတွေ ပေးရတာပေါ့''

ကျွန်ုပ်သည် ကျောပိုးအိတ်အတွင်းမှ အသင့်ဆောင်ယူလာသော ဆေးဝါးပစ္စည်းနှင့် စားသောက်စရာအချို့ကိုယူ၍ ခေမာ့အားထုတ်ပေးလိုက်သည်။

သူမသည် တဆတ်ဆတ်တုန်ယင်လျက်ရှိသော လက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးများဖြင့် ကျွန်ုပ်ကမ်းပေးသော ပစ္စည်းများကို လှမ်းယူရင်း နုနယ်သော မျက်နှာလေးပေါ်၌ ကြေကွဲဝမ်းနည်းမှုလေးများ အထင်းသားပေါ်လွင်နေ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ ခေမာ…ကျုပ်လဲ မင်းလိုပဲ စိတ်မကောင်းဖြစ်ရပါတယ်၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက် ရေစက်မကုန်သေးရင်တော့ တစ်ချိန်ချိန်မှာ ပြန်ဆုံချင်ပါသေးတယ်"

"ခေမာလဲ ဆရာနဲ့ နောက်တစ်ကြိမ် ပြန်ဆုံချင်ပါသေးတယ်၊ နောက်တစ်ခေါက် ရန်ကုန်ဆင်းလာဖြစ်ရင် ဆရာ့ဆီကို ရောက်အောင် ဝင်လာခဲ့ပါ့မယ်"

"ဝင်လာခဲ့ပါ ခေမာ…မင်းနဲ့ ကျုပ်ဟာ တကယ့်ရင်းနှီးကြတဲ့ မိတ်ဆွေရင်းချာတွေ ဖြစ်နေကြပြီပဲ၊ ကျုပ်ရဲ့အိမ်မှာ အားမနာတမ်း တည်းနိုင်ခိုနိုင်ပါတယ်၊ စေတနာရင်းနဲ့ မင်းတို့ကို ဖိတ်ခဲ့ပါတယ်"

ခေမာထံမှ ဆွေးဆွေးမြေ့မြေ့ သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီးမှ…

"သံသရာခရီးဆိုတာ တကယ့်ကို ရှည်လျားလှပါတယ်၊ မဆုံးမချင်း မနားမနေကို လျှောက်နေကြရတာပဲနော်…တွေ့ဆုံကြုံကွဲဆိုတဲ့ သင်္ခါရတရားတွေနဲ့ အမြဲလို ကြုံတွေ့နေရတာပဲ…

အင်းလေ…ဆရာပြောသလိုပါပဲ…ရေစက်မကုန်သေးရင်တော့ ကျွန်မတို့ချင်း ထပ်ပြီးဆုံနိုင်ကောင်းပါသေးတယ်လို့ပဲ ဆုတောင်းနေပါ့မယ်…ဆရာ့ကို ခေမာ နှုတ်မဆက်ချင်ပါဘူး၊ ဒါပေမယ့်



ခဏလေးအတွက်တော့ နှုတ်ဆက်လိုက်ပါ့မယ်…ဆရာ သွားမယ် ဦးတော့"

ခေမာသည် ကျွန်ုပ်အား ထိုသို့ပြောကာ တစ်စုံတစ်ခု ကမ်းပေးပြီးနောက် နှုတ်ဆက်ကာ တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ကျွန်ုပ်ရင်တွင်းမှာ စိတ်မကောင်းခြင်းနှင့်အတူ လှုပ်ယမ်းကျန်ရစ်ခဲ့သော သစ်ပင်ကလေးများကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် ခေမာ ပေးသွားသောပစ္စည်းလေးကို အသေအချာကြည့်လိုက်သောအခါ 'ဂျေဒါ' အမှတ်အသားပါသော ငွေလက်စွပ်ကလေးတစ်ကွင်းဖြစ်နေသည်ကို အံ့သြစွာ တွေ့ရပြီး ကျွန်ုပ် ညာလက်ကို စွပ်ကြည့်သောအခါ တိုင်း၍ ပြုလုပ်ထားသည့်နှယ် အံဝင်ခွင်ကျဖြစ်နေလေတော့သည်။

ထို့နောက် ကျွန်ုပ်သည် ခေမာရှိရာသို့မှန်း၍ နှုတ်ဆက်လိုက်ပြီးနောက် အဖော်များရှိရာဆီသို့ ထွက်လာခဲ့တော့သည်။

ဂ ဂ ဂ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ကျွန်ုပ်သည် ထမံသီတောတွင်းမှ ပြန်လာခဲ့ပြီးနောက်တွင် တောတွင်းမှ အတွေ့အကြုံများတို့သည်လည်းကောင်း၊ ဒေါ်မင်းဓာနှင့် ပတ်သက်သော အကြောင်းများသည်လည်းကောင်း၊ မဟူရာကျော်ရှိ ချေါ် ခေမာနှင့်ပတ်သက်သော အကြောင်းများတို့သည်လည်းကောင်း မမေ့ပျောက်နိုင်အောင် ရှိနေတော့သည်။

တစ်နေ့သောအခါ ကျွန်ုပ်သည် မိုးအေးအေးနှင့် အလွန်ပျင်းရိ ငွယ်ကောင်းသောနေ့တစ်နေ့အား ကုန်လွန်စေခြင်းအလို့ငှာ မီမီးဖိုဘေးတွင် ထက်မှ ကောင်းနိုးရာရာ စိတ်ဝင်စားနိုင်မည်ထင်သော စာအုပ်များအား ရွေးချယ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် ရှာဖွေစဉ် ယခင်ကဖတ်ဖူးထားသော်လည်း သခေါက်ကြိမ်ပြန်ဖတ်လျှင် စိတ်ဝင်စားနိုင်မည်ထင်သော စာအုပ်ကော တစ်အုပ်အား ဆွဲထုတ်ယူလိုက်သည်။

ထိုစာအုပ်၏အမည်ကား ...

'အံ့သြဘွယ်ရာ နက္ခတ်တာရာ' ဟူသော စာအုပ်ပင်ဖြစ်တော သည်။

၎င်းစာအုပ်မှာ အလွန်ရှေးကျပြီး ဟောင်းနွမ်းလှပြီဖြစ်ရ စာရွက်သားများပင် ဝါကျင်ကျင့်အရောင်သန်းလျှက်ရှိပြီး၊ ထုတ် သည့် ခုနှစ်နှင့် ပုံနှိပ်မှတ်တမ်းများ မပါရှိတော့ချေ။

စာအုပ်ခေါင်းစီး၌ စာအုပ်ရေးသားပြုစုသည့် ပုဂ္ဂိုလ်အမည် 'ရှေးပညာရှိတစ်ဦး(ကဝိလက္ခဏာပြည့်)' ဟူ၍ တွေ့ရလေတော့သည်

ကဝိလက္ခဏာပြည့်ကား ရှေးဟောင်းတိုင်းပြည်တစ်ပြည်ဖြ ကြောင်းနှင့် နက္ခတ်ပညာ၊ မှော်အတတ်ပညာ၊ ရှေးဟောင်းဂန္ဓာရီပညာ ဂန္ဓာရီပညာများ လွန်စွာထွန်းကားခဲ့သော အကြောင်းအရာများကို ယခ က ကျွန်ုပ်ဖတ်ရှု မှတ်သားခဲ့ဖူးပေ၏။

ကဝိလက္ခဏာပြည့် ပျက်စီးပျောက်ဆုံးသွားခဲ့သည်မှာ နှ ပေါင်းများစွာကြာခဲ့ပေသည်။

ဤသို့ဆိုလျှင်လည်း ၎င်းအံ့သြဘွယ်ရာ နက္ခတ်တာရာစာအု ၏ သက်တမ်းမှာ ဘယ်ရွေ့ဘယ်မျှ ကြာမြင့်မည်ကို ခန့်မှန်း မလွယ်ကူလှတော့ပေ။



စာအုပ်ကို စတင်ဖတ်ရှုလိုက်သောအခါ မှော်အတတ်ဝိဇ္ဇာဥ် ဆာက၊ နာမ်လောကနှင့် စပ်လျဉ်းဆက်သွယ်သော သိုက်သမိုင်း ကြောင်းများတွင် ...

- သားဆုပန်ခြင်း၊ ရက္ခဆိုးနတ်က သားဆုပေးခြင်း၊
- ရှေးက အီဂျစ်ပြည် ဖာရိုဘုရင်များလက်ထက်၌ ဘုရင်နှင့် မိဖုရားတို့ သားဆုတောင်းခြင်း၊
- သားသမီးရရှိစေရန် ကိုးကွယ်သော နတ်ရုပ်များကို အမျိုးမျိုးသော ပူဇော်ပသမှုများ ပြုကြခြင်း၊

- အိပ်မက်ကို ယုံကြည်ခြင်း၊
- ထင်ဟပ်လာသော အိပ်မက်များကို အနာဂတ်အကြောင်းများနှင့် စပ်လျဉ်းဆက်သွယ်သည်ဟု ယုံကြည်ကြကာ ပုဏ္ဏားဖြင့်။ ပုဏ္ဏားညီတို့ကို နိမိတ်ဖတ်ကြားစေခြင်း၊ အတိတ်ကောက်စေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သော ဂမ္ဘီရအကြောင်းများကို တခမ်းတနားရေးသားထားသေး၏။

ဂမ္ဘီရအကြောင်းအရာများမှာ လွန်စွာမှ နက်နဲလှပေ၏။ သာမန်တွေးတောကြည့်ရုံဖြင့် အဖြေမသိနိုင်သော အကြောင်းအရာများဖြစ်ပေသည်။

ရှေးကသော်လည်းကောင်း၊ ယခုအခါ၌သော်လည်းကောင်း၊ ဝိညာဉ်လောက(Spirituatism)ကို ကောင်းစွာမယုံကြည်သူ အများအပြားရှိသောလည်း ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်း(ရွှေဥဒေါင်းရေးသားသော စုံထောက်ဦးစံရှားဝတ္ထုများကို စတင်ရေးသားသူ) ရေးသားသော ဆရာကြီး (Sir Arthur Conan Doyle)ခေါ်အာသာကိုနင်ဒွိုင်းသည် သူကိုယ်တိုင် ဝိညာဉ်လောကကို ယုံကြည်သူဖြစ်သည်။

သူရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်တွင် သူမွေးထားသော ခွေး၏ ဝိညာဉ်အကြောင်းကို ရေးသားထား၏။ ဆရာကြီး၌ လက်သပ်မွေး၍ အလွန်ချစ်စရာကောင်းသော ခွေးတစ်ကောင်ရှိရာ တစ်နေ့သော အခါ ပျောက်သွားပြီးနောက် သုံးရက်ခန့်အကြာတွင် အိပ်မက်ထဲ၌ ခွေးတစ်ကိုယ်လုံး ရေများရွှဲရွှဲစိုလျက် အထင်အရှားတွေ့ရလေသည်။

နောက်တစ်နေ့တွင် ခွေး၏အလောင်းကို အိမ်နှင့်မနီးမဝေးရှိ ရေကန်တစ်ခုထဲ၌ ရေနစ်သေဆုံးနေသည်ကို တွေ့ရတော့သည်။

ထို့နောက် ကျွန်ုပ်သည် စာအုပ်ကို ဆက်လက်ဖတ်ရှုသော



ခါ နက္ခတ်တာရာနှင့် စပ်လျဉ်းမှုများသည် ဝိညာဉ်လောက၊ နာမ်လောက၊ လူဝင်စားလောကနှင့် တစ်နည်းတစ်ဖုံ ဆက်နွယ်ပတ်သက်ကြောင်း ဖော်ပြထားပေ၏။

နက္ခတ်တာရာများက လူတစ်ယောက်၏ အနာဂတ်အရေးကို ကောင်းအောင်သော်လည်းကောင်း၊ ဆိုးအောင်သော်လည်းကောင်း၊ ဖန်တီးနိုင်စွမ်းရှိပေ၏။

အပြင်ဘက်တွင် မိုးသည် အငြိုးကြီးစွာဖြင့် ရွာသွန်းမြဲရွာသွန်းလျက်ရှိရာ တိတ်ဆိတ်ငြိမ်သက်နေသော ကာလ၌ မိုးစက်များကျသံ တပေါက်ပေါက်၊ တဖျောက်ဖျောက်ကိုသာ မှန်မှန်ကြီးကြားနေရသည်။

ထိုအချိန်တွင် အိမ်ရှေ့တံခါးဘက်မှ အချက်ပေးခေါင်းလောင်းသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်သည် နေရာမှထကာ ပြတင်းပေါက်မှန်တံခါးမှ အောက်သို့ငုံ့ကြည့်လိုက်သောအခါ အိမ်ဝတွင်ရပ်နေသော လူနှစ်ဦး၏ သဏ္ဌာန်ကို ဝိုးတဝါးလှမ်းမြင်ရသည်။

လမ်းမပေါ်မှ ထွန်းထားသော လျှပ်စစ်မီးရောင်ဖြင့် အောက်တွင်ရပ်နေသူများမှာ ဘယ်သူဘယ်ဝါဖြစ်သည်ကို သေချာစွာမသိရသော်လည်း ကျွန်ုပ်သည် အောက်ထပ်သို့ဆင်းလာခဲ့သည်။

"ညကြီးအချိန်မတော် ရောက်လာကြတာ ဘယ်သူတွေများပါလိမ့်ဗျာ"

"ဗျို့...ဦးမင်းအောင် အချိန်အတော်ကြီး အိပ်နေပြီလားဗျ၊ ကျွန်တော် ဦးဘသာကျော်ပါ...တံခါးများလည်းဖွင့်ပေးပါဦးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်ုပ်လည်း ရင်းနှီးခင်မင်သော မိတ်ဆွေကြီး ဦးဘသာကျော်၏ အသံကိုကြားရသဖြင့် တံခါးကျက်(ချက်)ဖြုတ်၍ ဖွင့်ပေးလိုက်သည်။

မိုးရောင်ကြောင့် မိုးရေထဲတွင် ကြက်ဆင်ဖဲထီးကို ဆောင်းလျှက်ရပ်နေသော ကျွန်ုပ်၏မိတ်ဆွေကြီး ဦးဘသာကျော်၏ နောက်နားတွင်ရပ်နေသော တစ်ခြားလူငယ်တစ်ယောက်ကိုပါ တွေ့ရသဖြင့် အိမ်တွင်းသို့ ဖိတ်ခေါ်လိုက်ရာ နှစ်ယောက်စလုံး ထီးများကိုပိတ်၍ အိမ်ထဲသို့ ဝင်လာကြလေ၏။

"ခင်ဗျားရောက်လာတာနဲ့ အတော်ပဲဗျို့ ... မိုးအေးအေးနဲ့ ကျုပ်တစ်ယောက်ထဲ ပျင်းနေတာဗျ၊ ခင်ဗျားရောက်လာတော့ စကားပြောဖော်ရတာပေါ့၊ ဟန်ကျတာပဲ ... ကဲ ... အိမ်ထဲသွားကြစို့၊ ခင်ဗျားရဲ့ ဧည့်သည်ကိုလည်း အပေါ်ကိုခေါ်ခဲ့ဗျာ"

ကျွန်ုပ်က ဦးဆောင်ခေါ်လာပြီး အပေါ်ထပ်ရှိ စာဖတ်ခန်းထဲသို့ ရောက်သောအခါ ၎င်းတို့နှစ်ယောက်အား နေရာထိုင်ခင်းပေးပြီး ဧည့်သည်များအတွက် ကော်ဖီပူပူခါးခါး တစ်ခွက်စီဖျော်၍ ယူဆောင်လာကာ မြန်မာပြည်ဖြစ် ရွှေပတ် ကပ္ပိတန်စီးကရက် (CAPITAN) သံဗူးနှင့် မီးခြစ်ကိုပါ ချပေးလိုက်လေသည်။

ဦးဘသာကျော်သည် ကျွန်ုပ်နှင့် ရင်းနှီးပြီးသော မိတ်ဆွေတစ်ဦးပီပီ အခြားအလပသလ္လာပမဆိုကြမီ ကျွန်ုပ်ကိုယ်တိုင်ဖျော်ပေးထားသော ရွှေခြသေ့်ကော်ဖီကို အရသာခံ၍ တစ်ငုံသောက်ပြီး ရွှေပတ်



ကပ္ပိတန်စီးကရက်ကို မီးညှိကာ ဟန်ကျပန်ကျ တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ စကားစသည်။

"ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်ဗျာ ... ခင်ဗျားကို မိတ်ဆက်ပေးရဦးမယ် ... ဒါက ရခိုင်ပြည်နယ်ဘက်က ကျွန်တော့် မိတ်ဆွေရဲ့သားပဲ ... သူ့နာမည်က မောင်အောင်ဇောတဲ့"

ကျွန်ုပ်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"မောင်အောင်ဇော ... သူကတော့ မင်းသိပ်တွေ့ချင်နေတဲ့ စာရေးဆရာကြီး ဦးအောင်မင်းနောင်တဲ့ ... မှတ်ထားပေါ့ကွယ်"

ဦးဘသာကျော်၏ မိတ်ဆက်ပေးမှုကြောင့် မောင်အောင်ဇော ဟူသော လူငယ်လေးသည် ကြည်လင်သော အပြုံးဖြင့်

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာကြီးရယ်"

ဟု လိုက်လိုက်လှဲလှဲ ပြောလာသည်။

"ကဲ ... ဝမ်းသာတာလည်း သာတာပေါ့ကွယ်၊ ကော်ဖီတွေ အေးကုန်ပါ့မယ်၊ အချမ်းပြေသောက်လိုက်ပါဦးကွယ်"

မောင်အောင်ဇောသည် စားပွဲပေါ်တင်ထားသော ကော်ဖီပန်းကန်ကိုလှမ်းယူ၍ ငုံ့သောက်နေစဉ် ကျွန်ုပ်သည် ထိုလူငယ်ကို အကဲခတ်၍ ကြည့်လိုက်မိသည်။ မောင်အောင်ဇောသည် အသက်(၂၅)နှစ် ဝန်းကျင်အရွယ်ခန့်ရှိပြီး အသားဖြူဖြူနှင့် ကိုယ်လုံးကိုယ်ထည် ကျစ်လစ်တောင့်တင်းသူဖြစ်၏။

ထိုလူငယ်သည် မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် လူချော

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ရကား ဆန့်ကျင်ဘက် ဂုဏ်သွယ်များပင် မဆိုထားဘိ၊ ယောကျ်ားအချင်းချင်းပင် နှစ်ခါပြန်ကြည့်ချင်လောက်အောင် ရုပ်ဆင်းအင်္ဂါပြေပြစ်သူဖြစ်သည်။ သို့စေကာမူ လူပုံမနွဲ့ဘဲ ယောကျ်ားပီသသော ခန့်ငြားအည်ဝါမှုတော့ရှိပေသည်။

သူ့တစ်ကိုယ်လုံးတွင် အထူးခြားဆုံးမှာ စူးရှထက်မြက်သော မျက်လုံးများပင်ဖြစ်တော့သည်။

မောင်အောင်ဇော်မှာ အိမ်ထဲရောက်သည့်တိုင် ကိုယ်နှင့်မကွာ လွယ်ထားသော လွယ်အိတ်ကြီးတစ်လုံးပါလာရာ ဘယ်လိုအဖိုးတန် ပစ္စည်းတွေများ ပါလာလို့ပါလိမ့်ဟု စိတ်ဝင်စားမိလေသည်။

"ကိုမင်းအောင်...ခင်ဗျားက ဂန္ထီရအကြောင်းတွေကို ရေးနေသူဆိုတော့ မောင်အောင်ဇော်ဆီမှာပါလာတဲ့ အကြောင်းအရာတွေကိုများ ဖတ်ရတဲ့အခါ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းအရာတွေဖြစ်တယ်ဆိုတာ ခင်ဗျားလက်တွေ့ တွေ့ရပါလိမ့်မယ်ဗျာ"

ဦးဘသာကျော်က ကော်ဖီတစ်ကျိုက် စီးကရက်တစ်ရှိုက်နှင့် ဟန်ကျပန်ကျ ရှိနေရာမှ ထိုကဲ့သို့ဝင်ရောက် ပြောဆိုလိုက်သောအခါ ကျွန်ုပ်မှာ ပိုမိုစိတ်ဝင်စားလာသဖြင့်

"ဘာအကြောင်းတွေမို့ ဒီလောက်ညွှန်းနေရတာလဲဗျာ၊ သိခွင့်ရှိမယ်ဆိုရင်လည်း တဆိတ် သိပါရစေ"

ဟု တောင်းပန်သောအခါ ဦးဘသာကျော်က သဘောကျစွာ ပြုံး၍ မောင်အောင်ဇော်ဘက်လှည့်ကာ...



"ကဲ...မောင်အောင်ဇော်ရဲ့ ဗိုလ်ရဲ့မိတ်ဆွေ စာရေးဆရာကြီးဆိုတော့ မင်းဆီကကြားရမယ့် အကြောင်းအရာတွေကို အလွန်စိတ်ဝင်စားနေပြီဟေ့၊ ကိုင်း...မင်းပြောမယ့်အကြောင်းအရာတွေကိုသာ ပြောပြလိုက်ပေတော့ဟေ့"

ထိုသို့ပြောလိုက်သောအခါ မောင်အောင်ဇော်က သောက်သက်စကော်ဖီပန်းကန်ကို စားပွဲပေါ်ပြန်ချကာ လွယ်အိတ်အတွင်းမှ တစ်စုံတစ်ရာကို ထုတ်ယူနေလေ၏။

ကျွန်ုပ်သည် မောင်အောင်ဇော်ထံမှ ကြားလာရမည့် အကြောင်းအရာများကို လွန်စွာမှ စိတ်ဝင်စားမိသော်လည်း အိန္ဒြေမပျက် အေးတံအိုးတွင်းသို့ ဆေးဖြည့်ကာ စောင့်နေလိုက်သည်။

ခဏအကြာတွင် မောင်အောင်ဇော်သည် လွယ်အိတ်အတွင်းမှ ပစ္စည်းများကို ဂရုတစိုက်ထုတ်ယူ၍ စားပွဲပေါ်သို့ တင်လိုက်လေသည်။

၄င်းပစ္စည်းများမှာ အလွန်ဟောင်းနွမ်းလျက်ရှိသော ပေစာတစ်ထပ်ကြီးနှင့် ကတ္တီပါအိတ်ရှုံ့ကလေးနှင့်ထည့်ထားသော ပစ္စည်းတစ်ခုတို့ပင်ဖြစ်တော့သည်။

"မင်းဟာ...ဘာပစ္စည်းတွေလဲကွယ်"

မောင်အောင်ဇော်က ကျွန်ုပ်အမေးကိုမဖြေဘဲ ကတ္တီပါအိတ်အတွင်းမှ ထည့်ထားသောပစ္စည်းကို ထုတ်၍ ကျွန်ုပ်အား ကမ်းပေးသဖြင့် ယူကြည့်လိုက်ရာ အလွန်အံ့ဩသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လက်တွင်းရောက်လာသော ပစ္စည်းမှာ ရှေးဟောင်း လက်စွပ်တစ်ကွင်း ဖြစ်နေသည်။

လက်စွပ်ကား ရှေးဟောင်း လက်စွပ်တစ်ကွင်းဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်ပြီး အဖိုးတန်ပတ္တမြားများ နံဘေး၌စီခြယ်ထားကာ အလယ်တွင် ပါးချွန်းထောင်နေသော မြွေတင်ကောင်အရုပ်ကို တွေ့ ရသည်။

မြွေရုပ်မှာ လက်ရာမြောက်လှပြီး မျက်လုံးနှစ်ဖက်မှာ ရဲရဲနီနေသော ပတ္တမြားနှစ်များကို ထည့်သွင်းထုလုပ်ထားသဖြင့် ရုတ်တရက် ကြည့်လိုက်လျှင် တကယ့် သက်ရှိမြွေတစ်ကောင်အလား ထင်မှား လောက်စရာပင်။

ကျွန်ုပ်သည် လက်စွပ်ကို အသေအချာ ကိုင်ကြည့်နေရင်း လက်ဝါးမြင်ရှိ လက်စွပ်မှ အအေးဓါတ်သည် ရင်ထဲမှ အသည်းနှလုံး တိုင်အောင် ပျံ့နှံ့စိမ့်ဝင်သွားသည်ဟု ခံစားနေရသည်။

"ဒါ…ဒါလွန်ရှေးကျတဲ့ လက်ရာတစ်ခုပဲ မောင်အောင်အေး၊ ဒီလက်စွပ်နဲ့ မင်းနဲ့ ဘယ်လိုများ ဆက်နွယ်ပတ်သက်နေတယ်ဆိုတာ တစ်ဆိတ်ရှင်းပြပါဦးကွယ်"

"ဟုတ်ကဲ့…ရှင်းပြပါမယ်၊ ဒီလို မရှင်းပြခင်မှာ ဆရာကြီး ကို ကျွန်တော် တစ်ခုမေးချင်ပါတယ်"

"မေးပါကွယ်…မေးနိုင်ပါတယ်"



"ဆရာကြီးအနေနဲ့ နာမ်လောက၊ ဝိညာဉ်လောက်ဆိုတာကို ယုံကြည်ပါသလားခင်ဗျာ"

"ယုံကြည်ပါတယ်ကွယ်…၊ ယုံလည်းယုံကြည်တယ်၊ လက်လည်းလက်ခံပါတယ်…၊ ဝိညာဉ်လောက နာမ်လောကဆိုတာကို ဘာပြုလို့ လက်မခံရမှာလဲ"

ဘုရားဟောကြားခဲ့တဲ့ ဒေသနာတော်တွေထဲမှာ ရုပ်နာမ်နှစ်ပါးလို့ ဟောခဲ့တာပဲ၊ ရုပ်ရှိရင် နာမ်ရှိရမှာပေါ့၊ ရုပ်က မြင်နိုင်တယ်၊ နာမ်က မမြင်နိုင်ဘူး၊ ရုပ်ကနာမ်မရှိရင် မဖြစ်ဘူး၊ နာမ်က ရုပ်မရှိရင်လည်း ဆက်နေနိုင်တယ်…ဒါပဲကွာတယ်၊ ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာလဲကွယ့်"

"ဒါဖြင့်ရင်…ဆရာကြီးအနေနဲ့ လူဝင်စားဆိုတာရော ယောက်ခ ပါသလား"

"အင်း…ဒီမေးခွန်းကျတော့ နည်းနည်းတော့ ဖြေရခက်တယ်၊ ဒါတွေက မရှိဘူးတော့မဟုတ်ဘူး၊ တို့မြန်မာပြည်မှာတင် မကဘူး၊ အိုး…အနောက်နိုင်ငံကြီးတွေမှာတောင်ရှိလို့ လက်ခံထားကြတာပဲ၊ ဒါပေမယ့် လူဝင်စားဆိုတာတော့ အမျိုးမျိုးရှိတယ်…အချို့က လူဝင်စားဖြစ်လာပြီး ဥပမာကွယ် လူတစ်ယောက်ဟာ သေပြီး တမလွန် လောက ဝိညာဉ်ဘဝကိုရောက်ခဲ့တယ်၊ နောက်အဲဒီဘဝကနေ လူ့ဘဝ ပြန်ရောက်တဲ့အခါ တမလွန်ဘဝက အကြောင်းတွေရော၊ ဟိုးအတိတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဝက အကြောင်းတွေကိုပါ အမှတ်ရပြီး ဂဃနဏ ပြန်ပြောနိုင်ကြတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ မောင်အောင်ဇော် သဘောကျစွာ ပြုံးလိုက်လေသည်။

"ဒါကြောင့် လူဝင်စားတော်တော်များများဟာ ကျန်ခဲ့တဲ့ သားမယား၊ သားသမီးတွေကို မှတ်မိနေကြတယ်...ဥစ္စာပစ္စည်းတွေကို တစ်ခုမကျန် ပြန်ပြောနိုင်ကြတယ်...အဲ အချို့ကတော့ မိမိဘယ်ဘဝကနေ ဒီလူ့ဘဝကို ကူးလာခဲ့တယ်ဆိုတာကို အစအဆုံးပြန်သတိရကြတယ်၊ အချို့ဆိုရင် ဘယ်လောက် ဆန်းကြယ်သလဲဆိုရင် ကျန်ခဲ့တဲ့ ဘဝများစွာကို ပြန်ပြောနိုင်ကြတယ်...၊ ဒါကြောင့် နတ်လောက၊ ဝိညာဉ်လောက၊ လူဝင်စားဘဝတွေဟာ သိပ်ဆန်းကြယ်တယ်လို့ ပြောခဲ့တာပါ"

"ဟုတ်ကဲ့ ဆရာကြီး"

စာမူထပ်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက အဆက်ဆက်သိမ်းဆည်းခဲ့ပန်ဖြင့် လွန်စွာမှ ဟောင်းနွမ်းလျက်ရှိချေ၏။ ပေရွက်ပေါ်တွင် ကညစ်နှင့်ရေးထားသော လက်ရေးများမှာ ရှေးလက်ရေးကြီးများဖြစ်တော့သည်။

"ဒါ...ကျွန်တော်တို့ ဘိုးဘွားအဖေအမေတို့လက်ထက် အဆက်ဆက်ရဲ့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ပေမူတွေပါ...ဒီလက်စွပ်ကလည်း ရှေးဟောင်းလက်စွပ် တစ်ကွင်းပဲ...ဒါပေမယ့် ဘယ်သူမှ



ဝတ်လို့မရဘူး၊ ဝတ်တဲ့သူ မြွေကိုက်ခံရလို့ သေတာပဲ ဆရာကြီး"

၄င်းပြောသော နောက်ဆုံးစကားကို ကြားရသောအခါ ကျွန်ုပ်မှာ လက်ထဲရောက်နေသော လက်စွပ်ကို ချက်ချင်း အောက်သို့ပြန်ချချင်လောက်အောင် အထိတ်တလန့်ဖြစ်သွားမိကာ မီးရောင်ဖြင့် ကြည့်လိုက်သောအခါ နီရဲလျက်ရှိသော ပတ္တမြားမျက်လုံးနှစ်လုံးမှာ အရောင်တဖျတ်ဖျတ်လက်လျက်ရှိပြီး၊ တကယ် အသက်ဝင်နေသည့်အလား ထင်ရတော့သည်။

"မင်းစကားကြားရတာ စိတ်ဝင်စားဖို့ကောင်းလှတယ်...ဆက်ပြောပါဦးကွယ်"

"ဒီလက်စွပ်ရဲ့ အမည်က 'အနုရာဓ' လက်စွပ်လို့ ခေါ်ပါတယ်၊ ဒီလက်စွပ်ကို စီစဉ်ခဲ့စဉ်က နဂါးလည်ဆစ်သဏ္ဌာန် အနုရာဓနက္ခတ်ဆယ့်ငါးလုံး ပေါ်တဲ့အချိန်မှာ အဲဒီနက္ခတ်ကိုစောင့်တဲ့ 'မိတ္တ' နတ်မင်းကို ပူဇော်ပသပြီးမှ အထူးစီရင်ခဲ့တာပါ"

"ဩော်..."

"ဒီလက်စွပ်ပေါ်မှာ ပတ္တမြားဆယ့်ငါးလုံးတိတိ ပါပါတယ်၊ သင့်မြတ်တဲ့လူတွေလက်ထဲမှာ မိတ်ဆွေဖြစ်ပေမယ့်၊ မသင့်မြတ်သူတွေလက်ထဲရောက်ရင် ချက်ချင်း ဘေးအန္တရာယ်တစ်ခုခုနဲ့ မလွဲမသွေ တွေ့ကြုံရတော့တာပဲ ဆရာကြီး"

ကျွန်ုပ်သည် မောင်အောင်ဇော ပြောပြနေသော အကြောင်းများကို နားထောင်ရင်း၊ အနုရာဓနက္ခတ်အကြောင်းကို ကြားရသော

www.burmeseclassic.com

www.burmeseclassic.com



အခါ စောစောက ချေ့သည်လာသဖြင့် စားပွဲပေါ်တွင် ချထားခဲ့ရ သော "အုံဩဘွယ်ရာနက္ခတ်တာရာ" စာအုပ်ကို အမှတ်မထင် သတိရ မိလေသည်။

"ဒီလက်စွပ်က မင်းဆီကို ဘယ်လိုရောက်လာတာလဲ၊ မင်း ဆီရောက်တော့ရော ဘယ်လိုအန္တရာယ်မျိုးမှ ဒုက္ခမပေးဘူးလားကွယ့်"

"အခုထိတော့ ကျွန်တော့်ကို ဘယ်လိုဒုက္ခမျိုးမှ မပေးပါ ဘူး…၊ ဒီလက်စွပ်ရပုံကလည်း အတော်ဆန်းကျယ်တယ် ဆရာကြီး အနုရာဓလက်စွပ်က နှစ်ပေါင်းများစွာကတည်းက ပိုင်ရှင်အဆက်ဆက် ပြောင်းလာခဲ့တာပဲ၊ ပိုင်ရှင်တွေမှန်သမျှ ပျက်စီးသူ၊ အသက်သေသူ တွေ အတော်များလှပြီ…၊ တရုတ်ကုလားသူဌေးတွေလက်ထဲ အမျိုး မျိုးပြောင်းလဲရောက်ခဲ့ပြီးပြီ၊ ဒီလက်စွပ်ကို ဖျက်ဆီးဖို့၊ ထုခွဲဖို့ကြံစည် သူတိုင်း မြွေခဲလို့ အသေဆိုးနဲ့ သေကြတာများတယ်"

"ပထမတော့ သတိမပြုမိကြဘူး၊ တိုက်ဆိုင်မှုပဲလို့ မှတ်ယူ ခဲ့ကြတယ်၊ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာပါများတဲ့အခါ မှာတော့ တိုက်ဆိုင်မှုလို့ မယူဆဝံ့တော့ဘူး၊ ဒီလက်စွပ်ကို မရဏ လက်စွပ်၊ သေမင်းတမန်တော်လက်စွပ်ဆိုပြီး အမည်အမျိုးမျိုးပေးကြ ပြီး၊ ဘယ်သူမှ ယူမထားဝံ့ကြတော့ဘူး"

"ဒါကြောင့် ကျွန်တော်က နောက်ဆုံး ကုလားသူဌေးလက် ထဲက ဈေးချိုချိုနဲ့ အလကားလိုလိုနဲ့ ရလိုက်တာပဲ ဆရာကြီး၊ ရပုံက ဒီလက်စွပ်သတင်းက တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားခဲ့ရပြီးနောက်



တွေ့အောင်ရှာဝယ်မယ်ဆိုပြီး လိုက်ရှာရင်းက ကုလားသူဌေးနဲ့တွေ့ တာပဲ၊ အဲဒီသူဌေးက လက်စွပ်လာဝယ်တဲ့အတွက် ကျွန်တော့်ကိုတောင် ကျေးဇူးတင်နေပြီး ပြောတဲ့ဈေးအတိုင်းနဲ့ ရောင်းလိုက်တာပါပဲ၊ ကျွန် တော်လက်စွပ်ရတာ အကြောင်းမဲ့မဟုတ်ပါဘူး၊ အိပ်မက်တစ်ခုကြောင့် ပါ"

"ဘယ်လို အိပ်မက်မျိုးလဲကွယ့်၊ ပြောပြပါဦး"

"ကျွန်တော် ငယ်ငယ်ကလေးတည်းက အိပ်မက်တစ်ခုကို ခဏခဏမက်တယ်…၊ အဲဒီလို အိပ်မက်မက်တိုင်း အလွန်လှပချော မောတဲ့ မိန်းကလေးရောက်လာတတ်တယ်၊ သူဟာ ရှေးခေတ်အဝတ် အစားတွေနဲ့ ခေါင်းမှာလည်း ငွေရုပ်ပါတဲ့ ရွှေသရဖူကိုဆောင်းထား တယ်၊ သူ့ကို ကျွန်တော် မြင်ဖူးသလိုလိုရှိတယ်၊ စိတ်ထဲက ရင်းရင်း နှီးနှီးသိသလိုရှိနေတယ်"

"ကျွန်တော် ဒီလက်စွပ်ရစတုန်းက အိမ်ပေါ်ကို အလွန်ကြီး တဲ့ မြွေကြီးတစ်ကောင် တက်လာတာကို တွေ့မြင်ရတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုတော့ ဘယ်လိုအန္တရာယ်မှ မပေးသွားပါဘူး"

"မင်းအကြောင်းတွေက စိတ်ဝင်စားစရာသိပ်ကောင်းတာပဲ"

"ဆရာကြီး…ကျွန်တော်ယူလာတဲ့ ပေမူတွေဖတ်ကြည့်ပြီး ရင် ဒီထက်ပိုပြီး စိတ်ဝင်စားလာပါလိမ့်မယ်၊ ဒီတော့မှ ဒီလက်စွပ်နဲ့ ဆက်နွယ်ပြီး ပေါ်လာတာတွေကို သိနိုင်လာမယ်လို့ ထင်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီပေမူကြီးနဲ့ လက်စွပ်ကလေးကို ဆရာကြီးလက်ထဲမှာ ထားရစ်ခဲ့ပါမယ်၊ အေးအေးဆေးဆေး ဖတ်ကြည့်စေချင်ပါတယ်”

ဦးဘသာကျော်နှင့် မောင်အောင်ဇော်တို့သည် ကျွန်ုပ်အား နှုတ်ဆက်ပြီးလျှင် ပြန်လည်ထွက်ခွာသွားကြလေ၏။ ထိုအချိန်၌ အပြင်ဘက်တွင် မိုးမသည်းထန်သော်လည်း တဖွဲဖွဲနှင့် လေပြင်းများတိုက်ခတ်လျှက်ရှိနေ၏။

ကျွန်ုပ်သည် တံခါးများကို သေချာကျနစွာ ပိတ်ခဲ့ပြီး အိပ်ခန်းတွင်းသို့ဝင်ကာ မှိုးအေးအေးဖြင့် မောင်အောင်ဇော ထားရစ်ခဲ့သော ပေမူထပ်ကြီးကို စတင်ဖတ်ရှုရာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာများတွင် နစ်မျောသွားမိလေတော့၏။ အပြင်ဘက်၌ မိုးကတဖွဲဖွဲနှင့်။

* * *



## အခန်း (၂)

ရှေးနှစ်ပေါင်းများစွာက ဟိမဝန္တာ၏ မြောက်ဘက်ယွန်းယွန်း ထဝိလက္ခဏာဟူသော တိုင်းပြည်တစ်ပြည် ထွန်းကားခဲ့လေရာ တိုင်းပြည်အား အဘိဇိဟူသော ဘုရင်မင်းမြတ် အုပ်ချုပ်လေ၏။

ထိုတိုင်းပြည်နှင့် ဘုရင်အဘိဇိပိုင်ဆိုင်သော တိုင်းပြည်၊ နိုင်ငံ၊ ...စား၊ နယ်စားနှင့် နယ်နိမိတ်ကား ကျယ်ဝန်းလှပေသည်။ ထိုအထဲ ...င် ဥဇ္ဇရာနယ်လည်း တစ်ခုအပါအဝင်ဖြစ်၏။

ထို ကျယ်ဝန်းလှျက် သာယာလှပသော ဥဇ္ဇရာနယ်ကြီးကို ...ိုင်စားရသူကား နယ်စားကြီး ဓာဂတိပင်ဖြစ်လေသည်။ နယ်စားကြီး ...ဂတိသည် တန်ခိုးကြီး အာဏာထက်မြက်သလောက် ဒေါသကြီး ...ခက်ထန်ကြမ်းတမ်း၏။ ရက်စက်ကြမ်းကြုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်နှင့် မတွေ့ပါက သေဒဏ်မှတစ်ပါး အခြားမရှိ ထို့ပြင် ဥတ္တရာနယ်စားကြီး ဇာဂတိသည် ကပိလကျွဏတိုင်းပြည် ဘုရင်မင်းကြီး အဘိမိနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သူဖြစ်သော လည်း ထိုမျှ ရက်စက်ကြမ်းကြုတ်နေခြင်းဆိုက မမှားပါချေ။ ဇာဂ သည် ကိုယ်ခန္ဓာကြီးမားခန့်ထည်ပြီး လျှင်မြန်သွက်လက်နေဆဲရှိ

ဇာဂတိသည် ယမကာခွက်တွင်းမှ သေရည်ကို စိမ်ပြေ သောက်ရင်း နေလုံးကြီး တရွေ့ရွေ့ဝင်သွားသော ဟိမဝန္တာတောင်တ များဘက်သို့ ငေးကြည့်နေမိသည်။

မိမိစိတ်တွင်းမှ လေးလေးနက်နက်တွေးနေသော ကိစ္စ လုပ်သင့်မလုပ်သင့် ချည်တုံချတုံဖြစ်နေခိုက် မိန်းမပျိုတစ်ဦးလက် ခတ်နေသော ယပ်တောင်သည် အမှတ်မထင် နယ်စားဦး၏ ဦးခေါ သို့ ပုတ်ခတ်သွားမိလေသည်။ နယ်စားကြီးသည် မိမိ၏အတွေး အနှောင့်အယှက်ပြုရပါမည်လောဟု ဒေါသထွက်ကာ မိမိလက်ကြ ကြီးဖြင့် မိန်းမပျို၏ နုနယ်သော ပါးပြင်ကို ဖြတ်ရိုက်ချလိုက် ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားတော့သည်။

“မိန်းမယုတ်...ဒီလောက်ထိအောင် ပေါ့လျော့ရသလား တစ်ခါတည်း ဖက်ပြတ်သွားစေ့မယ်၊ ဇက်ကောင်းလို့ ငါ့ခေါင်းတော တယ်ထင်ပ”

“ခွင့်လွှတ်ပါအရှင်...အမှတ်တမဲ့မို့ မတော်တဆထိမိ သွားတာမို့ အမိုက်မကို ခွင့်လွှတ်တော်မူပါ”



“ကိုင်း...ဒီတစ်ခါတော့ ရှိစေတော့၊ အခုချက်ချင်း နက္ခတ် ကြီး ရောဟဏီကို သွားခေါ်ချေစမ်း”

“မှန်လှပါအရှင်”

နယ်စားကြီးအမိန့်မှ ကြောက်ရွံ့တုန်လှုပ်စွာ နောက်ဆုတ်ထွက် းလေသည်။

သူမ၏အမည်မှာ မိဂသီဖြစ်ပြီး အလွန်လှသော ကိုယ်လုပ် တ်တစ်ဦးဖြစ်၏။ သူမနှင့်စပ်လျဉ်း၍ လူသိနည်းသောအချက်မှာ နက္ခတ်ပညာအချို့ကို တတ်ကျွမ်းနားလည်ခြင်းဆိုသော အချက်ပင် ပေ၏။

“ဟင်...မိဂသီပါလား၊ ဘယ်လိုအကြောင်းကိစ္စ အရေးကြီး ရောက်လာတာလဲ၊ မျက်နှာလည်းမကောင်း၊ မျက်ရည်စတွေနဲ့ပါ အလို ပါးပြင်မှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ အကြောင်းစုံကို ပြောပြစမ်းပါ မိဂသီ”

ထိုအခါ မိဂသီသည် ဝမ်းနည်းစွာဖြင့် ရှိုက်သံတစ်ဝက်နှော အကြောင်းစုံကို ပြောပြလိုက်ရာ ဆရာကြီးမှာ လွန်စွာမှ စိတ် ကောင်းသော အမူအရာဖြင့် နှစ်သိမ့်ကာ လာရင်းအကြောင်းကို နေလေ၏။

“ဆရာကြီးကို နယ်စားကြီးက ရှေ့တော်မှောက် ခစားဝင်ဖို့ ခိုင်းလိုက်ပါတယ် ဆရာကြီး”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ…ခုချက်ချင်းပဲသွားလိုက်ပါမယ်၊ ကဲ မိထ
လည်း တိတ်ပေဦးတော့"

"ဘယ်လိုလဲ နက္ခတ်ဆရာကြီးရဲ့ အခေါ်တော်လွှတ်တာ ကြာလှပြီ၊ ခုမှရောက်လာရတာ ဘာအကြောင်းတွေကြောင့် ဒီလော ကြန့်ကြာနေရတာလဲ၊ လျှောက်တင်စမ်းပါဦး"

"ညဥ့်ဦးယံထွက်ပေါ်လာသော နက္ခတ်တာရာများရဲ့ အသွ အလာကို လေ့လာအကဲခတ်ကြည့်ရင်း ထူးခြားမှုတစ်ခုကို တွေ့ရ အချိန်အနည်းငယ် ကြန့်ကြာသွားရတာကို ခွင့်လွှတ်တော်မူပါအရှင်"

"ရှိစေတော့လေ…သင်တွေ့ရတဲ့ ထူးခြားမှုတွေကို လျှော တင်စမ်းပါဦး"

"ထူးခြားမှုကတော့ အရှင့်ရဲ့နက္ခတ်ကို နှောင့်ယှက်ဖျက်ဆီး မယ့် နက္ခတ်တာရာတစ်စုံ အမှတ်မထင်ပေါ်လာတာ တွေ့ရပါတယ် အရှင်"

အလွန်လှုပ်ရှားသွားသော မျက်နှာဖြင့်…

"ကျုပ်ကို အမှန်အတိုင်းလျှောက်တင်စမ်းပါ နက္ခတ်ဆရာ ကြီး"

ထို့နောက် နက္ခတ်ဆရာကြီးသည် နေမင်းကြီးဝင်သွားရာ ကောင်းကင်စွန်းတွင် အနီရောင်အစွန်းများ ကျန်နေသည့် တစ်နေရာ တွင် ပေါ်လွှက်ရှိသော နက္ခတ်တစ်လုံးအား လက်ညှိုးထိုးပြလျက်…

"အခု အရှင်မြင်နေရတဲ့ နက္ခတ်ဟာ အရှင့်ရဲ့ဇာတ်နက္ခတ်



ဖြစ်ပါတယ်၊ ဥတ္တရာ ဘဒြပိုဒ်နက္ခတ်၊ ပြုဗ္ဗာဘဒြပိုဒ် နှစ်ခုပေါင်းပြီး င်မြင်သဏ္ဌာန် လေးလုံးရှိတဲ့အနိမ်းမှာ ရှိပါတယ်"

"ဆက်လျှောက်တင်ပါဦးလေ"

"အရင်က တည်ငြိမ်နေတဲ့ အရှင့်နက္ခတ်ဟာ အခုအခါမှာ ဆက်ပြန့်ဝင်လာပြီး၊ အရှင့်ရဲ့ခန္ဓာအိမ်မှာ အနှောင့်အယှက်တစ်ခုလို ပေါ်နေပါတယ်၊ အရှင့်လမ်းကြောင်းထဲမှာ တစ်ခြားနက္ခတ်တွေ ဝင် ရောက်ထွက်ချည် ဖြတ်သန်းနေကြတာကို တွေ့ရပါတယ်၊ နက္ခတ်နှစ်ခု ထို ထူးထူးခြားခြားတွေ့ရပါတယ် အရှင်"

"ဘာနက္ခတ်တွေလဲ"

"မဃနက္ခတ်နဲ့ အနုရာဓနက္ခတ်တို့ ဖြစ်ကြပါတယ်အရှင်"

"ငါနားလည်အောင် သေသေချာချာ လျှောက်တင်စမ်းပါ နက္ခတ်ဆရာကြီး"

"သိကြားမင်းစောင့်ရှောက်တဲ့ နက္ခတ်ရဲ့အတိတ်နိမိတ်က အထွတ်အထိပ်သို့ရောက်နိုင်ပြီး၊ မိတ္တနတ်မင်း စောင့်ရှောက်တဲ့ နက္ခတ် ရဲ့ အတိတ်နိမိတ်က လူအများ ချစ်ခင်ကြည်ညိုလေးစားခံရတဲ့သူတစ်ဦး ဖြစ်လာပါမယ် အရှင်…၊ ဒီနက္ခတ်နှစ်ခု အခုလို နီးနီးကပ်ကပ်မယှဉ် တွဲဖြစ်တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ သူတို့အခုလို နီးနီးကပ်ကပ် ယှဉ်တွဲပေါ်လာခြင်းဟာ အရှင့်အတွက်တော့ ကောင်းသောအတိတ် နိမိတ်တစ်ခုတော့ မဟုတ်နိုင်ပါဟု ထင်မိပါတယ် အရှင်"

နက္ခတ်ဆရာကြီး ရောဟဏီသည် အနောက်ဘက်ဆီမှ အ

www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်အချို့ နှမ်းဖြာင်းလျှက်ရှိသော အရှေ့မိုးကုတ်စက်ဝိုင်းဆီသို့ ညွှန်ပြလေ၏။ သူတို့စောင့်ဆိုင်းကြည့်ရှုနေကြစဉ်ပင် အလင်းရောင် ပျောက်ကွယ်သွားပြီးလျှင် လှပသော နက္ခတ်တစ်ခု ထွန်းလင်းတောက်ပ ကာ ကောင်းကင်ပြင်၌ ထွက်ပေါ်လာ၏။

ထိုနက္ခတ်များသည် အချိန်အတော်ကြာအောင် မိုးကောင်းကင် ထက်၌ ထွန်းလင်းတောက်ပပြီး မိုးကုတ်စက်ဝိုင်းအောက်သို့ ပြန်လည် ပျောက်ကွယ် သွားကြလေတော့သည်။

"အခုမြင်ရပြီး ပြန်ပျောက်သွားကြတဲ့ နက္ခတ်နှစ်လုံးဟာ နဂါးငွေ့တန်းထဲက ဖေဗွနက္ခတ်နဲ့ အနုရာဓနက္ခတ်တွေ ဖြစ်ကြပါတယ် အရှင်"

"သူတို့က ငါ့ကို ဘယ်လိုဒုက္ခမျိုးတွေ ပေးနိုင်ကြမှာလဲ"

"သူတို့ဟာ မကြာခင်ပေါ်လာနိုင်ပါတယ်၊ လူ့လောကကို ရောက်လာကြပါလိမ့်မယ်…၊ ဒါပေမယ့် ကျွန်တော်မျိုးပြောဝံ့တာက တော့ နောင်နှစ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်အထိတော့ အရှင်ဟာ အခုလက်ရှိခံစားနေရတဲ့ စည်းစိမ်တွေကို ဆက်လက်ခံစားနေရဦးမယ် လို့ အသေအချာ လျှောက်ထားဝံ့ပါတယ်၊ သူတို့အချိန်တန် အရွယ် ရောက်လာတဲ့အချိန်ကျရင်သာ …"

"တိတ်စမ်း နက္ခတ်ဆရာကြီး…ဇက်ကောင်းလို့ ခေါင်းတောင်း တယ်ပေါ့ ဟုတ်စ၊ နက္ခတ်ဆရာကြီး သင်ဟာ မဟုတ်မဟုတ် လုပ် ဇာတ်တွေနဲ့ ငါ့အား စိတ်အနှောင့်အယှက်ဖြစ်အောင် ဖန်တီးနေတာ



လား၊ ငါ့ရဲ့ကံကြမ္မာ အဆိုးအကောင်းကို တကယ်ဖန်တီးနိုင်တာက ဘောဒီနက္ခတ် ခါးနက္ခတ်ပဲ၊ ဒါကို သင်နားမလည်ရှာသလား၊ ဒီခါး ဆ သင့်ရဲ့ကံကြမ္မာနက္ခတ်ကို တမုဟုတ်ချင်း ပြောင်းလဲပစ်နိုင်တယ် ဆိုတာရော သင်သိရဲ့လားဟေ့"

"အရှင်သတ်လိုက သေ၊ ထားလိုက နေရပါ့မယ်အရှင်… ကောင်းကင်က နက္ခတ်တာရာနဲ့ မှော်အတတ်ပညာများကို လှည့်ဖြား ပြောဆိုခြင်းငှာ မဝံ့သာပါ၊ ဤကိစ္စများက အလွန်တရာ သိမ်မွေ့နက် နဲ့င်း၍ တန်ခိုးကြီးလှပါတယ်၊ မည်သို့မျှ မဝံ့ကြောင်းပါအရှင်"

ထိုအခါမှ နယ်စားကြီးလည်း သတိရပြီး လက်သုံးတော်ခါး ထိုချပြီး သလွန်ပေါ်သို့ ပြန်ထိုင်ချလိုက်လေ၏။

"ကျွန်ုပ်တောင်းပန်ပါတယ် နက္ခတ်ဆရာကြီး၊ ဆရာကြီးရဲ့ နက္ခတ်အမြင်များကို ဟောပြောပေးတဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ ဆရာလိုချင်တဲ့ဆုကို ကျွန်ုပ်ပေးလိုပါသည်၊ ဆရာကြီးလိုချင်သော ဆုကို တောင်းပါလေ"

ထိုအခိုက်မှာပင် အဘိဓိဘုရင်မင်းမြတ်ထံသို့ လွှတ်ခဲ့သော ဗိုလ်မှူးပြန်လာပြီဖြစ်ကြောင်း လာရောက်လျှောက်ထားလေသည်။

နယ်စားကြီးက ဗိုလ်မှူးအား အတွင်းတော်သို့ ခစားဝင်လာရန် အမိန့်ပေးလိုက်သည်။

မကြာမီ နယ်စားကြီး၏ ဗိုလ်မှူးသည် ရှေ့တော်မှောက်သို့ ရောက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဗိုလ်မှူး... နောင်တော်က ဘယ်လိုများ အမိန့်တော်ရှိလိုက်တယ်ဆိုတာ လျှောက်တင်စမ်းပါဦး"

"မှန်လှပါ ဘုရင်မင်းမြတ်က အရှင်နယ်စားကြီး ဟိမဝန္တာနယ်စွန်များက သူပုန်အရိုင်းအစိုင်းတွေရဲ့ရန်ကို တိုက်ခိုက်အောင်မြင်ခဲ့တာ ဝုဏ်ယူဝမ်းမြောက်ကြောင်းနဲ့ အရှင်လျှောက်တင်ခိုင်းတဲ့အတိုင်း ရွှေတော်မှောက်ကို အခစားဝင်ရောက်ဖို့ အမိန့်တော်ရှိလိုက်ပါတယ်ဘုရား...၊ ထို့ပြင် ဘုရင့်ရွှေမှောက် ခစားဝင်ရောက်တဲ့အခါ အရှင့်ကိုယ်ရံတော်တပ်သား (၃၀၀)နဲ့ နန်းမဆောင်အတွင်း ဝင်ခွင့်မပြုဘဲ၊ အရှင်နှင့် တကွ အခြံအရံ ငါးယောက်မျှဖြင့်သာ အတွင်းဆောင်သို့ ဝင်ခွင့်ပြုပါမယ့်အကြောင်း လျှောက်ထားအပ်ပါသည်ဘုရား"

နယ်စားကြီး၏ နှုတ်များပေါ်မှ အပြုံးများသည် ခဏချင်းအားလျော့ကျသွားလေ၏။ သို့စေကာမူ ဟန်မပျက်ရယ်မောလျက်...

"ဒါထက် နောင်တော်ဘုရင်မင်းမြတ်မှာ ထီးညွန့်နန်းလျာကို ဆက်ခံမယ့် သားတော်သမီးခံ မြေးမြစ်တစ်ယောက်မှ မရှိဘူးဆိုတဲ့စကား အမှန်ပဲလား ဗိုလ်မှူး"

"အမှန်ဖြစ်ကြောင်းပါ အရှင်"

"ဘုန်းတော်ကြီးလှစွာသော ကပိလဝတ္ထုတိုင်းပြည်ရဲ့အရှင်အဘိဇိရဲ့ မိဖုရားခေါင်ကြီးတွေအားလုံးမှာ သားသမီးတစ်ယောက်မှ မထွန်းကားသေးတာကြောင့် သက်တော်အရွယ်တော်ကြီးရင့်ပြီးဖြစ်တဲ့



ဘုရင်ကြီးမှာ ထီးညွန့်နန်းလျာ တစ်ဦးတစ်ယောက်မျှ မရှိသေးကြောင်းပါ"

ညဦးနက်လာပြီဖြစ်သောကြောင့် အရှေ့ဘက်ကောင်းကင်ပြင်၌ တစ်စတစ်စ မြင့်တက်လာသော လရောင်သည် လောကတစ်ခွင်လုံး ဖြန့်ကြဲထားသည့်နှယ်ရှိ၏။

အဝေးသို့ မျှော်ကြည့်လိုက်ပါက စိမ်းစိမ်းစိုစိုနှင့် မြူခိုးများဖိတ်ဖုံးနေသော ဟိမဝန္တာတောင်တန်းကြီးများကိုသော်လည်းကောင်း၊ မိဂသမ္ဗဒါမြစ်ကြီးကိုသော်လည်းကောင်း တွေ့မြင်ရလေသည်။

သာယာလှပသော ရှုခင်းများကိုကြည့်ရင်း စိတ်အတွေးအမျှင်ပျံ့လွင့်လျက်ရှိနေသော နယ်စားကြီး၏ အာရုံတွင်း၌မူ ကပိလဝတ္ထုတိုင်းပြည်ကြီး၏ ကြီးကျယ်ခမ်းနားမှုများ-အဆောက်အအုံတို့၏ ခန့်ညားတည်မှုများ၊ လူဦးရေထူထပ်ပေါများမှုများ၊ ဘုရင်စံမြန်းသည့် ကြီးမားခန့်ထည်သော နန်းမဆောင်ကြီးများ၊ မြို့ရိုးကြီးများ၊ ရတနာရွှေငွေအမြောက်အမြားကို သိုလှောင်ထားသည့် ဘုရင့်ဘဏ္ဍာတိုက်ကြီးများ၊ ဥယျာဉ်ပန်းခြံများနှင့် တိုးတက်စည်ကားမှုများကို တွေးရင်း

"ငါသည် ယခုလို ကြံတောင့်ကြံခဲ ရတောင့်ရခဲအခွင့်အရေးကို အဘယ်ကြောင့် လက်လွှတ်ပေးရအံ့နည်း၊ ယခုအခါတွင် နောင်တော်အဘိဇိသည် သက်တော်ရွယ်တော် ကြီးရင့်ခဲ့ချေပြီ၊ ... လက်နက်လေးမြား ကျွမ်းကျင်ပြီး စစ်ဘက်တွင် ... သူရဲစစ်သည်တော် အမြောက်အမြားရှိသည်၊ လက်နက်... ပြည့်စုံ

www.burmeseclassic.com



လှုံဆောက်စွာရှိချေသည်၊ ယခုအခါ အလုံးအရင်းနှင့် ချီတက်၍လုပ်ကြံရသော် အဘယ်သို့ရှိအံ့နည်း”

ထိုစိုးရိမ်ကြောင့်ကိုလည်း နက္ခတ်ဆရာကြီးနှင့် ဗိုလ်မှူးတို့အား စိတ်ထဲရှိသည့်အတိုင်း ဖွင့်ဟတိုင်ပင်လိုက်လေသည်။

“ဘာပဲဖြစ်ဖြစ်…ကျုပ်တော့ စွန့်စွန့်စားစားလုပ်ပြီး အထွပ်အထိပ်ကိုရောက်ချင်တော့တာပဲ၊ နောင်တော်အဘိဓိကို အနိုင်တိုက်နိုင်ရင် ကျုပ် အနုရာဓရဲ့ အထွတ်အထိပ်ကိုရောက်ပြီပေါ့၊ ဒီအကြံ မကောင်းပေဘူးလား”

နယ်စားကြီးဇာဂတိ၏ စကားကို နက္ခတ်ဆရာကြီးနှင့် ဗိုလ်မှူးတို့က တစ်စုံတစ်ရာ ပြန်လည်လျှောက်တင်ခြင်း မပြုပုံကြပေ။

“ဒါ အထွတ်အထိပ်ကိုရောက်ရင် မင်းတို့နှစ်ယောက်ကိုလည်း ကောင်းမွန်စွာ ချီးမြှင့်မြှောက်စားပေမယ်…၊ နက္ခတ်ဆရာကြီးကို မင်းတိုင်ပင် မဟာပညာရှိအဖြစ် တိုးမြှင့်မြှောက်စားပြီး၊ ဗိုလ်မှူးကိုတော့ မဟာစစ်သေနာပတိအဖြစ် တိုးမြှင့်ပေးမယ်”

ထိုသို့ဆိုလိုက်သောအခါ နက္ခတ်ဆရာကြီးက တည်ငြိမ်စွာဖြင့်

“ကိုယ်တော့်ရဲ့ အကြံအစည်က အောင်မြင်ရင်တော့ ကျွန်တော်မျိုးတို့ ခံစားရမယ့် အခွင့်အရေးတွေက မနည်းလှဘူး၊ မက်လောက်စရာဖြစ်ပါတယ်အရှင်၊ အဘိဓိဘုရင်မှာလည်း တောင့်တင်းခိုင်မာတဲ့ ကိုယ်ရံတော်တပ်တွေ၊ မြို့စောင့်တပ်တွေ၊ စစ်သည်အင်အား၊ လူအင်အား အများကြီးရှိပါတယ်အရှင်…၊ လွယ်လွယ်နဲ့တော့ အောင်



မြင်နိုင်လိမ့်မည်ဟု မထင်မိပါ…အကြံကောင်းလျှင်တစ်ချက်ဆိုသော်လည်း အကြံမကောင်းလျှင် အသက်ပေးရတတ်ပါတယ်၊ ဒီအတိုင်းဆက်နေသွားမယ်ဆိုရင် အရှင်ဟာ ဒီဥတ္တရာနယ်မှာ ဘုရင်တစ်ဆူအဖြစ်နဲ့ နှစ်ပေါင်းများစွာ ဆက်လက်စံမြန်းနေနိုင်မှာ ဖြစ်ပါတယ်အရှင်…စဉ်းစားဆင်ခြင်တော်မူပါ”

“အင်း…နက္ခတ်ဆရာကြီးရဲ့ လျှောက်တင်ချက်ဟာဆီလျော်သင့်မြတ်လှပေတယ်”

“ကိုင်း…မောင်မင်းတို့ သွားလိုကသွားနိုင်ပြီ၊ ကြော် ဒါထက်ကျွန်ုပ် စောစောကတိုင်ပင်ခဲ့တဲ့ အကြောင်းအရာတွေ မပေါက်ကြားဖို့အတွက်ကတော့ မင်းတို့နှစ်ယောက် သစ္စာရှေသောက်ကြရလိမ့်မယ်”

ဟု ဆိုကာ စားပွဲပေါ်ရှိ ရေတကောင်းအတွင်းမှ သွေးနီရောင် ရေနှစ်ခွက်ကိုထည့်ကာ သစ္စာဆို၍တိုက်ပြီးမှ ပြန်ခွင့်ပြုလိုက်ရာ ဗိုလ်မှူးက ထွက်သွားလေသည်။

နက္ခတ်ဆရာကြီးသာ ကျန်သောအခါ နယ်စားကြီးက

“နက္ခတ်ဆရာကြီး စောစောက ကျုပ်ခေါ်သဖြင့် လက်လွတ်စပယ်ပြောမိဆိုမိတာတွေကို သည်းခံခွင့်လွှတ်ပါလေ၊ သင့်ရဲ့ပညာကို ချီးမြှင့် ပူဇော်သောအားဖြင့် ကျွန်ုပ်ရဲ့ ရွှေဖလားတစ်လုံးကို ဆုအဖြစ်ပေးမည့်အပြင် အသင်လိုရာ ဆုတစ်ဆုကိုလည်း ချီးမြှင့်ပေးပါဦးမယ်၊ အသင်လိုသောဆုကို တောင်းပါလေ”

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ခွင့်သနားမယ်ဆိုရင် ကျွန်တော်မျိုးအား အရှင့်ရဲ့ကိုယ်လုပ်တော် မိဂသီကို စွန့်ပေးတော်မူပါ"

ဤသို့လျှောက်ထားသောအခါ နယ်စားကြီးက အံ့ဩသောမျက်နှာဖြင့် နက္ခတ်ဆရာကြီးကို ကြည့်လေသည်။

"အလို...သင်တောင်းပုံက အဆန်းပါလား"

"မှန်လှပါအရှင်...မိဂသီဟာ သာမန်အပျိုတော်တွေနဲ့ မတူပါဘူး၊ ကျွန်တော်မျိုးရဲ့ နက္ခတ်ပညာမျိုးနဲ့ ဆက်သွယ်ဆက်စပ်မှုရှိနေလို့ သူ့ကိုမှ ရွေးတောင်းရခြင်း ဖြစ်ပါတယ် အရှင်"

ထိုသို့လျှောက်ထားသောအခါမှ နယ်စားကြီးမှာ သဘောကျသွားပြီး၊ အပျိုတော် မိဂသီအား ခေါ်ဆောင်သွားရန် ခွင့်ပြုလိုက်လေတော့သည်။

နက္ခတ်ဆရာကြီး ရောဟဏီသည် ဝမ်းသာရွှင်လန်းစွာဖြင့် အပြင်ဘက်သို့ ထွက်လာသောအခါ အပျိုတော်မိဂသီအား မတွေ့ရတော့ပေ။ စံနန်းတော်အတွင်း လှည့်လည်ရှာဖွေသော်လည်း မိဂသီအား အစအနမျှပင် မတွေ့ရပေ။

မိဂသီဘယ်ရောက်သွားပြီလဲ။ မိဂသီကား ထူးဆန်းစွာပျောက်ဆုံးသွားခဲ့လေပြီတည်း။

* * *



## အခန်း (၃)

အနုရာဓနိုင်ငံတော်သည် ကြီးကျယ်ခန်းနားလှပေသည်။ မိဂသမ္ဗဒါမြစ်ကမ်းမှ လှမ်းမျှော်ကြည့်လိုက်လျှင် မြင့်မားခန့်ထည်သော မြို့ရိုးများကို လှမ်းမြင်ရသည်။ ထွန်းသစ်စနေရောင်ခြည်အောက်တွင် တဖိတ်ဖိတ်တလက်လက် တောက်ပလျှက်ရှိသော အနုရာဓဘုရင်၏ စံနန်းတော်များကို မြင်ရသောအခါ မိမိ၏ ခမ်းနားထည်ဝါမှုများမှာ သေးနုပ်သိမ်ငယ်လှတကားဟု တွေးမိရင်း တစ်နေ့ကျလျှင် အနုရာဓ၏ အထွဋ်အထိပ်သို့ ရောက်အောင် ဆောင်ရွက်ရမည်ဟု တွေးတောနေမိသည်။

နယ်စားကြီးဇာဂတိ၏ လှေတော်ကြီး အနုရာဓဆိပ်ကမ်းသို့ ဆိုက်ရောက်သောအခါ အနုရာဓစစ်သည်များက လက်နက်အပြည့်အစုံ

www.burmeseclassic.com



ကိုင်ဆောင်လျှက် ဆိပ်ကမ်းတစ်ဖက်တစ်ချက်မှ လာရောက်ကြိုဆိုနေကြသည်ကို တွေ့မြင်ရသောအခါ မြို့စားကြီးစိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။

မြို့စားကြီး ကမ်းပေါ်တက်သောအခါ နက္ခတ်ဆရာကြီး ရောဟဏီ၊ ကိုယ်ရံတော်တပ်မှူးနှင့် အခြားတပ်သားနှစ်ယောက်တို့နှင့်သာ တက်ခွင့်ရလေသည်။

ထိုသို့တင်းကြပ်သော အစောင့်ရှောက်များအား မြင်တွေ့ရသောအခါ ယမန်နေ့က မိမိအကြံအစည်ကို အရှေကောင်အထည်မဖော်မိတာ မှန်လေစွဟု တွေးတောမိတော့သည်။

တံခါးမှူးက မြို့စားကြီးတို့အား နန်းတော်တံခါးပေါက်များစွာကိုကျော်ဖြတ်၍ ဧည့်ခန်းဆောင်သို့ ခေါ်ဆောင်သွားလေသည်။

ဘုရင်အာဂိဗိသည် သလွန်တော်ပေါ်မှ ခန်းမအတွင်းသို့ ဝင်လာသော မိမိနှင့်ညီအစ်ကိုဝမ်းကွဲတော်စပ်သူ မြို့စားကြီး ဇာဂဝီအား လှမ်းကြည့်နေ၏။

မြို့စားကြီးဇာဂဝီ၏သွင်ပြင်မှာ ရက်စက်ကြမ်းကြုတ်ခြင်း ကောက်ကျစ်စဉ်းလဲခြင်း စသော ဗဟိဒ္ဓိသဏ္ဍာန်တို့မှာ အထင်းသားပေါ်လွင်လျှက်ရှိပေသည်။

မြို့စားကြီးသည် ဘုရင်အာဂိဗိရှိရာ သလွန်တော်အနီးရှိ လှေခါးထစ်များတွင် ထိုင်ကာ ဦးညွှတ်ကန်တော့လိုက်သည်။

"ကောင်းသောလာခြင်းဖြင့် ရောက်လာသော ညီတော်ဇာဂ



ဝီ၊ သင်၏နယ်မြေသည် အေးချမ်းသာယာပါ၏လော၊ ဆန်ရေစပါးပေါများပါ၏လော၊ သင်၏တိုင်းသူပြည်သားများနှင့်တကွ အသင်ရောကျန်းမာပကတိ ချမ်းသာစွာရှိပါ၏လော"

"နောင်တော် ဘုရင်မင်းမြတ် ပို့သတော်မူသော မေတ္တာကြောင့် အကျွန်ုပ်နှင့်တကွ တိုင်းသူပြည်သားအပေါင်းတို့ ကျန်းမာချမ်းသာစွာ ရှိကြပါ၏...နောင်တော် ဘုရင်မင်းမြတ်ရော ကျန်းမာပကတိ ချမ်းသာစွာရှိပါ၏လော"

"အနုရာဓနက္ခတ်ကို စောင့်ကြပ်တော်မူသော 'မိတ္တ'နတ်မင်းရဲ့ ဘုန်းတန်ခိုးတော်ကြောင့် ကျွန်ုပ်နှင့်တကွ တိုင်းသူပြည်သားအပေါင်းတို့ ကျန်းမာပကတိ ချမ်းသာစွာရှိကြပါ၏...ညီတော် ဇာဂဝီအနေနှင့် ကျွန်ုပ် ဘုရင်မင်းမြတ်ရှေ့တော်မှောက် အခစားရောက်လာရခြင်း အကြောင်းရင်းကိုလည်း လျှောက်တင်စမ်းပါဦးလေ"

"မှန်လှပါ...နောင်တော် ဘုရင်မင်းမြတ်၊ ကျွန်ုပ်ပိုင်ဆိုင်သော ဥတ္တရနယ်နှင့်တကွ အနုရာဓပြည်ကို ထိပါးရန်ကြိုးစားနေကြသော မိဂသမ္ဗဒါမြစ်တစ်ဖက်မှ ဌမ်းစစ်သည်အပေါင်းတို့အား အပြီးတိုက်ခိုက်အောင်မြင်တော်မူပြီး၊ ၎င်းတို့ထံမှ ဖမ်းမိလာသော သုံ့ပန်းစစ်သည်များ၊ ရတနာပစ္စည်း အမြောက်အမြား၊ ဆင်မြင်းကျွဲနွားအပေါင်းတို့အား လာရောက် ဆက်သခြင်းနှင့် ရန်အပေါင်းတို့အား အပြီးအပိုင်ရှင်းလင်းသုတ်သင်ပြီးဖြစ်ကြောင်း မင်္ဂလာသတင်းကောင်းပါးရန်အတွက် ရှေ့တော်မှောက် အခစားရောက်ရှိကြောင်းပါဘုရား..."

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ညီတော်ရဲ့စကားကို ကြားရတာ၊ အားရဝမ်းသာ ရှိတော်မူလှတယ်…၊ ညီတော်အား ဆုတော်လာဘ်တော်များ ချီးမြှင့် မည်လော"

အဘိဇိဘုရင်က မေးသောအခါ နယ်စားကြီးဓာဂတိသည် ရဲတင်းစွာဖြင့် ပွင့်လင်းစွာ လျှောက်တင်လေတော့သည်။

"အနုရာဓပြည်အား အစိုးရတော်မူသော ဘုရင်မင်းမြတ် အကျွန်ုပ်သည် ဘုရင်မင်းမြတ်နှင့်တကွ အနုရာဓပြည်အတွက် ကျ ရောက်လတ္တံ့သော ဘေးအန္တရာယ် အသွယ်သွယ်တို့အား ဖယ်ရှား သုတ်သင်နိုင်ရန် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့လေပြီ…၊ ထို့အ တွက် အရှင်မင်းမြတ်ပေးသနားတော်မူသော လက်ဆောင်ပဏ္ဏာတို့အား အလိုမရှိပါ၊ ကျွန်တော်မျိုးအား တစ်ခုတည်းသောဆုကိုသာ ပေးသနား တော်မူပါ"

ထိုသို့လျှောက်တင်သံ ကြားရသောအခါ မှူးမတ်ဗိုလ်ပါ အပေါင်းတို့ လှုပ်လှုပ်ရှရှ ဖြစ်သွားကြလေသည်။

ထိုအခါ အဘိဇိဘုရင်က ခက်ထန်သောလေသံဖြင့်…

"သင်၏တောင်းဆိုမှုက ဘာလဲ…၊ အနုရာဓပြည်နှင့်တကွ ငါ၏ ထီးနန်းစည်းစိမ်ကို တောင်းဆိုခြင်းမှလွဲ၍ သင်လိုသောဆုကို လျှောက်တင်လေ"

"နောင်တော်ဘုရင်မင်းမြတ်…၊ ဤအနုရာဓတိုင်းပြည်မှာ ရှေးအစဉ်အဆက် ကျွန်ုပ်တို့၏ ဘိုးဘေးများသာ အုပ်ချုပ်ခဲ့ကြသည်မှာ



နောင်တော် အဘိဇိလက်ထက်တိုင်အောင် အစဉ်အလာမပျက်ရှိခဲ့ပါ သည်"

"ဤစကား မှန်ပေသည်"

"ယခုအခါ နောင်တော်ဘုရင်မင်းမြတ်တွင် ထီးညွန့်နန်းလျာ တစ်ဦးတစ်လေမျှ ထွန်းကားခြင်းမရှိသေးကြောင်း ကြားသိရပါသည်၊ ဤစကားမှန်ကန်ပါ၏လော အရှင်မင်းမြတ်"

ထိုစကားကို လျှောက်တင်သောအခါ မိဖုရားကြီးဟေမာဒေဝီ ၏ မျက်နှာမှာ ရှက်သွေးကြောင့် တင်းမာခက်ထန်စွာဖြင့် မြို့စားကြီး ဓာဂတိအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"သင်၏စကားကို ဆက်ဦးလော့ ဓာဂတိ"

"ဤစကားမှန်ကန်သည်ဆိုပါလျှင် ကျွန်ုပ်တို့၏ ဆွေစဉ်မျိုး ဆက်တွင် အရှင်အဘိဇိပြီးလျှင် ထီးညွန့်နန်းလျာအဖြစ် စံထိုက်သူမှာ အကျွန်ုပ်ပင်ဖြစ်ပါသဖြင့် ညီတော်အား အနုရာဓတိုင်းပြည်၏ ထီးညွန့် နန်းလျာအဖြစ် သတ်မှတ်ချီးမြှင့်ပေးတော်မူပါ နောင်တော် ဘုရင်မင်း မြတ်"

ထိုလျှောက်တင်သံကို ကြားရသောအခါ မိဖုရားကြီးနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိအားလုံးတို့ တအံ့တသြဖြစ်သွားကြရုံမက ကိုယ်ရံတော်တပ်များပင် အသင့်အနေအထားသို့ ပြောင်း၍ ခနေကြ သည်။

ဘုရင်အဘိဇိသည် ထိုလျှောက်တင်ချက်ကို ကြားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အံ့သြတုန်လှုပ်မှုမဖြစ်ဘဲ လေးနက်စွာဖြင့် ဤသို့ပြန်လည် မိန့်ကြားလေသည်။

"ဓာဂဝါ အသင်ကား ကျွန်ုပ်၏ ဆွေစဉ်မျိုးဆက်ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်ကား မှန်ပေ၏။ သို့ရာတွင် အသင်နှင့် ကျွန်ုပ်ကား သွေးရင်းသားရင်းများ မဟုတ်ကြဘဲ သွေးကွဲများသာ ဖြစ်ပေသည်...၊ ထို့ပြင် သင်၏လျှောက်တင်ချက်ကား မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုလျှင် ကျွန်ုပ်၏ ထီးညွန့်နန်းလျာလောင်းအား အခါအားလျော်စွာ ရရှိနိုင်ကြပေ၏...ထိုမိဘုရားများထဲမှ ကျွန်ုပ်အတွက် ထီးညွန့်နန်းလျာ တစ်ပါးတစ်လေမှ မထွန်းကားနိုင်ဟု သင်အာမခံဝံ့ပါသလော..."

"ဤသို့ အာမခံခြင်းမျိုး မပြုဝံ့ကြောင်းပါ အရှင်မင်းမြတ်"

"ဤသို့ အာမမခံဝံ့လျှင် သင်၏ လျှောက်ထားမှုကို ပြန်လည် ရုပ်သိမ်းပါလော့ ဓာဂဝါ"

ထိုသို့ မိန့်တော်မူသော်လည်း နယ်စားကြီးဓာဂဝါမှ မိမိအကြံကို အလျှော့မပေးလိုဟန်ဖြင့် ဤသို့လျှောက်တင်ပြန်လေ၏။

"မှန်လှပါ အရှင်မင်းမြတ်"

"အကျွန်ုပ်အား ခွင့်သနားတော်မူလျှင်ဖြင့် အရှင်မင်းမြတ်၏ ထီးညွန့်နန်းလျာပေါ်ပေါက်လာပါက မတောင်းတာ...၊ အကယ်၍ မပေါ်ပေါက်ပါက ကျွန်တော်မျိုးအား ထီးညွန့်နန်းလျာအဖြစ် သတ်မှတ်ပေးတော်မူပါအရှင်"



"တိတ်စမ်း ဓာဂဝါ"

"သင့်ရဲ့လျှောက်တင်ချက်တွေဟာ ငါဘုရင်မင်းမြတ်နဲ့တကွ အားလုံးကို ရိုင်းပျစော်ကားသလို ဖြစ်နေတယ်ဆိုတာရော သင်သတိထားမိရဲ့လား...သင့်ရဲ့ လျှောက်တင်ချက်သည် အတင့်ရဲလှပေသည်၊ အကျွန်ုပ်ရှေ့မှ နန်းစံသွားကြသော ဘုရင်များလက်ထက်တွင် ဆိုပါက အသင်သည် ငှင်းတို့ ဓါးချက်အောက်ဝယ် အသက်ပျောက်လောက်ပေပြီ၊ ကျွန်ုပ်မှာ အသင်နှင့် ဆွေမျိုးနီးစပ်တော်စပ်သော အကြောင်းကြောင့် သင့်အား အသက်ဘေးမှ ခွင့်လွှတ်လိုက်ပေမည်...၊ ဓာဂဝါ သင်ကား ကောက်ကျစ်ယုတ်မာသူ တစ်ဦးဖြစ်ပေသည်၊ ယခုလို ငါဘုရင်မင်းမြတ်ရှေ့မှာ ရိုင်းပျစော်ကားစွာ လျှောက်တင်ဝံ့သည်မှာ တောင်းတာလှပေ...၊ ယမန်နေ့ညက အသင်သည် ငါ့နန်းတော်သို့ လာမီ သင်၏ လက်ရုံးတော်များအား ငါ့အားလုပ်ကြံသတ်ဖြတ်၍ ထီးနန်းသိမ်းပိုက်ရန်ပင် ကြံစည်ခဲ့သေးသည် မဟုတ်ပါလော"

ဘုရင်မင်းမြတ်၏ အမိန့်စကားကြားရသောအခါ ကိုယ်ရံတော်တပ်မှူးများ လှုပ်လှုပ်ရှားရှားဖြစ်သလို မြို့စားကြီး ဓာဂဝါမှာလည်း နှုတ်ခိုးထည့်နှင့် အမိခံရ[illegible]မှာ မိမိနောက်မှလိုက်ပါလာသောကိုယ်ရံတော်တပ်မှူးနှင့် နက္ခတ်ဆရာကြီး ရောဟဏီတို့အား ငဲ့စောင်း[illegible] လိုက်လေသည်။

"အခြားသူများအား အထင်မလွဲလေနှင့် ဓာဂဝါ [illegible] တစ်ထောင်ဆိုတာကို အသင်မကြားဖူးသလော...သင်၏ [illegible]

www.burmeseclassic.com



အကြံအား တားမြစ်ပေးသော နက္ခတ်ဆရာကြီးနှင့် ဗိုလ်မှူးတို့အား ကျေးဇူးတင်ထိုက်ပေသည်…အဘယ်ကြောင့်ဆိုသော်…၄င်းတို့မတားပါက အသင်၏ မိုက်မဲသောအကြံအစည်အတိုင်းသာ ဆောင်ရွက်ပါလျှင် သင်သည် ယခုကဲ့သို့ ကျွန်ုပ်နန်းတွင်းသို့ပင် ရောက်နိုင်တော့မည်မဟုတ်ဘဲ၊ အသင်၏ ဝိညာဉ်သည် ငရဲပြည်သို့ ရောက်လောက်ပေသည်၊ ထိုအကြောင်းအား လျှောက်တင်သူကို ကျွန်ုပ် သူကောင်းပြုထားပေသည်၊ ကြည့်ပေဦးလော့''

ဘုရင်မင်းမြတ်စကားကြောင့် မြို့စားကြီး ဇာဂတိ အထိတ်တလန့်မော့ကြည့်လိုက်သောအခါ သလွန်ခြေရင်းတွင် နန်းတွင်းသူအဝတ်အစားများနှင့် လှပတင့်တယ်လျက်ရှိသော အပျိုတော်မိဂသီအား တွေ့လိုက်ရသောအခါမှ သဘောပေါက်သွားလေတော့သည်။

''ဇာဂတိ…အသင်ကား အကျွန်ုပ်နှင့်တကွ အနုရာပြေည်ကိုပါ သစ္စာဖောက်ရန် ကြံသူတည်း၊ ထိုအပြစ်အတွက် သေဒဏ်မှတစ်ပါး အခြားမရှိတော့ပြီ၊ သို့စေကာမူ အနုရာဝေိုင်းပြည်၏ ရန်စွယ်အပေါင်းတို့အား ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်နှိမ်နင်းပေးသော ကျေးဇူးကိုထောက်၍ အသင့်အား ယခုအသက်ဘေးမှ ခွင့်လွှတ်ပေးလိုက်မည်…၊ ရာသက်ပန် အကျဉ်းသားဘဝနှင့်နေမည်လော၊ ကျွန်ုပ်၏ သစ္စာတော်ခံဘဝနှင့်နေမည်လော''

ထိုသို့မေးသောအခါ မြို့စားကြီးဇာဂတိသည် ဒူးထောက်ခေါင်းငုံ့၍



''ဘုရင်မင်းမြတ်၏ သစ္စာတော်ကို ရာသက်ပန်ခံပါတော့မည်''

ဟု တုန်လှုပ်စွာလျှောက်တင်သောအခါ အဘိဇိဘုရင်က ဇာဂတိအား ကျိန်စာအမျိုးမျိုးဆိုစေလျက် သွေးသစ္စာရေတိုက်ပြီး နန်းဆောင်အတွင်းမှ ထွက်ခွင့်ပြုလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အမှောင်ထုက ပတ်ဝန်းကျင်တဝိုက် ဖုံးလွှမ်းထားလေသည်။ ကောင်းကင်ယံ၌ နက္ခတ်တာရာများ ထွန်းလင်းတောက်ပလျက်ရှိသဖြင့် အားနည်းသော အလင်းရောင်အချို့တော့ ရှိနေ၏။

အဘိဇိဘုရင် စံမြန်းတော်မူသော နန်းတော်၏ မြောက်ဘက် တောင်ကုန်းပေါ်တွင် ကြီးမားခန့်ထည်သော ဘုရားကျောင်းဆောင်ကြီး တစ်ဆောင်ရှိ၏။

ထိုဘုရားကျောင်းဆောင်ကြီး၏ အတွင်းပိုင်းတွင် ကျောက်ကြီးဖြင့် ထွင်းလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိပြီး၊ တခြားစင်မြင့်တစ်

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် နက္ခတ်တာရာများကို စောင့်ရှောက်ကြသော နတ်မင်းများ၏ ပုံတော်များ အစီအရီထားရှိရာ နေရာတစ်ခုရှိသည်။

ခန်းမဆောင်အတွင်း၌ မဲမှောင်လျှက်ရှိပြီး ဆီမီးရောင်အချို့ကြောင့် ကြေးနီဖြင့် ပြုလုပ်ထားကြသော နတ်ရုပ်ထုများမှ အရောင်လက်လျှက်ရှိ၏။

ဘုရားကျောင်းဆောင်အတွင်း၌ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ရုံများခြုံထားသော လူနှစ်ယောက်ရှိနေကြသည်။ ထိုသူတို့ကား အခြားမဟုတ်။ အနုရာဓပြည့်ရှင် ဘုရင်အဘိဇိနှင့် မိဖုရားခေါင်ကြီး ဟောမာဒေဝီတို့ဖြစ်ကြသည်။

၎င်းတို့သည် မြတ်စွာဘုရား ရုပ်ပွားတော်နှင့်တကွ နက္ခတ်များကို အစိုးရတော်မူသော နတ်မင်းအပေါင်းတို့အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ပသပြီး သားဆုပန်လျှက်ရှိကြလေသည်။

"အသင်နတ်မင်းအပေါင်းတို့… အကျွန်ုပ်တို့ အနုရာဓမင်းဆက်တွင် ရာဇသွေးပါသူများသာ အစဉ်အဆက် မင်းအဖြစ် အုပ်ချုပ်ဆောင်ရွက်ခဲ့သည်ကို အသင်နတ်မင်းတို့ အသိဖြစ်ပါသည်…အနုရာဓတွင် အခြားအမျိုးညံ့သူများ မင်းအဖြစ် အုပ်ချုပ်စိုးစံခွင့်မရှိခဲ့ပါ…၊ ယခုအခါ ကျွန်ုပ်တွင် ထီးညွန့်နန်းလျာလောင်းလျာ တစ်ဦးတစ်လေမှ မရရှိသေးပါ…၊ အကျွန်ုပ်အား ထိုအဖြစ်ဆိုးမှ ကင်းလွတ်အောင် ကူညီပေးကြပါရန် ပန်ကြားတောင်းပန်အပ်ပါသည်…၊ ထိုသို့ ကူညီဆောင်ရွက်ပေးမည်ဆိုပါက အသင်နတ်မင်းအပေါင်းတို့အား အထူးထူးသော ပူဇော်ပသမှုများ၊ နက္ခတ်သဘင်ပွဲတော်များ ဆင်ယင်ကျင်းပပေးပါမည်…၊ ထို့ပြင် ကြီးကျယ်ခမ်းနားသော နက္ခတ်သဘင် နန်းတော်ကြီး ဆောက်လုပ်ပြီး အသင်နတ်မင်းတို့၏ ရုပ်ထုများအား အကျွန်ုပ်ကိုယ်ဖြင့်တိုင်းကာ ရွှေအတိဖြင့် ပြုလုပ်ပူဇော်ပါမည်ဟု ကတိပြုပါသည်"



အဘိဇိဘုရင်က ထိုသို့ တိုင်တည်ဆုတောင်းပြီးသောအခါ မိဖုရားခေါင်ကြီး ဟောမာဒေဝီကလည်း ဤသို့ဆုတောင်းကတိပြုကြလေသည်။

"အို…နက္ခတ်အပေါင်းတို့အား စောင့်ရှောက်လျှက်ရှိကြတုန်သော နတ်မင်းအပေါင်းတို့…၊ ကျွန်ုပ်၏ ဘဝဟောင်းက မိခင်တော် ခပ်ခဲ့ဖူးသော မယ်တော်၏ဝိညာဉ်အား တိုင်တည်ပါသည် ကျွန်ုပ်အား ယောကျ်ားတစ်ကာတို့၏ အလယ်တွင် သားမခိုတဲ့ အမြဲမြဲမဟူသော နှုပ်စွဲပြောဆိုမှုမှာ အရှက်ကိုအသက်နှင့်လဲရန်သာ ကျန်ပါတော့သည်၊ သို့အတွက်ကြောင့် အကျွန်ုပ်အား အနုရာဓပြည်၏ ထီးညွန့်နန်းလျာ တစ်ဦး ချီးမြှင့်ပေးပါက အကျွန်ုပ်၏အသက်ဖြင့် ပူဇော်ပါမည်ဟု ကတိပေးပါသည်"

ထိုစကားကိုကြားလိုက်ရသောအခါ အဘိဇိဘုရင်သည်မိဖုရားကြီးအား အထိတ်တလန့် လှည့်ကြည့်လိုက်သည်။

မီးရောင်မှိန်မှိန်အောက်ဝယ် မိဖုရားကြီး ဟောမာ[illegible] မျက်ရည်ရွှမ်းသော မျက်နှာဖြင့် နက္ခတ်တာရာကို စောင့်[illegible] နတ်မင်းအပေါင်းတို့အား ရှိခိုးပူဇော်နေသည်ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



အဘိဓိဘုရင်၏ မျက်စိထဲတွင် မီးရောင်မှိန်မှိန်အောက်ဝယ် မိဖုရားကြီး အရှေ့အနောက်ဝဲယာဝန်းကျင်တွင် လှည့်ပတ်ကခုန်လျှက်ရှိသော ဝိညာဉ်များကို ဝိုးတဝါးတွေ့မြင်လိုက်ရသည်။

၎င်းတို့နှစ်ဦး ပြန်ထွက်လာသောအခါ အနုရာဓ၏ နက္ခတ်ဆရာကြီး သူရန္တက ခန်းမပေါက်ဝမှ စောင့်ကြိုကာ နိမိတ်စကားတစ်ခွန်းလျှောက်တင်လေသည်။

"မြတ်သော ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ ဆုတောင်းသံများကို အကျွန်ုပ်ကြားလိုက်မိပါသည်…၊ ကျွန်ုပ်ကြားသကဲ့သို့ နက္ခတ်ကိုစောင့်သော နတ်မင်းအပေါင်းတို့လည်း ကြားသိကြပါသည်အရှင်…၊ နက္ခတ်ကိုစောင့်သော နတ်မင်းတို့က အရှင်မင်းမြတ်တို့၏ အလိုဆန္ဒပြည့်ဝစေရန် ကူညီစောင့်ရှောက်ပေးကြပါလိမ့်မည်၊ ယနေ့ညတွင် ထူးခြားသော အတိတ်နိမိတ်တစ်ခု မုချမြင်မက်ပါလိမ့်မည်…၊ ယနေ့ညသည် အရှင်မင်းမြတ်နှင့် မိဖုရားကြီးတို့အတွက် ကောင်းသောည ဖြစ်ပါစေ…"

"အသင်၏စကားသည် ကောင်းမြတ်သော စကားဖြစ်ပေတယ် နက္ခတ်ဆရာကြီး၊ နံနက်ညီလာခံရောက်လျှင် အသင်ပြောသော နိမိတ်စကားများမှန်ပါက ဆုတော်လာဘ်တော်များ ချီးမြှင့်ရပေဦးမည်"

ထိုသို့ မိန့်ကြားပြီး ဘုရင်နှင့်မိဖုရားကြီးတို့သည် အဆောင်အတွင်းမှထွက်ကာ အဓောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။



ထိုညဥ့် သန်းခေါင်ယံကျော်သောအခါ သလွန်ပေါ်တွင်အိပ်စက်လျှက်ရှိသော မိဖုရားခေါင်ကြီး ဟေမာဒေဝီသည် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲတွင် နက္ခတ်တာရာများ တဖိတ်ဖိတ် တလက်လက်တောက်ပလျှက်ရှိသော ကောင်းကင်ပြင်မှာ အလင်းဆောင်တန်းတစ်ခု ထိုးဆင်းကျလာပြီး၊ ခဏအကြာတွင် မိမိအနီးတွင် လှုပ်ရှားလျှက်ရှိသော ပုံရိပ်တစ်ခုကို ဝိုးတဝါးတွေ့မြင်ရသည်။

"ချစ်သမီးတော် ဟေမာ… ငါသည် သင်၏ဘဝဟောင်းက မိခင်တော်ဧပ်ခဲ့ဖူးသော တာရာဒေဝီသခင်မဖြစ်ပေသည်၊ ညဥ့်ဦးယံက အသင်တို့ ဆုတောင်းခဲ့သံများကို ကြားခဲ့ပြီးပြီ…နေနတ်သားအနွယ်တော်နှင့် တာရာဒေဝီ၏ သမီးတော်တို့ အခက်အခဲကို ငါအကူအညီပေးမည်…၊ နက္ခတ်နတ်မင်းများကို ပူဇော်ပသသူသည် နက္ခတ်နတ်မင်းများ၏ ကူညီစောင့်ရှောက်မှုများကို ခံယူလိုက်ပေသည်…၊ အသင်တို့အား ထီးညွန့်နန်းလျာအဖြစ် သမီးတော်ကလေးတစ်ပါးကို ငါချီးမြှင့်ပေးမည်၊ ထိုသမီးတော်လေးရဲ့ကိုယ်တွင် ငါ့ရဲ့ဝိညာဉ်တော် ထိန်းဝပ်နေပေလိမ့်မည်…သမီးတော်လေးမှာ ဘုန်းတန်ခိုးကြီးမားခြင်းအင်္ဂါ ချောမောလှပသူဖြစ်ပြီး၊ ဆောင်းနှင်းကဲ့သို့လည်း အေးချမ်းသည့်ခြင်းကို ရရှိသူဖြစ်မယ်…"

"သူသည် အနုရာဓပြည် အဝှမ်းကို အုပ်စိုး[illegible] ရွှေကိုင်ရှသရဖူဟာ သူ့ရဲ့ခေါင်းပေါ်မှာ ထာဝစဉ်တည်[illegible]

www.burmeseclassic.com



လိမ့်မည်…။ ၄င်းတွင် ဘေးအန္တရာယ်ဖြစ်သော်လည်း ကျွန်ုပ်၏ ဝိညာဉ်တော်က ကာကွယ်စောင့်ရှောက်ပေးသဖြင့် ရန်သူဟူသမျှ ခြေဖဝါးအောက် ပြားပြားရောက်ပေလိမ့်မည်…။ သူ့အတွက် မင်းမျိုးမင်းနွယ်ချစ်သူတစ်ဦးလည်း ပေါ်ပေါက်လာမည်ဖြစ်ပြီး၊ ၄င်းအားမေတ္တာစစ် မေတ္တာမှန်ဖြင့် ချစ်ခင်နှစ်သက်မည်ဖြစ်ပြီး၊ ၄င်းကလည်း စွဲလန်းနှစ်သက်မှုဖြစ်ကြပေလိမ့်မည်…။ ၄င်း ငါ၏ဝိညာဉ်တော် ကိန်းဝပ်နေသည့် ကေရီလောင်းလျာအား တာရာရှင်မ (MORNING STAR) ဟု ခေါ်တွင်ပေလိမ့်မည်…။ ထိုအမည်ကား ကျွန်ုပ်ချီးမြှင့်သောအမည်ဖြစ်ပြီး ကျွန်ုပ်၏အမည်တစ်ခုလည်း ဖြစ်ပေသည်… သူ့အားစောင့်ရှောက်ရန်အတွက် အခြွေအရံအပေါင်းတို့သော်လည်းကောင်း၊ ဝိညာဉ်များ၊ တမန်တော်များကိုလည်း တစ်ပါတည်း ပေးသနားမည်ဖြစ်ပေသည်…။ ထိုအကြောင်းများမှန်ကန်မှုရှိကြောင်း သင်ယုံကြည်မှုရှိစေရန် အကျွန်ုပ်၏ အမှတ်တံဆိပ်တော်ကို အသင်၏ ရင်ညွှန့်ပေးကွင်ခတ်နှိပ်ပေးထားခဲ့မည်…အကျွန်ုပ် ဤနေရာမှ ထွက်ခွာသွားသောအခါ အသင်၏မောင်တော်ဘုရင်မင်းမြတ်အား ထိုအကြောင်းအား ပြောကြား၍ ၄င်းချီးမြှင့်မြွှာက်စားခြင်းကို ခံယူပေတော့ သမီးတော်…"

ထိုသို့ပြောဆိုပြီးနောက် မိမိအနီးမှ ပုံရိပ်များ တဖြည်းဖြည်းဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုသို့ပျောက်ကွယ်သွားပြီး မိဖုရားကြီးဟေမာဒေဝီလည်း အိပ်ပျော်ရာမှ လန့်နိုးလာပြီးနောက် မိမိ၏ရင်ညွှန့်ကို စမ်းကြည့်သော



အခါ ကြယ်တာရာသဏ္ဌာန်အနီရောင် အမှတ်တံဆိပ်တော်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြစ်ကာ ညတွင်းချင်းပင် ဘုရင်မင်းမြတ်အဆောင်တော်သို့ သွားကာ ထိုအကြောင်းစုံကို လျှောက်ထားလေသည်။

ဘုရင်မင်းမြတ်လည်း ဝမ်းသာမှုအပြည့်ဖြင့် လျှောက်ထားသော မိဖုရားကြီးရင်ညွှန့်တော်ပေါ်မှ ကြယ်တာရာအမှတ်အသားကို တွေ့သောအခါ ယုံကြည်သွားပြီး ညတွင်းချင်းပင် နက္ခတ်ဆရာကြီး၊ နန်းရင်းဝန်ကြီး၊ စာရေးတော်ကြီးတို့အား ဆင့်ခေါ်ကာ ထိုအကြောင်းများအား မှတ်တမ်းပြု ရေးသားစေသည်။

နက္ခတ်တာရာများအား ကြည့်ရှုစေကာ တွက်ချက်မှုပြုစေသည်။ ညတွင်းချင်းပင် မိဖုရားကြီးနှင့်တကွ နက္ခတ်ဆရာကြီး၊ နန်းရင်းဝန်ကြီးနှင့် စာရေးတော်ကြီးတို့အား ဆုတော်လာဘ်တော်များ ချီးမြှင့်ပေးသနားလေသည်။

နံနက်မိုးသောက် အလင်းရောက်၍ ညီလာခံသဘင် ဆင်ယင်သောအခါ နယ်စားကြီးဇာဂတီအား ထိုအကြောင်းများပြောပြ၍ ထီးညွန့်နန်းလျာအတွက် မွေ့လင့်ချက်မပြုတော့ရန် မိမိနေရင်းဒေသ၌သာ အေးချမ်းစွာနေပေတော့ဟု ပြောဆိုမိန့်ကြားလေသည်။

နယ်စားကြီးဇာဂတီအနေဖြင့်တော့ ၄င်းအားထီးညွန့်နန်းလျာ မပေးလို၍ ဥပါယ်တံမျဉ်ပြုသည်ဟုယူဆကာ မကျေမနပ်ဖြင့် ၎င်း၏နယ်သို့ ပြန်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

အချိန်ကာလကျရောက်သောအခါ မိဖုရားခေါင်ကြီး ပေမာ
ဝီသည် အလွန်တရာ ချစ်ဖွယ်ကောင်းသော သမီးတော်လေးတစ်ပါး
ားမြင်လေသည်။ သမီးတော်လေးဖွားမြင်သောအချိန်တွင် ရုတ်တရက်
နေရာဝတစ်ပြည်လုံး မိန်းမိုက်အောင် မှောင်မိုက်သွားပြီး ကောင်းကင်
၊ လင်းလက်သော ကြယ်တာရာတစ်လုံး နန်းတော်တွင်းသို့ ကြွေဆင်း
သွားသည်ကို ပြည်သူပြည်သားများစွာတို့ မြင်တွေ့လိုက်ကြရသည်။

၄င်းအချိန်တွင် ကောင်းကင်ပြင်ထက်တွင် ဇော်ဂျနက္ခတ်နှင့်
နေရာဓနက္ခတ်တို့ ထူးထူးဆန်းဆန်း နီးကပ်စွာ ထွန်းလင်းတောက်ပ
လျက်ရှိနေတော့သည်။ ၄င်းအခြင်းအရာကို မြင်တွေ့ရသော နက္ခ
ဆရာကြီး သူရဇ္ဇသည် ၄င်း၏ ပုရပိုဒ်တွင် ထိုအကြောင်း
တ်တမ်းပြုထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတော်လေးမှာ ကြန်အင်လက္ခဏာနှင့် ပြည့်စုံရှာသမ ရင်ဘတ်တွင် ကြယ်တာရာအမှတ်တံဆိပ် အနီစက်ကြီး ထူးထူးခြားခြား ပါလာသည်ကို တွေ့ရသောအခါ မိဖုရားကြီး အိပ်မက်အတိုင်း ဘုရားရှင့်မ ချီးမြှင့်ပေးသော သမီးတော်လေးဖြစ်သည်ဟု အားလုံး ယုံကြည်လက်ခံကြတော့သည်။

မင်းသမီးလေးဖွားမြင်ပြီးသည်နှင့် အဘိဇိဘုရင်သည် နန်းတော်နှင့် မဝေးသော တောင်ကုန်းတစ်ကုန်းပေါ်တွင် ကျယ်ဝန်းခ ပြားသော နက္ခတ်တာရာကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ် လျက် ရွှေသားအစစ်ဖြင့် သွန်းလုပ်သော နက္ခတ်တာရာစောင့်နတ်မင်း တို့၏ ပုံများကိုလည်း အစဉ်အတိုင်း ပူဇော်ထားရှိလေသည်။

ထိုသို့ပြုလုပ်နေဆဲမှာပင် မိဖုရားခေါင်ကြီး ဟောမာဒေဝီမှာ သမီးတော်လေးကို ဖွားမြင်ပြီး လအနည်းငယ်ကြာသောအခါ နတ်ရွာစံသွားလေသည်။

သားဆုပန်စဉ်က သားသမီးရတနာထွန်းကားရရှိလျှင် နက္ခတ် စောင့်နတ်အပေါင်းတို့အား မိမိအသက်ဖြင့် ပူဇော်ပါမည်ဟု ကတိ ခဲ့သည့်အတိုင်း နတ်ရွာစံသွားခြင်းဖြစ်ပေတော့သည်။

ထိုအခါ အဘိဇိဘုရင်မှာ တစ်ဖက်မှ သမီးတော်လေးရသဖြင့် ဝမ်းသာရွှင်လန်းရှိမှမဆုံးခင် ချစ်လှစွာသော မိဖုရားခေါင်ကြီး နတ် ရွာစံသဖြင့် ပူဆွေးသောက ရောက်ရပြန်လေသည်။

ထို့နောက် မိဖုရားခေါင်ကြီးအား ကောင်းမွန်စွာ သင်္ဂြိုလ်ပြီး



လျှင် မိဖုရားခေါင်ကြီး၏ပုံတူကို ရွှေဖြင့်သွန်းလုပ်ကာ နက္ခတ်ကျောင်း အတွင်း၌ ထားရှိလိုက်လေသည်။

ထို့ပြင် အနုရာဓတိုင်းပြည်၌ မင်းသမီးလေး မွေးဖွားစဉ် အခြားထူးခြားသော အကြောင်းအရာတစ်ခုလည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်ခဲ့ပေသည်။

ထိုကား အခြားမဟုတ်ပေ။

အနုရာဓ၏ ထီးနန်းကို အမှန်ပင်ဆက်ခံလိုက်သူ မျိုးရိုးမှ ဆင်းသက်သူ နက္ခတ်တာရာကျောင်းစောင့် ဗိုလ်မှူးနေသီဟနှင့် ဇနီး ဖြစ်သူ မဟူရာတို့မှ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော သားတော် လေးတစ်ပါး ဖွားမြင်လာကြသည်။

နက္ခတ်တာရာကျောင်းတော်စောင့် ဗိုလ်မှူးနေသီဟနှင့် ၎င်း၏ ဇနီးလည်းဖြစ် နှစ်မဝမ်းကွဲလည်းတော်သူ မဟူရာတို့မှာ အနုရာဓ၏ ထီးသွေးနန်းသွေးပါသူများ ဖြစ်ကြသော်လည်း ဘုရင်အဘိဇိ တိုင်း ပြည်ကို အုပ်ချုပ်စဉ်ကပင် အရာချကာ ကျောင်းတော်စောင့်တာဝန်မျှ သာ ပေးထားခဲ့လေသည်။

ထို့ပြင် ထီးဆက်နန်းသွေးပါသူ မဟူရာသည် ဂမ္ဘီရအတတ် ပညာကို ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်သောကြောင့် ဘုရင်အဘိဇိ က နန်းတော်နှင့်ဝေးသောနေရာတွင် တမင်ထားခဲ့ခြင်းဖြစ်ပေသည်။

သို့သော်လည်း ဗိုလ်မှူးနေသီဟမှာ ဘုရင်အဘိဇိနှင့်

www.burmeseclassic.com

www.burmeseclassic.com

မျိုးဆက်တော်သူ တစ်ဦးဖြစ်သဖြင့် အရေးတကြီးကိစ္စများ ပေါ်ပေါက်မါက ဘုရင်အဘိဇိကိုယ်တိုင် ခေါ်ယူတိုင်ပင်ရသူဖြစ်သည်။

အနရာဇ၏အရေးကိစ္စရှိလျှင် ဗိုလ်မှူးနေသီဟသည် ရှေ့တန်းမှ ရှုပ်ရှပ်ချွံချွံ အမှုတော်ထမ်းသဖြင့် ဘုရင်၏အားကိုးရသော အတွင်းလူတစ်ယောက်လည်း ဖြစ်ပေသည်။

ဗိုလ်မှူးနေသီဟတို့တွင် ထူးဆန်းစွာ သားတော်လေးတစ်ယောက်ဖွားမြောက်လာသောအခါ 'ဥတ္တရ' ဟု အမည်ပေးကြသည်။

မိဖုရားကြီးနှတ်ရှာစ်သောအခါ သမီးတော်အား အခြားသူများနှိုရည်တိုက်ကျွေးခြင်းထက် မဟာဆိ မဟာသွေးပါသော မဟူရာ၏နို့ရည် တိုက်ကျွေးရန် အသင့်လျော်ဆုံးမို့ သမီးတော်လေးကို ကောင်းမွန်စွာ ကျွေးမွေးရန် ဗိုလ်မှူးနေသီဟနှင့် မဟူရာတို့အား တာဝန်ပေးလေသည်။

သမီးတော်လေး၏အမည်ကိုလည်း မိဖုရားကြီး၏ ဆန္ဒအတိုင်း 'တာရာ' ဟု ပေးခဲ့လေသည်။

ဤသို့ဖြင့် မင်းသမီးလေးတာရာမှာ ငယ်စဉ်ကတည်းက ဥတ္တရနှင့် နို့စို့ဘက်၊ ကစားဖော်၊ ကစားဘက်ဖြစ်ကာ အထိန်းတော်မဟူရာမှာလည်း သူမ၏ကျွေးမိခင် ဖြစ်လာရပေတော့သည်။

တာရာသည် ညစဉ်ညတိုင်း မဟူရာ၏ ရင်ခွင်ထဲတွင် ဥတ္တရနှင့်အတူ အိပ်စက်ခဲ့ရသည်။

ဥတ္တရနှင့်တာရာတို့သည် နို့စို့ဘက်မောင်နှမများသဖွယ် ခင်



မင်ကြသော်လည်း မင်းသမီးလေးတာရာက ဥတ္တရအပေါ် အမြဲတမ်းလို အနိုင်ကျင့်၍ အထက်စီးမှ ဆက်ဆံလေသည်။ ရာဇသွေး ရာဇမာန်ဖြင့် အမိန့်ပေး ညွှန်ကြားလျှင်ရှိရာ ဥတ္တရ ငယ်ကတည်းကသည်းခံ၍ ဆက်ဆံခဲ့ရသည်။

မင်းသမီးလေးတာရာမှာ အခြားကလေးများနှင့်မတူသော ထူးခြားချက်များပါရှိလေသည်။

၄င်းမှာ နက္ခတ်တာရာကျောင်းအတွင်း ဝင်ထွက်သွားခွင့်ရှိသည့်အလျောက် သူသည် ကျောင်းကြီးအတွင်း တစ်ယောက်တည်းသွား၍ ကြီးမားသောမှခ်ပေါက်ကြီးများ ၊ နက္ခတ်တာရာနတ်မင်းများတို့၏ ရုပ်ထုများ၊ ရှေးဟောင်းကျမ်းစာများကိုသော်လည်းကောင်း၊ ၄င်း၏မယ်တော်ဖြစ်သော မိဖုရားခေါင်ကြီး ဟေမာဒေဝီ၏ရုပ်ထုရှေ့၌သော်လည်းကောင်း၊ အချိန်ကြာမြင့်စွာ တစ်ယောက်တည်းထိုင်နေလေ့ရှိသည်။

ဥတ္တရနှင့် တာရာမင်းသမီးလေးတို့ ခုနစ်နှစ် ရှစ်နှစ်အရွယ်သို့ ရောက်သောအခါ ဥတ္တရက နက္ခတ်တာရာများအကြောင်း၊ စာပေကျမ်းဂန်များ၊ ယောဂျ်ားတို့တတ်အပ်သော အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော ပညာများ ို စသင်ရပြီ။

မင်းသမီးလေးတာရာက စာပေကျမ်းဂန်များ၊ နက်နဲသော ဝမ္မရအတတ်ပညာများ၊နန်းတွင်းဓလေ့ထုံးစံများနှင့်ပဉ်တေးမှုအစဉ်အလာမား၊ စီရင်ထုံးမျ်ား အကြောင်းများတို လေ့လာသင်ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သင်ကြားကြရာတွင် ဥတ္တရမှာ အရွာရသတစ်ဆယ့် ရှစ်ရပ်မှ ဓါးခုတ်၊ လှံထိုး၊ မြင်းစီး၊ ဆင်စီး၊ မြားပစ်သော အတတ်ပညာ များကို ဖခင်ဖြစ်သူ ဗိုလ်မှူးနေသီဟထံမှ သင်ကြားခွင့်ရပြီး မင်းသမီး လေးတာရာအနေနှင့် နန်းတွင်း ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အစဉ်အလာ များ ၊ ဂမ္ဘီရအတတ်ပညာများကို ကျွေးမိခင်မဟူရာထံမှ သင်ကြား ခွင့် ရခဲ့ပေသည်။

သို့နှင့် တစ်စတစ်စ အရွယ်ရောက်လာသောအခါ မင်းသမီး လေးတာရာအား အထိန်းတော်များနှင့်သာနေရပြီး ယခင်ကလို ဥတ္တရ နှင့် လွတ်လွတ်လပ်လပ် တွေ့ခွင့်မရတော့ပေ။

တစ်နေ့သောအခါ တောင်ပေါ်ကျောင်းမှ စာသင်ပြီးပြန်လာ သော ဥတ္တရနှင့် ပန်းခြံဝရောက်လာသော တာရာမင်းသမီးလေးတို့ ဆုံမိကြသည်။

"ငါမရှိတော့ နင်တစ်ယောက်တည်း ပျင်းမနေဘူးလား တာရာ..."

" ဟင့်အင်း ... မပျင်းပါဘူး "



## အခန်း (၆)

နက္ခတ်တာရာကျောင်းဆောင်ကြီးအတွင်း လျှို့ဝှက်သောနေရာ တစ်ခုတွင် အုတ်နံရံကြီးများ လေးဘက်လေးတန် ကာရံထားသော ရေကန်ကြီးတစ်ကန်ရှိသည်။

ထိုရေကန်အတွင်း၌ ဘုရားကျောင်းစောင့်နတ်မိကျောင်းကြီး တစ်ကောင်ရှိသည်။

ကျောင်းစောင့်အလုပ်သမားများ တစ်ပတ်တစ်ခါ၊ နှစ်ပတ် တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် အမဲသားတစ်များလာရောက်ကျွေးမွေး ကြသည်။ ထိုသို့ကျွေးမွေးပြီးလျှင် အခန်းကို ကြေးတံခါးကြီးများဖြင့် ပိတ်ကာ သော့ခတ်လိုက်ပြီးလျှင် ထိုသော့ကို ကျောင်း၏ကြီးအတဲ ဖြစ်သူ ဗိုလ်မှူးနေသီဟထံ အပ်နှံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ ဗိုလ်မှူးနေသီဟသည် နက္ခတ်ကျောင်း၏ တံခါးသော့ကို ပေါ့ပေါ့လျော့လျော့ထားမိသဖြင့် ထိုသော့ကို အမှတ်မထင် ဥတ္တရက ကောက်ယူရရှိသွားပြီး ရလျှင်ရခြင်း မင်းသမီးလေး တာရာထံ ပြေးသွားလေသည်။

"တာရာ...ငါ နက္ခတ်ကျောင်းထဲက မိကျောင်းကြီးရှိတယ် ဆိုတဲ့ အခန်းရဲ့တံခါးသော့ကို ရလာတယ်၊ နင်မိကျောင်းကြီး ကြည့်ချင်တယ်ဆို...ငါလိုက်ပို့ပေးမယ်လေ"

"သွားလို့ဖြစ်ပါ့မလား"

"အို...ဘာလို့မဖြစ်ရမှာလဲ၊ တစ်ခါတစ်ရံ မြင်ဖူးအောင် သွားကြည့်တာပဲ...ဘယ့်နှယ့်လဲ၊ သွားကြမလား"

ဥတ္တရ၏စကားကြောင့် တွေတွေလေးဖြစ်နေသော မင်းသမီး လေးတာရာမှာ ထိုနေရာသို့သွားရန် သဘောတူလိုက်တော့သည်။

ထို့နောက် သူတို့နှစ်ယောက်သည် မိကျောင်းကြီးအား ကျွေးမွေးရန် အမဲသားတစ်အချို့ကို တိတ်တဆိတ်ဆောင်ယူ၍ နက္ခတ်ကျောင်းတော်ကြီးရှိရာသို့ သွားကြလေသည်။

အတွင်းသို့ရောက်သောအခါ ခန်းမတံခါးမကြီးအား ပါလာသောသော့ဖြင့် ဖွင့်ကာ ရေကန်ရှိသော အတွင်းခန်းသို့ ဝင်ရောက်ခဲ့ကြသည်။

ရေကန်ပတ်လည်ကို အုတ်တံတိုင်းကြီးများ လေးဘက်လေးတန် ကာရံထားသည်။ လူသွားလမ်းကလေးများရှိသော်လည်း လူတစ်



ယောက်သွားသာရုံမျှသာ ကျဉ်းမြောင်းလှသည်။ တစ်နေရာတွင် မိကျောင်းကြီးအား အစာကျွေးသော အုတ်ခုံနေရာရှိသည်။

ဥတ္တရနှင့်တာရာတို့ နှစ်ယောက်သည် ထိုနေရာမှရပ်ကာ ပါလာသော အမဲသားတစ်များကို ရေထဲသို့ ပစ်ကျွေးကြသည်။

ပထမ-ရေပြင်သည် ငြိမ်သက်လျက်ရှိပြီး ခဏအကြာတွင် ရေမျက်နှာပြင်ပေါ်သို့ ကြီးမားသော မိကျောင်းကြီးတစ်ကောင်၏ ဦးခေါင်းကြီးပေါ်လာတော့သည်။

"ဟယ်...မိကျောင်းကြီး"

သို့သော်နောက်ဖက်တွင် အုတ်တံတိုင်းကြီးခံနေသောကြောင့် ဆက်ဆုတ်၍မရတော့ပေ။

မိကျောင်းကြီးမှာ အစာများဆက်လက်ပစ်မကျွေးသောအခါ ကမ်းစပ်တွင်ရပ်နေသော သူတို့နှစ်ယောက်ဆီသို့ 'ဝေါ'ကနဲ ထိုးတက် လာသည်။

"အား..."

နှစ်ယောက်သားကြောက်လန့်တကြား ရှောင်ပေးလိုက်ရာ တစ် ယောက်တစ်နေရာစီ ကွဲသွားသည်။

ထိုအခါ ကမ်းပေါ်တက်လာပြီဖြစ်သော မိကျောင်းကြီးသည် တာရာရှိရာဘက်သို့ ထိုးလိုက်သွားရာ တာရာသည် ကြောက်လန့် တကြားနှင့် လှည့်ပြေးသော်လည်း မလှမ်းမကမ်းတွင် ခြေချော်၍ လဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချင်းအရာကို မြင်သော ဥတ္တရသည် ခါးကြားတွင်ပါလာသော ဓါးမြှောင်ကို ဆွဲထုတ်ကာ…

မိကျောင်းကြီး၏ဦးခေါင်းပေါ်သို့ ဓါးမြှောင်နှင့် အားကုန်ထိုးစိုက်ချလိုက်လေသည်။ ဓါးမြှောင်မှာ အရိုးထိအောင် စိုက်ဝင်သွားတော့သည်။ ထိုအခါ မိကျောင်းကြီးက ဥတ္တရအား အမြီးဖြင့် ရိုက်ချလိုက်ရာ ရေထဲသို့ စင်ကျသွားလေတော့သည်။

မိကျောင်းတို့သဘာဝအရ ကုန်းပေါ်မှာ အစာထက် ရေထဲမှ အစာကို ပိုမိုနှစ်သက်လေ့ရှိသည့်အတိုင်း ဥတ္တရကျသွားရာ ရေထဲသို့ ထိုးဆင်းလိုက်သွားလေတော့သည်။

မိကျောင်းအမြီးရိုက်ချက်ထိသွားသော ဥတ္တရမှာ ရေထဲရောက်သောအခါ မူးဝေပြီးသတိလစ်လုမတတ် ဖြစ်နေသည်။ ခဏအကြာမှ သတိပြန်ရလာပြီး ပတ်ဝန်းကျင်သို့လှမ်းကြည့်လိုက်တော့ မိမိရှိရာသို့ မည်းကနဲ ထိုးဝင်လာသော မိကျောင်းကြီးအား ဗိုးတဝါး တွေ့လိုက်ရသဖြင့် ဘေးသို့ လိုမ့်ရှောင်ပေးရင်း မိမိနံဘေးမှ မည်းကနဲဖြတ်သွားသော မိကျောင်းကြီး၏မျက်လုံးရှိရာသို့မှန်းကာ ဓါးမြှောင်ဖြင့် လှမ်းထိုးလိုက်သည်။

ချက်ကောင်းကို ထိသွားဟန်ဖြင့် ရေပြင်တစ်ဝိုက် ရဲရဲနီသွားပြီး သွေးညှီနံ့များ ဖုံးလွှမ်းသွားတော့သည်။ အထိနာသွားသောမိကျောင်းကြီးမှာ အတော်လှမ်းလှမ်းသို့ရောက်အောင် အရှိန်ဖြင့် ကူးသွားခိုက် ဥတ္တရသည် ရေပြင်ပေါ်သို့ခေါင်းဖော်ကာ ကမ်းစပ်သို့ ကူးလာခဲ့သည်။



ထိုအခါမှ မင်းသမီးလေးတာရာခမျာ သက်ပြင်းချနိုင်ပြီး ဥတ္တရရှိရာ ကမ်းစပ်သို့ သွားကာ လက်တစ်ဖက်ကို ဆွဲတင်လိုက်သည်။

"အား…"

ဥတ္တရခမျာ မိကျောင်းအမြီးရိုက်ချက်ကြောင့် လက်တစ်ဖက်မှ အထိမခံနိုင်လောက်အောင် နာကျင်နေသည်။ နစ်ယောက်သားမိကျောင်းကြီး နောက်တစ်ကြိမ်ပြန်လှည့်မလာခင် တံခါးမကြီးဆီသို့ အရောက်သွားကာ အပြင်ဘက်သို့ ထွက်လိုက်ပြီးနောက် တံခါးကိုသော့ခတ်ပိတ်လိုက်ပြီးသည့်နောက်တွင် ဥတ္တရခမျာ မေ့၍လဲကျသွားလေတော့သည်။

"ဥတ္တရ…ဥတ္တရ…သတိပြန်ရလာပြီလားဟင်"

ခေါင်းညိတ်ပြရင်း မိမိတစ်ကိုယ်လုံးလှုပ်၍မရတော့မှန်း သတိထားမိသည်။ ထိုအချိန်တွင် မင်းသမီးလေး၏အထိန်းတော်ကြီးဒေါနန်းဓာနှင့် ဥတ္တရ၏မိခင် မဟူရာတို့မှာ တရှုံ့ရှုံ့ ငိုကြွေးနေကြရာ မင်းသမီးလေးတာရာက နားမလည်စွာဖြင့် မေးလိုက်သည်။

"ဥတ္တရလဲ သတိပြန်ရလာပြီပဲ…ဥတ္တရ အသက်အန္တရာယ်မရှိဘဲ ဘာကြောင့် စိုးရိမ်ပူပန်စွာ ငိုကြွေးနေရတာလဲမိခင်"

"ဒီအကြောင်းကို ဘုရင်ကြီးကြားသိတဲ့အခါ [illegible]ရောက်ပေါ့လျော့တယ်ဆိုပြီး မယ်မယ်တို့ကို အမျက်[illegible]သေချာတယ် သမီးတော်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သခင်မလေးရယ်…အခုလို အသက်ဘေးအန္တရယ်အစစီ အထိန်းအကျောင်းပေါ့လျော့ရမလားလို့ ဘုရင်ကြီးသိရင် အထိန်းတော်ကြီးတို့ အသက်ခံရမှာ သေချာပါတယ်သခင်မလေးရယ်"

မင်းသမီးလေးတာရာမှာ ကျေးမိခင် မဟူရာနှင့် အထိန်းတော်ကြီးဒေါ်နန်းစာတို့၏ စကားကို ကြားရသောအခါ…

"ဒီအတွက် စိုးရိမ် သောက မဖြစ်ကြပါနှင့်…မိကျောင်းကန်ထဲကို သမီးတော်သွားချင်လို့ ဥတ္တရကို အဖော်သွားခဲ့တာပဲ…ဘယ်သူ့မှ အပြစ်မရှိပါဘူး…ဒီအတွက် ဖခမည်းတော်က အပြစ်တော်ထားရင် တာရာခံပါ့မယ်"

ထိုအချိန်တွင် ဗိုလ်မှူးနေသီဟ အလျင်စလို ဝင်ရောက်လာပြီး ဘုရင်ကြီးကြွလာပြီဖြစ်ကြောင်း လာရောက်သတင်းပေးသောအခါ ဒဏ်ရာရနေသော ဥတ္တရအား အတွင်းဆောင်သို့ ကပျာကယာ သယ်ဆောင်သွားကြလေသည်။ မကြာမီ ဘုရင်ကြီး နက္ခတ်တာရာကျောင်းဆောင်အတွင်းသို့ ကြွချီလာတော့သည်။

"ဘယ်မလဲဟဲ့…ဟိုငမိုက်သား…အန္တရာယ်တွင်းကို ငါ့သမီးတော်အားခေါ်သွားခဲ့တဲ့အတွက် ဒင်းကို ကောင်းကောင်းအပြစ်ဒဏ်ပေးရမယ်"

"ဗိုလ်မှူးနေသီဟ"

"မှန်လှပါဘုရား"

"နက္ခတ်တာရာကျောင်းတော်အတွင်း ငါ့အမိန့်တစ်စုံတစ်ရာ



ပေါဘဲ ဝင်ထွက်ခွင့်မပြုပါဘဲလျှင် ငါ့သမီးတော်အတွင်းဆောင်ရောက်အောင် ဝင်သွားခြင်းအတွက် မောင်မင်းမှာ အပြစ်ဘယ်လောက်ကြီးလေးတယ်ဆိုတာ သိရဲ့လားဟဲ့"

"မှန်လှပါ…ကျွန်တော်မျိုး တာဝန်ပေါ့လျော့မှုအတွက် အပြစ်ပေးတော်မူပါဘုရား"

ဗိုလ်မှူးနေသီဟက တည်ငြိမ်စွာလျှောက်ထားလေသည်။ ထိုအခါ မင်းသမီးလေးတာရာက ရဲဝံ့စွာဖြင့်…

"ဖခမည်းတော် ဘုရား…ဤသို့ဖြစ်ရခြင်းမှာ အခြားသူများထက် သမီးတော်၌တာဝန်အရှိဆုံးဖြစ်ပါသည်။ ကျောင်းဆောင်တံခါးသော့ရယူခြင်းနှင့် ထိုရေကန်သို့ သွားရန် ဥတ္တရအား ခေါ်ဆောင်သွားသူမှာ သမီးတော်ပင်ဖြစ်ပါတော့သည်…သမီးတော် အကြောင်းစုံကို လျှောက်ထားပါမည် ဘုရား"

အကြောင်းစုံလျှောက်ထားသောအခါ ဘုရင်ကြီးမျက်နှာပေါ်တွင် ဒေါသအရိပ်အငွေ့များ တစ်စတစ်စ လျော့ကျသွားလေတော့သည်။

"အင်း…သမီးတော် အကြောင်းစုံလျှောက်တင်ဖြလို့ အားလုံးကို အပြစ်က ခွင့်လွှတ်လိုက်မယ်…အခု ဥတ္တရ ဘယ်မှာလဲဟဲ့"

ထိုသို့ အမိန့်တော်ရှိသဖြင့် ဥတ္တရရှိရာအတွင်းဆောင်သို့ ခေါ်ဆောင်ပေးကြသည်။ ဥတ္တရသည် ဘုရင်ကြီးကြွလာသည်ကို မြင်သောအခါ နေရာမှ အားယူထပြီး…

www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရား...သမီးတော်အား အန္တရာယ်တွင်းသို့ ရောက်အောင်သွေးဆောင်ခေါ်သူမှာ ကျွန်တော်မျိုးဖြစ်ပါသည်...တံခါးသော့ကို ခိုးယူသူမှာလည်း ကျွန်တော်မျိုးသာ ဖြစ်ပါသည်...အပြစ်အားလုံးတို့ ဖန်တီးသူမှာ ကျွန်တော်မျိုးသာဖြစ်ပါသဖြင့် အခြားသူများအား အပြစ်များချမ်းသာခွင့်ပေး၍ ကျွန်တော်မျိုးအား ကြီးလေးသောအပြစ်ကို ပေးတော်မူပါ ဘုရား"

"အင်း...မောင်မင်းဟာ မဟာနွယ် မဟာသွေးပါသူ ပီသပါပေတယ်...ယောကျ်ားကောင်းတို့ရဲ့ လေ့ထုံးစံအတိုင်း အပြစ်ဟူသမျှ အခြားသူများအားလွှဲမချဘဲ လုပ်ဝံ့လျှင်ခံဝံ့သော သတ္တိအားငါ ကိုယ်တော်မြတ် ချီးမွမ်းတော်မူ၏...မောင်မင်းအား အပြစ်မယူ...ငါကိုယ်တော်မြတ် ဆုလာဘ်ချီးမြှင့်တော်မူမည်"

ဟု မိန့်တော်မူကာ ဆောင်ယူလာသည့် ကိုယ်တော်တိုင်ကိုင်ဆောင်သော နန်းစဉ်ဓါးကို ဥတ္တရအားချီးမြှင့် ပေးသနားတော်မူလေသည်။

ဓါးမှာ အရိုးဆင်စွယ်၊ ဓါးအိမ်သစ်ကနက်သား၊ အသွားသံသေဓါးဖြစ်တော့သည်။

ဓါးအိမ်မှချွတ်လျှင် နီညိုရောင်သွေးများစိမ့်ထွက်နေသယောင်ငှက်ခါးတောင်သန်းလျှက်ရှိသည်။

"ဤဓါးသည် နန်းစဉ်ဓါးဖြစ်သည်...ငါတို့ရဲ့ မဟာနွယ် မဟာသွေး ပါသူများသာ ကိုင်ဆောင်ခွင့်ရှိသည်...ဤဓါးအား အ...



ကိုင်ဆောင်ထားလော့...ဤဓါးကို အားပြု၍ အမျိုးဂုဏ်၊ ဇာတိဂုဏ် မပျောက်အောင် စောင့်ထိန်းလျှက် အထွတ်အထိပ်သို့ရောက်အောင် ကြိုးစားပေတော့...ယနေ့မှစ၍ မောင်မင်း ဥတ္တရအား သမီးတော်တာရာ၏ ကိုယ်ရံတော်ဗိုလ်မှူးအဆင့် ခန့်ထားတော်မူလိုက်သည်...ဤနန်းစဉ်ဓါးကို ကိုင်စွဲလျှက် သမီးတော်အား ဘေးမသီရန်မခစေရန် ရာသက်ပန် စောင့်ရှောက်ပေတော့"

* * *

www.burmeseclassic.com

## အခန်း (၇)

ဤသို့ဖြင့် နှစ်အနည်းငယ်ကြာသော [illegible] မင်းသမီး [illegible] ကာရာမှာ အရွယ်ရောက်လာပြီး အလှအပနှင့်ပြည့်စုံသော မင်းသမီး [illegible] ဒ်ပါးအဖြစ် ကျော်ကြားလာတော့သည်။

အနုရာဓေါ်နန်းသွေးနန်းလျာအဖြစ် တစ်ဦးတည်းသော [illegible] သမီးလေးလည်းဖြစ်ပြန်၊ တာရာရှင်မ၏ ဝိညာဉ်တော်ကိန်း [illegible] ခြားသူများနှင့်မတူ တမူထူးခြားစွာ အလှအပနှင့် ပြည့်စုံ [illegible] ကြောင့် အခြားတိုင်းပြည်များမှ မင်းညီမင်းသားများ၊ မြို့စား [illegible] တို့သည် မင်းသမီးလေးတာရာနှင့် ယှက်ဆက်နိုင်ရန် [illegible] မျိုးမျိုးနှင့် ဆက်သွယ်ကြိုးပမ်းကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အနုရာဓပြည့်ရှင် ဘုရင်ဖဘဲဒ်မှာ သက်တော်ရှည်သော် ကြီးရင့်လာပြီး ယခင်ကလို တိုင်းရေးပြည်ရာများကို ပြည့်ဝစွာ မဆောင်ရွက်နိုင်တော့သဖြင့် သမီးတော်တာရာအား 'တာရာဒေဝီ' ဟု ဘွဲ့အမည်တော်အပ်နှင်းခဲ့သည်။

မင်းသမီးလေးသရဖူဆောင်းသောအခါတွင် အခြားတိုင်းပြည်များမှ မင်းသားများ၊ မြို့စား နယ်စားများမှာ လက်ဆောင်ပဏ္ဏာအမျိုးမျိုးနှင့် လာရောက်ချီးမြှင့် ကြလေသည်။

အမှန်တော့ သရဖူဆောင်းပွဲသို့ လာရောက်ချီးမြှင့်ကြခြင်းဖြင့် မင်းသမီးလေးတာရာဒေဝီနှင့် လက်ဆက်ခွင့်ရစေရန် လာရောက်ကြိုးပမ်းသူက များလေသည်။

ထိုအထဲတွင် မဏိပုဏ္ဏရနယ်စား စိတြမှာ အလွန်ကဲဆုံးဖြစ်နေတော့သည်။ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိပြီး ရုပ်ရည်ကြမ်းတမ်းခြင်း၊ စိတ်ဓါတ်ခက်ထန်ခြင်း၊ ဒေါသကြီးခြင်း၊ အလိုရမ္မက်ကြီးခြင်း စသော စရိုက်လက္ခဏာတို့နှင့် ပြည့်စုံသူ ဖြစ်တော့သည်။

သူသည် နယ်စားကြီး ဓာဂတိ၏ အရှိန်အဝါကြောင့် ဘုရင်အဘိဓိ၏ မျက်နှာသာပေးခံရသူတစ်ဦးလည်း ဖြစ်တော့သည်။ သူသည် မင်းသမီးလေး မကိုဋ်သရဖူဆောင်းပွဲတွင် အလွန်နီးသော သလွန်ထက်မှ ရှုစားနေခဲ့လေသည်။

ထိုအချိန်တွင် ရာဇပလ္လင်ပေါ်မှ ဘုရင်မလေးတာရာဒေဝီ [illegible] စက္ခုန္ဒြေဖြင့် တစ်စုံတစ်ယောက်ကို ရှာဖွေလျက်ရှိရာ မကြာမီ



[illegible]မီ၏ကိုယ်ရံတော်တပ်မှူးနေရာတွင် ဘုရင်ကြီး အဘိဓိကိုယ်တော်တိုင် ချီးမြှင့်ပေးထားသော အနုရာဓနေနှီးစဉ်ခါးဖြင့် ခန့်ညားစွာ ရပ်နေသော ဥတ္တရအား တွေ့မြင်ရသည်။

ဥတ္တရကလည်း ကိုယ်ကိုမတ်မတ်ထားလျက် ဘုရင်မအား [illegible]ကန် လှမ်းအကြည့်နှင့် အခိုက်အတန့် အကြည်ချင်းဆုံသော [illegible] မျက်လုံးများမှတစ်ဆင့် ရင်ထဲမှ စကားလုံးပေါင်းများစွာ [illegible]ပြောဆိုလျက်ရှိနေကြတော့သည်။

ဥတ္တရအနေဖြင့် ဘုရင်မလေးတာရာဒေဝီနှင့် နှီးနှောကာ [illegible] ကစားဘက် ဖြစ်ခဲ့သော်လည်း ယခုအခါတွင် အနုရာဓဘုရင်[illegible] ကိုယ်ရံတော်တပ်မှူးအဆင့်ပေမို့ အဆင့်ချင်းက မိုးနှင့်မြေလို [illegible]ခြားသွားခဲ့ပြီဖြစ်ရာ မိမိရင်တွင်းမှဆန္ဒများကို သိုသိပ်ကာ အရှင်[illegible]ခင်နှင့်ကျေးကျွန်ဘဝအဖြစ် သတိဖြင့် ခစားရုံသာ ရှိပေတော့သည်။

တာရာဒေဝီဘုရင်မအနီးတွင် ဂုဏ်ပြုခြင်း၊ အဆင့်မြင့်ထား[illegible] မင်းညီမင်းသားများ၊ မြို့စားနယ်စားများ ဝိုင်းဝိုင်းလည်နေသည် [illegible] ကြည့်ပြီး ရင်ထဲမှာ မချိသော်လည်း တာရာတစ်ယောက်အမြင့်သို့ [illegible]က်သွားပြီဖြစ်တဲ့အတွက် ဝမ်းသာကျေနပ်နေမိတော့သည်။

ဘုရင်မလေးတာရာဒေဝီအနေနှင့်မူ အနုရာဓ၏ဘုရင်မတစ်ပါး[illegible]ဖြစ်နှင့် စိတ်သွားတိုင်းကိုယ်မပါနိုင်တော့သော ဘဝတွင် [illegible] များကို သိမ်းဆည်းထားရုံမှတစ်ပါး အခြားမရှိတော့ပြီ...

မင်းခမ်းမင်းနားများပြီးသည့်နောက် မိမိအဆောင်သို့ ပြန်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသော ဘုရင်မလေးတာရာဒေဝီမှာ မိမိသလွန်ပေါ်သို့ ရောက်သောအခါ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီးနောက် တွေးနေမိ တော့သည်။

တာရာဒေဝီသည် အထိန်းတော်တစ်ယောက်အား မိမိ၏ကျေး မိခင် မဟူရာကို အခေါ်လွှတ်လိုက်ရာ မကြာမီ အထိန်းတော်ကြီး မဟူရာ အခစား ရောက်လာတော့သည်။

"သခင်မလေး…အထိန်းတော်မဟူရာ ရှေ့တော်မှောက် အခ စားရောက်ကြောင်းပါ၊ အခစားနောက်ကျရင် ခွင့်လွှတ်တော်မူပါ သခင် မလေး"

ထိုအခါ တာရာဒေဝီသည် သလွန်ပေါ်မှ ကပျာကယာဆင်း ပြီး မဟူရာ၏ပုခုံးနှစ်ဖက်ကို ပွေ့ထူလိုက်သည်။

"မယ်မယ်…သမီးတော်ကို အဲဒီလို မခစားပါနဲ့၊ သမီးတော် ဟာ ငယ်စဉ်က မယ်မယ့်နို့ရည်စို့ပြီး ကြီးပြင်းခဲ့တဲ့သမီးတော်ပါ မယ်မယ်က သမီးတော်ကို သမီးအရင်းလို့ မသတ်မှတ်လို့ ဒီလိုခစား တာလားဟင်…"

"မဟုတ်ရပါဘူး သခင်မလေး…သခင်မလေးဟာ အခုအ မှာ အနုရာဓရဲ့ဘုရင်မတစ်ပါး ဖြစ်နေပါပြီ…သတိထားတော်မူပါ"

"အို…အဲဒီ အဆောင်အယောင်တွေ၊ ဂုဏ်ဒြပ်တွေကို တာ မလိုချင်ဘူး…သမီးတော်ငယ်စဉ်က မယ်မယ့်ရင်ခွင်ထဲက က ဘဝလိုပဲ လွတ်လွတ်လပ်လပ် နေချင်တယ်…"



ထိုသို့ဆိုကာ တာရာဒေဝီသည် မဟူရာ့ရင်ခွင်ထဲသို့ ခေါင်း သွင်းကာ ကလေးတစ်ယောက်လို တိုးဝှေ့နေလေရာ မဟူရာက ကြီး မားသော မိခင်မေတ္တာဖြင့် တာရာဒေဝီ၏ဦးခေါင်းကို ကြင်နာစွာ ပွတ်သပ်ပေးရှာသည်။

"သမီးတော်…သမီးတော်ဟာ သာမန်မိန်းမတစ်ယောက် မဟုတ်ဘူး…အနုရာဓတိုင်းပြည်အတွက် အမွေဆက်ခံဖို့ တာရာဒေဝီ အရှင်မကိုယ်တိုင် ဖန်ဆင်းပေးထားတဲ့ ကြယ်တာရာများရဲ့သခင်မ တစ်ပါးဖြစ်တယ်…သမီးတော်ရဲ့တာဝန်က အနုရာဓတိုင်းသူပြည်သား များ သာယာဝပြောအောင်၊ အေးချမ်းသာယာအောင် စီမံဆောင်ရွက် ပေးဖို့ ကြယ်တာရာသခင်မက တာဝန်ပေးထားခဲ့တာဖြစ်ပါတယ်"

"ဟုတ်ပါတယ် မယ်မယ်…ဒါပေမယ့် မိန်းမတစ်ယောက် အနေနဲ့ အဲဒီတာဝန်တွေကို ထမ်းရွက်ရတာ ကြီးလေးလွန်းလှပါတယ်… ဒါထက်…အခု မင်းခမ်းမင်းနားတွေပြီးတဲ့တိုင် မင်းညီမင်းသားတွေ၊ မှူးစားနယ်စားတွေ မပြန်ကြသေးတာ ဘာကြောင့်လဲဆိုတာ မယ်မယ် သိလားဟင်"

"သမီးတော်အတွက် ကြင်ယာတော်ရွေးပွဲကျန်သေးတယ် နက်ဖြန် နံနက် မိုးသောက်အလင်းရောက်တဲ့အခါ အဲဒီအထဲက တစ် ယောက်ယောက်ကို သမီးတော်ရွေးပြီး လက်ထပ်ရလိမ့်မယ်…"

"ဟင်…အို…အခုလာတဲ့သူတွေထဲမှာ သမီးတော်စိတ် တွေ့တိုက်နိုးစရာ တစ်ယောက်မှမပါဘူး၊ သမီးတော်ကြင်ယာရွေး အနေအထ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဘုရင်မတစ်ပါးအနေနဲ့ သမီးတော်ကိုယ်တိုင် ရွေးချယ်ခွင့်မရှိဘူးလား ဟင်"

"သမီးတော်ရဲ့ ရင်ထဲက ဝေဒနာကို မယ်မယ်နားလည် သဘောပေါက်ပါတယ်…မယ်မယ်ရှေ့ကပြောခဲ့သလို သမီးတော်ဟာ သာမန်မိန်းမတစ်ယောက် မဟုတ်တော့ဘူး…အနုရာဓရဲ့ ဘုရင်မတစ် ပါးအနေနဲ့ အနုရာဓရဲ့ဓလေ့ထုံးစံတွေ၊ ဥပဒေတွေ၊ အစဉ်အလာတွေ ကို ချိုးဖောက်လို့မရဘူး၊ သွေဖီလို့မရဘူး…ဒီအစဉ်အလာတွေကို အနုရာဓရဲ့ဘုရင်အဆက်ဆက် ဘယ်သူမှ မချိုးဖောက်ဝံ့ကြဘူး"

ဘုရင်မလေးတာရာဒေဝီမှာ ညှိုးလျှစွာဖြင့် ကုတင်ပေါ်ဝယ် ထိုင်ချလိုက်ပြီး အတန်ကြာအောင် စဉ်းစားနေပြီးမှ မျှော်လင့်မှုရှိသော လေသံဖြင့် မေးလိုက်သည်။

"အော် . . မယ်မယ်ဟာ သမီးတော်ရဲ့အခက်အခဲတွေက လွတ် မြောက်အောင် ကူညီမပေးနိုင်ဘူးလား ဟင် "

မဟူရာက စိတ်မကောင်းစွာဖြင့် ခေါင်းကို ခါယမ်းရင်း–

"မယ်မယ်ကိုယ်တိုင် အနုရာဓရဲ့ပြည်သူတစ်ယောက်ပါ–

"မယ်မယ်ကိုယ်တိုင် အနုရာဓရဲ့ ပြည်သူတစ်ယောက်ပါ နက္ခတ်တာရာစောင့် နတ်မင်းတွေအလိုကျအတိုင်း ဖြစ်စေတာကို မယ်မယ် မတားဆီးနိုင်ပါဘူး သမီးတော်ရယ် "



"ဒီလိုဆိုရင် သမီးတော်တစ်ခုလောက်မေးပါရစေ၊ သမီးတော် မဖွားခင် မယ်တော်ဘုရား ထူးဆန်းစွာ အိပ်မက်တစ်ခုမြင်မက် တယ်လို့ သိရပါတယ်…အဲဒီအိပ်မက်ထဲမှာ သမီးတော်ဟာ မိမိနှစ် သက်မြတ်နိုးတဲ့သူနဲ့ လက်ဆက် ပေါင်းသင်းရမယ်ဆိုတာ ပါတယ်လို့ သိရပါတယ်…အခုကြင်ယာတော်ရွေးပွဲရောက်နေတဲ့သူတွေကို သမီး တော် တစ်ယောက်မှ မနှစ်သက်မိပါဘူး…အဲဒီလိုဆိုရင် တာရာဒေဝီ အရှင်မစကား မှန်နိုင်ပါ့မလား မယ်မယ်"

"အဲဒါတော့ တာရာဒေဝီအရှင်မရဲ့တန်ခိုးတော်ကို ခေါ်ငြင်း မယ်မယ် မသိနိုင်ပါဘူး သမီးတော်"

"ဒီလိုဆိုရင် တာရာဒေဝီအရှင်မကိုပင့်ပြီး သမီးတော်ရဲ့ အနာဂတ်ဘဝကို မေးပေးပါလား မယ်မယ် "

ထိုစကားကို ကြားရသောအခါ မဟူရာမှာ အံ့အားသင့်ဘွယ် လှပ်သော အမူအရာဖြင့် တာရာဒေဝီအား ကြည့်လိုက်သည်။

"ဒီအလုပ်ဟာ အလွန်အန္တရာယ်များတဲ့အလုပ်ပဲ သမီးတော်… သမီးတော်ရဲ့အနာဂတ်ကို သိချင်ရင် တာရာဒေဝီအရှင်မကိုပင့်ရမယ်… သမီးတော် စိတ်ခိုင်ခိုင်ထားနိုင်ရင် မယ်မယ်ဆောင်ရွက်ပေးပါ့မယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ညသည် ပိန်းပိတ်အောင် မှောင်နေသည်။ လကွယ်ညဖြစ်သဖြင့် မဟူရာရောင်ကောင်းကင်ထက်ဝယ် စိန်ပွင့်ကလေးများလက်နေသည့်အလား နက္ခတ်တာရာများ ဂွန့်မြူးလျက်ရှိနေ၏။

ထိုအချိန်ဝယ် နန်းတော်၏လျှို့ဝှက်တံခါးတစ်ချပ်ပွင့်လာပြီး ထိုအတွင်းမှ အဝတ်နက်ခြုံထားသော လူနှစ်ယောက်ထွက်လာပြီး နက္ခတ်တာရာကျောင်းတော်ကြီးရှိရာသို့ ဦးတည်သွားကြသည်။

မှောင်မိုက်သောညလည်းဖြစ်ပြန် တစ်ကိုယ်လုံးအဝတ်နက်များဝတ်ဆင်ထားသောကြောင့် ၎င်းတို့၏လှုပ်ရှားမှုကို ပတ်ဝန်းကျင်မှ ရုတ်တရက် မမြင်မတွေ့နိုင်သဖြင့် အနှောင့်အယှက်ကင်းစွာဖြင့် နက္ခတ်တာရာကျောင်းတံခါးဝသို့ ရောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမှူးက ၄င်းတို့နှစ်ယောက်ကို မြင်သောအခါ အရိုအသေ ပေးပြီး တံခါးကို အလျင်အမြန်ဖွင့်ပေးလိုက်ကာ အတွင်းဝင်သွားသော အခါမှ တံခါးကို ပြန်ပိတ်လိုက်သည်။

၄င်းတို့နှစ်ဦးမှာ ဘုရင်မလေးတာရာဒေဝီနှင့် အထိန်းတော် မဟူရာတို့ နှစ်ယောက်ဖြစ်ကြသည်။ ကျောင်းဆောင်အတွင်းမှာ မီး ရောင်မရှိသဖြင့် မှောင်မဲ တိတ်ဆိတ်လျက်ရှိသည်။

မဟူရာက အသင့်ယူဆောင်လာသော မီးတိုင်ကို ထွန်းပြီး ရှေ့မှ လျှောက်သောအခါ တာရာဒေဝီက နောက်မှလိုက်သည်။

မီးရောင်ကြောင့် ကျောင်းဆောင်အတွင်းမှ နက္ခတ်တာရာ နတ်မင်းများ၏ ရုပ်ထုများမှာ အသက်ဝင်လာသလိုဖြစ်လာသည်။ နှစ်ယောက်သားလျှောက်လာကြရာ မကြာမီ ခမ်းမဆောင်အတွင်းသို့ ရောက်လာကြသည်။

ထိုခမ်းမဆောင်မှာ မိဖုရားကြီး ပေမာဒေဝီအား အိပ်မက် ပေး၍ကူညီခဲ့သော တာရာဒေဝီအရှင်မအား ရွှေဖြင့် ရုပ်ထုသွန်းလုပ် ကာ သီးသန့် ပူဇော်ထားသော ခမ်းမဆောင်ဖြစ်သည်။

၄င်းရုပ်ထုရှေ့သို့ရောက်သောအခါ မဟူရာက အသင့်ဆောင် ယူလာသော အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းပူဇော်ကာ ဖယောင်းတိုင်မီး အား ငြိမ်းသတ်လိုက်သောအခါ ရုပ်ထု၏မျက်လုံးများမှာ အမှောင်ထဲ တွင် အရောင်တစ်လက်လက် တောက်ပလာတော့သည်။



ထို့နောက် အထိန်းတော်မဟူရာသည် ရုပ်ထုတော်ရှေ့တွင် ရှိသေစွာထိုင်ကာ တာရာဒေဝီအရှင်မအား မပင့်ဖိတ်မီ . . .

"တာရာဒေဝီအရှင်မ...ကြွလာပါက မိမိသိလိုသမျှမေးမြန်း ပေတော့"

ဟု ဘုရင်မအား မှာကြားကာ တာရာဒေဝီအရှင်မအား ပင့်ဖိတ်လေတော့သည်။

---

အတန်ကြာသောအခါ ကောင်းကင်ထက်မှ အလင်းတန်းကြီး တစ်ခုသည် မဟူရာ ကိုယ်ပေါ်သို့ ဖုံးအုပ်သွားလေတော့သည်။

"သမီးတော်...မယ်တော်အား ဘယ်အတွက် ပင့်ဆောင်ခြင်း ဖြစ်ပါသလဲ"

မဟူရာထံမှ စကားသံထွက်လာသောအခါ ဘုရင်မက ရဲဝံ့ စွာဖြင့်

"အခု ကြွလာတာ ဘယ်သူဖြစ်ပါသလဲ"

ဟု မေးလိုက်လေသည်။

"တာရာဒေဝီအရှင်မကို ပင့်ပြီး ရောက်လာတော့လည်း မေး နေရသလား သမီးတော်...သမီးတော်လေးမှာ အခက်အခဲရှိရင် ဘယ် လို အခက်အခဲကိုမဆို မယ်တော်စောင့်ရှောက်ပေးနိုင်တယ်...သမီး တော်ရဲ့အခက်အခဲကို ပြောလော့..."

ထိုအခါမှ ဘုရင်မလေးမှာ အားတက်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



" သမီးတော်ဟာ မယ်တော်ရဲ့ကိုယ်ပွားတစ်ခု အမှန်ဖြစ်ရင် သမီးတော်ရဲ့ အနာဂတ်ကို ဟောပြောပေးပါလော့ "

"လူတစ်ယောက်ရဲ့အနာဂတ်ကို ဟောပြောပေးဖို့ မယ်တော်တို့မှာ အခွင့်မရှိပေဘူး…အနာဂတ်ဟူသမျှကား သတ္တဝါအားလုံးကြို တင်သိခွင့် မရနိုင်ပေဘူး…သေခြင်း၊ ရှင်ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းများကို ကြိုတင်မသိနိုင်ကြပေ…ထိုသို့မသိနိုင်ရန်လည်း ကံဟူသော အတိတ်အကြောင်းများက ကြိုတင်ဖုံးကွယ်ထားခြင်း ဖြစ်ပေ၏ အနာဂတ်၏ အဆုံးသတ်ကား သေခြင်းပင်ဖြစ်ပေရာ…မိမိသေမည့်ရက်ကို ကြိုတင်သိနေသူတစ်ယောက်သည် အခြားဘာမှ လုပ်နိုင်တော့မည်မဟုတ်ပေ…ထို့ကြောင့် လူတစ်ယောက်၏အနာဂတ်ကို ကြိုတင်သိခွင့်မရှိပေ"

"သမီးတော်သိချင်တာက ဘဝတစ်လျှောက်လုံးအတွက် မဟုတ်ပါ မယ်တော်…မေတ္တာတရားနဲ့ပတ်သက်လာရင် သမီးတော် စိတ်တိုင်းကျ ဆောင်ရွက်နိုင်ပါမည်လားဟုသာ သိလိုပါသည်…သမီးတော်အား သနားသဖြင့် ဤအချက်အား ဖြေကြားပေးပါတော့ မယ်တော်"

"ဖြူစင်မြင့်မြတ်သော ချစ်ခြင်းမေတ္တာသည် လေးညို့မှလွှတ်သောမြားတံကဲ့သို့ ပစ်မှတ်ကို မလွဲမသွေ ရောက်တတ်ပေ၏…သင်၏ဖြူစင်သော မေတ္တာတရားသည် သင့်အား ဆိုးကျိုးကို မဖြစ်စေရာ…သင့်အား ကိုယ်ပွားဖန်ဆင်းစဉ်က မယ်တော်မိန့်ကြားခဲ့သည့်အတိုင်း



သင့်ကို ချစ်သော…သင့်ကချစ်သောသူနှင့်သာ ဘဝဆက်တိုင်း [illegible] တွဲရပေလိမ့်မည်…"

ထိုစကားကို ကြားလိုက်ရသောအခါ ဘုရင်မလေးတာရာဒေဝီမှာ ဝမ်းသာပီတိစိတ်ကြောင့် ရင်ထဲမှာ လှပ်ကနဲ ဖြစ်သွားပြီးနောက် မျက်နှာပြင်ပေါ်သို့ မျက်ရည်များ စီးကျလာတော့သည်။

ထိုအခိုက်မှာပင် အထိန်းတော် မဟူရာ၏ [illegible]ရှိသော အလင်းရောင်တန်းကြီးမှာ တစ်စတစ်စ ကောင်းကင်သို့ မြင့် တက်သွားပြီး မကြာခင် ကွယ်သွားလေတော့သည်။ အလင်းရောင် ပျောက်သွားသည်နှင့် အခန်းထဲမှာ ပြန်လည်၍ အမှောင်ထုများ ဖုံးအုပ် လာသည်။

သို့စေကာမူ…

ဘုရင်မလေးတာရာဒေဝီ၏ရင်ထဲ၌မူ မေတ္တာတရားအလင်းရောင်များကြောင့် ကြည်လင်တောက်ပလျက် ရှိနေတော့သည်။

ခဏကြာသောအခါ အထိန်းတော် မဟူရာ ပြန်သသွားပြီးနောက် နှစ်ယောက်သား နက္ခတ်တာရာကျောင်းတော်အတွင်းမှ ပြန် ထွက်ခဲ့ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အနုရာဓနန်းရင်ပြင်မှာလည်း အတိုင်းတိုင်းအပြည်ပြည်မှ လာရောက်ကြသော မင်းညီမင်းသားများမှာ ပရိသတ်ဗိုလ်ပုံအလယ်၌ မိမိတို့ ကျွမ်းကျင်တတ်မြောက်သော ဓားရေး၊ လှံရေး၊ မြားပစ်၊ ဆင်စီး၊ မြင်းစီး အတတ်ပညာများကို အစွမ်းကုန် ပြသကြသည်။

အမှန်တော့ ယခုပွဲသည် ဘုရင်မလေးတာရာဒေဝီအတွက် ကြင်ယာတော်ရွေးပွဲဖြစ်သလို အတိုင်းတိုင်းအပြည်ပြည်မှ မင်းညီမင်းသားတို့မှာ မိမိတို့၏ချမ်းသာကြွယ်ဝမှု၊ စစ်အင်အားတောင့်တင့်ခိုင်မာမှုများကို တစ်နည်းတစ်ဖုံ လာရောက်ပြသခြင်းဆိုကလည်း [illegible]

ထိုအထဲတွင် မဏိပုဗ္ဗရပြည်မှ လာရောက်သော [illegible] တွေမှာ ပရိသတ်ဗိုလ်ပုံအလယ်မှာ မျက်နှာပန်းအပွင့်ဆုံး[illegible] သည်။

www.burmeseclassic.com

www.burmeseclassic.com



မဏိပုတ္တရပြည်ဆိုသည်မှာ ဟိမဝန္တာ၏ အခြားတစ်ဖက်တွင် ရှိပြီး ဆန်ရေစပါးပေါများခြင်း၊ ရွှေငွေကျောက်သံပတ္တမြားထွက်ခြင်း စသည့်အင်အားတောင့်တင်းနိုင်မာသော တိုင်းပြည်တစ်ပြည်ဖြစ်ကာ ယခင်က အနုရာဓဘုရင်များလက်ထက်က တစ်ပြည်နှင့်တစ်ပြည် သဟာဇာတဖြစ်ကာ ကူးလူးဆက်ဆံမှုများရှိခဲ့ကြသည်။

သို့ဖြင့် အချိန်ကြာမြင့်လာသောအခါ မဏိပုတ္တရပြည်မှာ တစတစကြီးထွားတိုးတက်လာပြီး အင်အားတောင့်တင်းလာသောအခါ အနုရာဓကို အံတုချင်လာသည်။

တစ်နည်းဆိုရသော် ကျူးကျော်ရန်စမှု အချို့ပင်ရှိပြီး စစ်ပွဲ ဖန်တီးကာ အနုရာဓကို သိမ်းပိုက်ရန် အားထုတ်နေသော တိုင်းပြည် ဖြစ်သည်။

အနုရာဓဘုရင်မ၏ ကြင်ယာတော်ရွေးပွဲအတွက် မဏိပုတ္တရ မင်းသားအား ဖိတ်ကြားခြင်းမပြုလိုသော်လည်း အကယ်၍ သဟာဇာတ သင့်မြတ်မှုရှိသွားပါက နှစ်ပြည်တစ်ပြည် ဖြစ်လာနိုင်စရာအကြောင်း ရှိသည်ကို မှူးကြီးမတ်ရာ သေနာပတိများက အကြံပေးလျှောက်ထား သဖြင့် ဖိတ်ကြားခဲ့ခြင်းဖြစ်ပေသည်။

ယခု စွမ်းရည်ပြပွဲတွင်လည်း မင်းသားစိတြကို မှီနိုင်သူ မရှိပေ။

ဆင်စီး၊ မြင်းစီး၊ ဓါးခုတ်၊ လှံထိုး၊ မြားပစ်အတတ်ပညာတွင် တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကျွမ်းကျင်သဖြင့် နိုင်အောင်



သုဉ်ပြိုင်မည့်သူ မရှိပေ။ သို့ကြောင့် ယခုအခါ ဘုရင်မ၏ကြင်ယာ တော်အဖြစ်အရွေးခံရန် အနီးစပ်ဆုံးသူမှာ မင်းသားစိတြဖြစ်ကြောင်း ပရိသတ်အလယ်တွင် ရေပန်းစားနေတော့သည်၊

သို့ကြောင့် ညချမ်းအချိန် အနုရာဓနန်းတော်ဝယ် ကျင်းပသော ဧည့်ခံပွဲတွင် မင်းသားစိတြမှာ ဘုရင်တာရာဒေဝီနှင့် အနီးကပ်ဆုံး ထိုင် သူခွင့်ရလေသည်။

ဘုရင်မတာရာဒေဝီ၏ သလွန်ဘေးအနီးတွင် ကိုယ်ရံတော် ဦးလိမ္မာဥတ္တရ ရှိနေသည်။ ၎င်းသည် အနုရာဓဘုရင်အဘိဓိကိုယ်တိုင် ချီးမြှင့်အပ်နှင်းထားသော အနုရာဓဓါးဖြင့် တင့်တယ် ခန့်ငြားစွာ ရှိနေ သည်။

ထိုအချိန်တွင် မင်းသားစိတြသည် ၎င်းနေရာမှထကာ ဘုရင်မ ရှေ့လှေကားရင်းတွင် သွားရောက်ရပ်တန့်လေသည်။

"အနုရာဓ၏ အလှဘုရင်မ သက်တော်ရာကျော်ရှည်စေရန် ကျွန်ုပ်စိတြမှ ဆုတောင်းမေတ္တာ ပို့သပါ၏"

သလွန်တော်ထက်မှ ဘုရင်မတာရာဒေဝီက မင်းသားစိတြ အား မနှစ်မြို့ဟန်ဖြင့် လှမ်းကြည့်နေလေသည်။

"အသင် စိတြမင်းသား...အခြားအကြောင်းကိစ္စ ရှိသေး သလော"

"ရှိပါသည်...အကျွန်ုပ်တိုင်းပြည်မှ ထွက်သော ဆန်စပါး

www.burmeseclassic.com



များ၊ ရွှေငွေကျောက်သံပတ္တမြားအား ဘုရင်မအတွက် လက်ဆောင်အဖြင့် ဆက်သခွင့် ပြုတော်မူပါ"

ဟုသို့ဆိုပြီး စိတြမင်းသားက အချက်ပြလိုက်သောအခါ ၄င်းကိုယ်ရံတော်များက သေတ္တာကြီးနှစ်လုံးကို ယူလာပြီး လှေကားရင်းတွင် ချလိုက်ကြသည်။ ထိုသေတ္တာနှစ်လုံးကို စိတြကိုယ်တိုင်ဖွင့်ပြသောအခါ ရွှေငွေကျောက်သံပတ္တမြား များစွာ တို့ကို တွေ့ရလေသည်၊

မင်းသားစိတြက...

"ဘုရင်မအား လက်ဆောင်အဖြစ် ပေးလိုပါသည်...လက်ခံတော်မူပါလော့"

"အသင်၏ လက်ဆောင်ပစ္စည်းများအား အကျွန်ုပ်လက်ခံပါသည်...အသင်ကိစ္စပြီးပါက မိမိနေရာတွင် ပြန်လည်စံမြန်းပါလော့ စိတြမင်းသား"

ဘုရင်မက ထိုသို့ဆိုသည့်တိုင် စိတြမင်းသားသည် မထေမဲ့မြင် အမူအယာဖြင့် ထိုနေရာ၌ ရပ်မြဲရပ်နေသည်။

"အနုရာဓဘုရင်မအား မဏိပုဏ္ဏရကို ပိုင်စိုးတော်မူသော စိတြမင်းသား တောင်းဆိုမှုတစ်ခုပြုပါရစေ..."

"လျှောက်တင်လော့ အသင်မင်းသား"

"ဤပွဲသည် အနုရာဓဘုရင်မ၏ ကြင်ယာတော်ရွေးပွဲဖြစ်သည့် အားလျော်စွာ အတိုင်းတိုင်းအပြည်ပြည်မှ မင်းညီမင်းသား မြို့စားနယ်စားများစွာ လာရောက်၍ အစွမ်းပြယှဉ်ပြိုင်ကြရာ အကျွန်ုပ်



အား တစ်ဦးတစ်ယောက်မျှ ယှဉ်ပြိုင်နိုင်ခွင်း မရှိကြချေ...သို့အတွက် အနုရာဓဘုရင်မ၏ အဆုံးအဖြတ်ကို သိလိုပေသည်"

ဤသို့ ရဲတင်းစွာလျှောက်တင်ကြသော မင်းသားစိတြ၏ စကားကြောင့် ဘုရင်မတာရာဒေဝီ၏ မျက်နှာပေါ်တွင် ရှက်သွေးဖြာ၍ နှင်းဆီရောင်သန်းသွားတော့သည်။

"ဤကိစ္စသည် ကျွန်ုပ်အတွက်ရော၊ အနုရာဓပြည်သူများအတွက်ပါ အလွန်အရေးကြီးသော ကိစ္စဖြစ်သဖြင့် အလျင်စလို ဆောင်ရွက်၍ မရပါ...သို့အတွက်ကြောင့် ကျွန်ုပ်၏ကြင်ယာတော် ရွေးချယ်ရန်ကိစ္စအား အချိန်ယူ၍ စဉ်းစားဆုံးဖြတ်ရပေမည်...အသင်မင်းသား...မိမိနေရာသို့ ပြန်၍ အေးချမ်းစွာ အနားယူပါလေ..."

ဘုရင်မက ထိုသို့ဆိုသည့်တိုင် စိတြမှာနေရာတွင် ရပ်မြဲရပ်လျက်ရှိနေသည်။

"အသင်ဘုရင်မ စဉ်းစားလော့...အသင်၏ကြင်ယာတော်အဖြစ် အကျွန်ုပ်ကို ရွေးချယ်ပါက အနုရာဓပြည်နှင့် မဏိပုဏ္ဏရပြည် နှစ်ပြည်တစ်ပြည်ဖြစ်ကာ စစ်သည်အင်အား နှစ်ဆဖြစ်ပြီး ရှစ်ခေါင်တစ်မကြီးဖြစ်လာနိုင်ပေသည်...ကျွန်ုပ်တို့ နှစ်ဦးပေါင်းပါက ဤကမ္ဘာတွင် ကျွန်ုပ်တို့အား ယှဉ်ပြိုင်တုပနိုင်သူ တစ်ဦးတစ်ယောက်မှ ရှိတော့မည် မဟုတ်ပေ...အသင်ဘုရင်မ စဉ်းစားလော့..."

"အို...မင်းသားစိတြ...သင့်စကားများသည် ကျွန်ုပ်အား စော်ကားရာရောက်နေသည်ကို သင်မသိသလော...ကျွန်ုပ်ကြင်ယာ

www.burmeseclassic.com

www.burmeseclassic.com



၏ အရေးကိစ္စသော်လည်းကောင်း၊ ကျွန်ုပ်၏ကိုယ်ရေးကိစ္စသော်လည်းကောင်း ဆုံးဖြတ်ရာ၌ မည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းသွေးဆောင်မှုကိုမှ အလိုမရှိပေ…အသင်မင်းသား စကားများကို ရပ်၍ နေရပ်သို့ ပြန်ပေလော့"

သူကဲ့သို့ မဟာသွေးတစ်ယောက်ကို လူပုံအလယ်တွင် ဤကဲ့သို့ စကားအဆိုခံရသဖြင့် ရှက်စိတ်ဖြစ်ကာ ဘုရင်မရှေ့တွင် မားမား ရပ်တန့်ပြီး…

"ကျွန်ုပ်အတွက် ဘုရင်မထံမှ တိကျသော အဖြေတစ်ခုရမှ ပြန်နိုင်ပေမည်…"

ထိုအချိန်တွင် ရှက်စိတ်အထွတ်အထိပ်သို့ ရောက်နေသော စိတြမှာ မိမိလက်သုံးတော်ဓါးကို ဆွဲထုတ်ကာ…

"ငါ့အား ယှဉ်ပုံသူရှိက ထွက်ခဲ့ကြလော့"

ဟု အော်ဟစ်ပြောဆိုလိုက်သည်။

ထိုအချိန်တွင် ဘုရင်မနံဘေးမှ ကိုယ်ရံတော်တပ်မှူးဥတ္တရ ရှေ့သို့ ထွက်လာသည်။

စိတြက ဥတ္တရကို မြင်သောအခါ…

"အသင်ဘယ်သူလဲ"

ဟု မေးလိုက်သည်

"ငါ…အနုရာဓဘုရင်မရဲ့ကိုယ်ရံတော်တပ်မှူးဥတ္တရ ဖြစ်တယ်"



"ကောင်းပြီ…ယခု ဘုရင်မရှေ့မှောက်မှာ သင်နဲ့ကျွန်ုပ် ယှဉ်ပြိုင်ကြမည်…ကျွန်ုပ် ရှုံးနိမ့်လျှင် ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားပြီး ကျွန်ုပ်နိုင်လျှင် ကျွန်ုပ်လိုချင်သောအဖြေ [illegible] ရှိတော့သည်…ကိုင်း…အသင့်ပြင်ပေတော့ ဥတ္တရရေ"

ရှက်စိတ်ဖြင့် သွေးဆာနေသော စိတြမှာ မိမိလက်သုံးတော်ဓါးဖြင့် ဥတ္တရအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

စိတြသည် တိုက်ရည်ခိုက်ရည်ကောင်းသူမို့ ဥတ္တရအား လျှော့တွက်ထားကာ အပေါ်စီးမှ တရကြမ်း ဝင်ရောက်တိုက်ခိုက်ရာ ၎င်း၏ ဓါးချက်များမှာ မြန်ဆန်သွက်လက်လှသဖြင့် ဥတ္တရမှာ သတိဖြင့် နောက်ဆုတ်ရှောင်တိမ်းပေးရတော့သည်။

သလွန်ပေါ်မှာ ကြည့်နေသော ဘုရင်မလေးတာရာဒေဝီမှာ ဥတ္တရအတွက် စိုးရိမ်ပူပန်မှုဖြစ်သော်လည်း ရာဇဣန္ဒြေပျက်မည်စိုး၍ စာမရီသားမြီးယပ်နှင့်ကွယ်၍ ရင်တမမဖြင့် ကြည့်ရှုနေလေသည်။

ပထမသော် ဥတ္တရသည် ခံစစ်အနေအထားဖြင့်သာ တိုက်ခိုက်နေရစဉ်…

"ငါ ရှုံးခဲ့သော် အနုရာဓရှုံးသည်နှင့် တူ၏…ငါ့ချစ်သူကို တစ်ပါးသူ လက်တွင်းရောက်အောင် ပို့သကဲ့သို့ ရှိလိမ့်မည်။ အသက်ကို စွန့်၍ အနိုင်တိုက်မှ ဖြစ်တော့မည်"

ဟု တွေးမိပြီး အနုရာဓါးကို ကျစ်ကျစ်ခဲအောင် အားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်သောအခါ ဓါးမှတစ်ဆင့် ခွန်အားတို့သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့စီးဝင်လာတော့သည်။

"ဤဓါးသည် အနုရာဓ၏ နန်းစဉ်ဓါးဖြစ်သည်…ငါတို့ရဲ့ မဟာဆီ မဟာသေွးများသာ ကိုင်ဆောင်ခွင့်ရှိသည်…ဤဓါးကို အားပြု၍ အမျိုးဂုဏ်၊ ဇာတိဂုဏ် မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက် အထွတ်အထိပ်သို့ ရောက်အောင်ကြိုးစားပေတော့…"

အနုရာဓဓါးကို ပေးစဉ်က ဘုရင်ကြီး အဘိဇိ၏မိန့်ကြားသံများကို ကြားယောင်လျက် အနုရာဓသံသေဓါးကိုကိုင်လျက် ရှေ့သို့ ခုန်တက်သွားသည်။

"ဟော့…အနုရာဓသားတဲ့ကွ"

ဥတ္တရ၏ ကြိမ်းဝါးသံကို ကြားသောအခါ စိတြမှာ အထိတ်တလန့်ဖြင့် နောက်ဆုတ်သွားလေတော့၏။ စိတြမှာ ရွှေဖြင့်ပြုလုပ်ထားသော ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသဖြင့် သာမန်ဓါးဖြင့် ထိုးမပေါက်နိုင်ပေ။

ဥတ္တရ၏အသွင်မှာ တစ်မုဟုတ်ချင်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွားပြီး စစ်ဘီလူးအသွင်ဖြစ်လာကာ ဓါးချက်နှင့်တိုက်ကွက်များမှာ ပြင်းထန်ရှုတ်ထွေးလာသောအခါ စိတြသည် ထိတ်လန့်တကြားဖြစ်ကာ နောက်သို့ ဆုတ်ဗေးရတော့သည်။

ကံဆိုးချင်တော့ နောက်သို့ဆုတ်ပေးနေရသော စိတြမှာ နန်း



တော်လှေကားနှင့် တိုက်မိပြီး နောက်ပြန်လဲကျသွားခိုက်မှာ ဥတ္တရ၏ ဓါးချက်က ရင်ဝသို့ တန်းဝင်သွားလေတော့သည်။

စိတြ၏မျက်နှာကြီးမှာ အရုပ်ဆိုးအောင်ပြုံး ဘုန်းလိမ်ရှုံ့တွပြီး အသက်ပျောက်သွားတော့သည်။

ထိုအချိန်တွင် စိတြ၏ကိုယ်ရံတော်အချို့သည် ဥတ္တရအား ဝိုင်းဝင်တိုက်ခိုက်လာရာ ထိုအခါမှ ဘုရင်မမှာ သတိပြန်ဝင်လာပြီး မိမိကိုယ်ရံတော်တပ်များအား မဏိပုတ္တရရန်သူများအား ဖမ်းဆီးရန် အမိန့်ပေးလိုက်သဖြင့် မကြာခင်မှာ ရန်သူများအား ဖမ်းဆီးခြင်းကြလေသည်။

ထိုအခါ မိုလ်မှူးဥတ္တရသည် သွေးစွန်းသောဓါးကို ထောင်ပြီး နန်းကြမ်းပြင်ပေါ်မှ ဘုရင်မရှေ့ ဒူးထောက်ထိုင်လိုက်သည်…

"အနုရာဓ၏ဘုရင်မင်းမြတ်…ကျွန်တော်မျိုး ဥတ္တရသည် ဘုရင်မ၏ မင်္ဂလာရှိသောအချိန်အား သွေးစွန်းအောင် ဖန်တီးသူဖြစ်ပါသည်…ထို့အတွက် ထိုက်တန်သော အပြစ်ကို ပေးတော်မူပါ"

ဟု ရဲဝံ့စွာ လျှောက်တင်လိုက်သည်။

ထိုအခါ ဘုရင်မ ရင်ထဲတွင်…

"ငါ့ရဲ့အရှက်နဲ့အသက်ကို အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့တဲ့သူကို ငါဘယ်လို အပြစ်ပေးရပါ့မလဲ ချစ်သူရယ်"

"ကောင်းလှပြီ…သင်ကျူးလွန်သောအပြစ်ကို ဘယ်လိုနည်းအပြစ်ပေးရမယ်ဆိုတာ စီရင်တော်မူမယ်…ယခု

www.burmeseclassic.com

www.burmeseclassic.com



ပွဲသဘင်အား ရုပ်သိမ်း၍ မှူးကြီး မတ်ရာ သေနာပတိများ အတွင်းတော်ကို သွားခဲ့ကြပေရော့''

ဤသို့ဖြင့် ဥတ္တရအား လစ်လျူရှုကာ ညီလာခံသိမ်း၍ မှူးကြီးမတ်ရာ သေနာပတိအားလုံးဘုရင်မရှိရာ အတွင်းဆောင်သို့ ဝင်သွားကြသည်။

အတွင်းဆောင်သို့ရောက်သောအခါ ဘုရင်မက…

''သက်တော်ရှည်အမတ်ကြီး…မယ်တော်တို့ သားဆုပန်ပြီးနောက် တာရာဒေဝီသခင်မ မိန့်ကြားဟော်မှူခဲ့တဲ့ မှတ်တမ်းကို အားလုံးကြားအောင် ဖတ်ကြားလော့

ထိုအခါ အမတ်ကြီးသည် မင်းချင်းတစ်ယောက်ယူလာပေးသော ရွှေပုရပိုဒ်ကို ဖွင့်ပြီး မှတ်တမ်းစာကို ဖတ်ပြသည်။

တာရာဒေဝီသခင်မ၏မှာတမ်းမှာ…

''ချစ်သမီးဟေမာ…ငါသည် သင်၏ဘဝဟောင်းက မိခင်တော်စပ်ခဲ့ဖူးသော တာရာဒေဝီသခင်မဖြစ်ပေသည်။ သင်တို့ဆုတောင်းမှုပြုခဲ့သည့်အတိုင်း အနုရာဓ၏အနွယ်တော်ဖြစ်သော သမီးတော်တစ်ပါးကို ငါ ချီးမြှင့်ပေးမည် … ထိုသမီးတော်လေးသည် ငါ၏ကိုယ်ပွားဖြစ်လေသည်။ ··ထိုသမီးတော်လေးမှာ ဘုန်းတန်ခိုးကြီးမားခြင်း၊ ရုပ်ဆင်းအင်္ဂါချောမောလှပသူဖြစ်ပြီး ဆောင်းနှင်းကဲ့သို့လည်း အေးမြနူးညံ့ခြင်းကို ရရှိသူဖြစ်သော်လည်း သူမသည် အနုရာဓ၏ အနွယ်တော်ပီပီ အနုရာဓကို အုပ်စိုးကာ ဦး



ခေါင်းထက်မှ သရဖူမျာ ထာဝစဉ် ဘည်ဘုံ့ဆေပေလိမ့်မည်…''

" ၎င်းတွင် ဘေးအန္တရာယ်မြင့်သော်လည်း အကျွန်ုပ်ကကာကွယ်စောင့်ရှောက်ပေးသောကြောင့် ရန်သူဟူသမျှ မြူမှုန်တစ်စမကျန် အောင်မြင်နိုင်ပေလိမ့်မည်…၎င်း၏ [illegible] မင်းမျိုးမင်းနွယ်ထဲကဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာ[illegible] သာဝစဉ် တည်တံ့နိုင်မြဲပေမည်…၎င်း၏ဖူးစာရှင်အစစ်မဟုတ်[illegible] တစ်ဦးတစ်ယောက်နှင့်မျှလက်ထပ်နိုင်ခွင့်မရနိုင်ဘဲ [illegible] သည် ဘေးဆိုးအန္တရာယ်နှင့်သာ ကြုံရပေလိမ့်မည်…..''

ထိုနေရာသို့ရောက်သောအခါ စာလွှာကို ရပ်ခေပြီး ဘုရင်မက ဤသို့မိန့်ကြားသည်။

''ကျွန်ုပ်သည် တာရာရှင်မ၏ ကိုယ်ပွားသမီးတော်ဖြစ်သောကြောင့် ၎င်း၏ အလိုတော်ကိုကျော်၍ ဘာမှပြုလုပ်၍ ရမည်မဟုတ်ပေ…ယနေ့ကြုံတွေ့ရသော အဖြစ်ဆိုးကိုမျက်ဝါးထင်ထင် သင်တို့မြင်ကြပြီ မဟုတ်လော''

''မြင်ပါသည် အရှင်မ''

''သို့ဖြစ်လျှင် ကျွန်ုပ်အတွက် ထိုက်တန်သော ကြင်ယာတော်ရွေးချယ်ရန်အတွက် တာရာရှင်မ၏အလိုကျအတိုင်း မဟုတ်[illegible] ကျွန်ုပ်တို့အနေဖြင့် ဘာတစ်ခုမှ ဆောင်ရွက်၍ရမည် မဟုတ်[illegible]…အကျွန်ုပ်အတွက် ကြင်ယာတော် ရွေးချယ်ရန်ကိစ္စကို [illegible] ထားပေဦးမည်…သဘောတူပါ၏လော…အမတ်[illegible]''

www.burmeseclassic.com

www.burmeseclassic.com



"သင့်ဘာတူပါသည် အရှင်မ...အရှင်မဆန္ဒအတိုင်းသာ ဆောင်ရွက်တော်မူပါ ဘုရား"

ထိုအခါမှ ဘုရင်မတာရာဒေဝီသည် အတန်အသင့် စိတ်ချမ်းသာရာ ရသွားပြီးနောက် တက်ကြွသော အမူအရာဖြင့်

"ကောင်းလှပြီ...ဤသို့ဆိုလျှင် မဏိပုဏ္ဏရအရေးအခင်းကို ဆက်လက်ဆွေးနွေးကြဦးစို့...မဏိပုဏ္ဏရသည် ယခင်က အနုရာဓ၏ လက်အောက်ခံနယ်ပယ်တစ်ခုဖြစ်သော်လည်း ယခုအခါ ဥဏ္ဏရနယ်စားကြီး ဓာဂတိရဲ့အားပေးကူညီမှုကြောင့် အနုရာဓအား စင်ပြိုင်ထောင်ထားခြားနားသော အဖြစ်သို့ ရောက်နေချေပြီ...ယခု အကျွန်ုပ်၏ ကြင်ယာတော်ရွေးပွဲသို့ လာရောက်သော မင်းသားစိတြမှာ တမင်ရန်စလို၍ ကျူးကျော်လာရောက်ကြောင်း ထင်ရှားလှပေသည်"

"ယခုကဲ့သို့ဖြစ်ပွားရခြင်းမှာ ကျွန်ုပ်တို့ဘက်မှ အလွန်မရှိပေ...သို့စေကာမူ...ဤသို့ဖြစ်ရခြင်းအတွက် မဏိပုဏ္ဏရသည် အေးချမ်းစွာပြီးဆုံးလိမ့်မည် မဟုတ်ပေ...စစ်သည် သူမရောက်လာမီ၊ ပြင်ဆင်ချိန်မရမီ ကိုယ်က အရင်တိုက်ရသော် အခွင့်အရေးပိုရပေလိမ့်မည်...သို့အတွက်ကြောင့် ဗိုလ်မှူးဥဏ္ဏရအား စစ်ဦးစီးအဖြစ်တာဝန်ပေးကာ မဏိပုဏ္ဏရအား အလုံးအရင်းနှင့်ဝင်တိုက်ရသော် မကောင်းလော..."

"ထိုအကြံတော်မှာ လျှော်ကန်သင့်မြတ်လှပေသည်...သို့သော် အခြားသူများအား တာဝန်မပေးဘဲ ဗိုလ်မှူးဥဏ္ဏရအား ရွေးချယ်



တာဝန်ပေးခြင်း၏ ရည်ရွယ်အားသိလိုပါသည် အရှင်"

"ကောင်းလှပြီ...ကျွန်ုပ်ရှင်းပြမည်...ခင်စစ် ဘယ်သို့သောအကြောင်းကြောင့်ဖြစ်စေ၊ အခြားမှ ညှော်သည်တော်တစ်ယောက်အား သတ်ဖြတ်မှုကျူးလွန်ခြင်းအတွက် ၎င်းမှာ အပြစ်ရှိသည်...၎င်းပြစ်မှုအတွက် သူနှင့်ထိုက်တန်သော အပြစ်ဒဏ်မှာ သေဒဏ်တစ်ပါး အခြားမရှိပေ...သို့သော် ယခုလို အရေးကြီးနေသောအခါကာလတွင် အနုရာဓ သူရဲကောင်းတစ်ယောက်၏အသက်ကို မဆုံးစေချင်ပေ...ထို့ပြင် သူရဲကောင်းဥဏ္ဏရမှာ အနုရာဓ၏မဟာသွေးပါသူတစ်ဦးဖြစ်သည့်အပြင် ဖခမည်းတော်ကိုယ်တိုင် အနုရာဓနန်းစဉ်ပါးကို ချီးမြှင့်ထားသူဖြစ်သောကြောင့် မကွပ်မျက်ထိုက်ပေ..."

"၎င်းကို မဏိပုဏ္ဏရအား ချီတက်လုပ်ကြံစေလျှင် အကယ်၍မအောင်မြင်သော် သူ့အပြစ်အတွက် သူခံစေပြီး၊ အောင်မြင်ခဲ့သော် အနုရာဓအတွက် ကြီးစွာသော ဆုလာဘ်ဖြစ်စေမည်...မည်သို့သော သဘော ရှိပါသနည်း...အမတ်ကြီးတို့"

"အရှင်မအကြံ...လျှော်ကန်သင့်မြတ်လှကြောင်းပါ ဘုရား"

ဘုရင်မနှင့် မှူးကြီးမတ်ရာ၊ သေနာပတိများ၊ တပ်မှူးဗိုလ်မှူးများတို့သည် ရှေ့အစီအစဉ်များကို ဆက်လက်တိုင်ပင်ပြီး ညနေအတော်နက်မှ ညီလာခံကို ရုပ်သိမ်းလိုက်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ညဉ့်အတော်နက်ပြီး လူခြေတိတ်သွားတော့မှ ဘုရင်မသည် အထိန်းတော်တစ်ယောက်အား လျှို့ဝှက်စွာခေါ်ပြီး တစ်စုံတစ်ယောက်ကို မှာကြားလိုက်လေသည်။

အထိန်းတော်ထွက်သွားပြီး နောက်ခဏအကြာတွင် လျှို့ဝှက်တံခါးမှ လူတစ်ယောက်ဝင်လာပြီး ဘုရင်မ၏ အခန်းဝတွင် ဒူးထောက်ထိုင်ချလိုက်ပြီး…

"ကျွန်တော်မျိုး ကိုယ်ရံတော်တပ်မှူး ဥတ္တရ အခစားရောက်ပါပြီ ဘုရင်မ"

ဘုရင်မထံမှ သက်ပြင်းချသံ တိုးညင်းစွာထွက်ပေါ်လာပြီး-

"ကဲ…နေရာက ထပါတော့ ဥတ္တရရဲ့…တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

အခုလိုတွေ့ရတဲ့အချိန်ဟာ ပထမဦးဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်လည်း ဖြစ်ခဲ့ပြီပြီမယ်၊ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့တဲ့ဘဝကို ရောက်ချင်ရောက်သွားနိုင်တယ်၊ အခုလိုတွေ့ရတဲ့ အခိုက်အတန့်မှာ ငယ်ငယ်တုန်းကလို လွတ်လွတ်လပ်လပ်နေကြရအောင်လား ဥတ္တရရယ်''

ဘုရင့်မထံမှ ထိုသို့စကားမျိုး ကြားရသောအခါ ဥတ္တရမှာ တအံ့တဩ မော့ကြည့်လိုက်သည်။

''ကဲ…နေရာကထပြီး ဒီမှာလာထိုင်ပါ ဥတ္တရ''

တပ်မှူးဥတ္တရသည် ဖြေးညင်းစွာထရပ်လိုက်သည်။

''ဒီကနေ့ နန်းရင်ပြင် ဗိုလ်ပုံအလယ်မှာ ငါ့ရဲ့အရှက်ကို အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ်၊ ဟိုးငယ်ငယ်တုန်းက မိချောင်းပါးစပ်တွင်းက ကယ်ခဲ့တာတစ်ကြိမ်၊ အခုတစ်ကြိမ်နဲ့ဆို နှစ်ကြိမ်ရှိခဲ့ပြီ…၊ နင်ဟာ ငါ့အတွက်တော့ ဘကယ့်ကို အားကိုးထိုက်တဲ့ သူရဲကောင်းတစ်ယောက်ပါပဲ''

''ကျွန်တော်မျိုးရဲ့အသက်ကို ကာကွယ်ပြီး လွတ်ငြိမ်းခွင့်ပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ် ဘုရင်မ''

''ငါ နင့်ကို ဘာ့ကြောင့် အကာအကွယ်ပေးခဲ့တယ်ဆိုတာ သိရဲ့လား ဥတ္တရ''

''ငယ်စဉ်က နို့စို့ဖက် ကစားဖော်ကစားဖက် ဖြစ်ခဲ့တဲ့ သံယောဇဉ်ကြောင့် ဖြစ်မယ်ထင်ပါတယ်''

ဘုရင်မတာရာဒေဝီသည် နူးညံ့စွာပြုံးလိုက်သည်။



''ဒါလည်းပါတာပေါ့လေ၊ ဒါပေမယ့် ငါ့မှာ ဒီထက်ကြီးမားတဲ့ ရည်ရွယ်ချက်ရှိနေတယ်ဆိုတာ နင်မရိပ်မိဘူးလား ဥတ္တရ''

''ဒီမှာ ဥတ္တရ…တကယ်တော့ ကိုယ့်တိုင်းကိုယ့်ပြည်ကို ဧည့်သည်တော်အဖြစ်နဲ့လာတဲ့ မင်းသားတစ်ပါးကို သတ်ပစ်ခဲ့တဲ့နင့်မှာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ နင်သိတယ်မဟုတ်ဘူး၊ အနုရာဓရဲ့ထုံးစံ သေဒဏ်မှတစ်ပါး အခြားအပြစ်မရှိတာ ကိုလည်း နင်အသိဆုံးပါ…၊ အခု နင့်ကို စစ်သည်အင်အား အလုံးအရင်းနဲ့ မဒေါ်ပုတ္တရကို ချီတက်ဖို့ ငါအမိန့်ပေးပြီးပြီ''

ဥတ္တရက မယုံကြည်သလို မော့ကြည့်သည်။

''မဏိပုတ္တရက ပြန်လာတဲ့အခါ စစ်သုံ့ပန်းဘဝနဲ့ ပြန်လာမှာလား၊ အောင်နိုင်သူကေရာဇ်အဖြစ်နဲ့ ပြန်လာမှာလား''

ထိုစကားကြောင့် ဥတ္တရကိုယ်တွင်းမှာ ငုပ်လျှိုးနေသော ဇာတိသွေး ဇာတိမာန်များအား လှုပ်ခတ်နှိုးလိုက်သလို တမုမဟုတ်ချင်း နိုးကြားတက်ကြွလာသည်။

အနုရာဓပါးပေါ် လက်တင်ပြီးနောက်…

''အကျွန်ုပ်သည် အနုရာဓ၏ ရာဇသွေးပါသူ တစ်ယောက်ဖြစ်သည်…သုံ့ပန်းအဖြစ်နဲ့တော့ ဘယ်သောအခါမှ ပြန်မလာဘဲ… ကေရာဇ်ဘဝကို ရအောင်ယူပြီး ဘုရင်မရှေ့မှောက် အရောက်ပြန်လာခဲ့ပါ့မည်''

ထိုစကားကြားရသောအခါ တာရာဒေဝီ၏ရင်ထဲမှာကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် ခုန်အားများ ပြည့်လာခဲ့သည်။ ထို့နောက် ဥတ္တရ ရှေ့တွင် ရပ်ကာ မိမိသရဖူကို ဥတ္တရခေါင်းပေါ်ဆောင်းပေးပြီး ဥတ္တရရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ငါဟာ မင်းကေရာဇ်ဘဝထက်၊ နင့်ရဲ့အနားမှာ သာမန်မိန်းမတစ်ယောက်အဖြစ်နဲ့ အမြဲနေချင်တဲ့သူပါ ဥတ္တရရယ်"

ဘုရင်မ၏စကားကြားရသောအခါ ဥတ္တရမှာ ထိတ်ထိတ်ပြာပြာဖြစ်သွားပြီး...

"တစ်စုံတစ်ယောက် မြင်တွေ့သွားရင် မသင့်တော်ပါဘူး တာရာ၊ အမြန်ထပါ"

"တို့နှစ်ယောက် ပြန်ဆုံဖို့ဆိုတာ နက္ခတ်တာရာစောင့်နတ်မင်းတွေရဲ့ အလိုကျအတိုင်းပဲဖြစ်မှာပါ...၊ ကံကြမ္မာအလှည့်အပြောင်းဆိုတာကလည်း ရှိနေသေးတော့ ပြန်ဆုံချင်မှလည်း ဆုံဖြစ်မှာပါ၊ အခုလိုဆုံကြတဲ့အခိုက်အတန့်မှာ ငါ့ကို တစ်သက်လုံး စိတ်ချမ်းသာစေမယ့် စကားတစ်ခွန်းလောက် ပြောသွားပါလား ဥတ္တရရယ်"

ထိုစကားကြားရသောအခါ ဥတ္တရသည် တာရာဒေဝီ၏ နူးညံ့နွေးထွေးသော ကိုယ်လုံးကလေးကို ထွေးပွေ့ပြီး

"တာရာ...ငါ နင့်အပေါ်မှာ ဟိုးငယ်ငယ်လေးထဲက စွဲစွဲလန်းလန်းချစ်ခဲ့ရတာပါ၊ နင့်ဘယ်ဘဝမျိုးရောက်ရောက် ငါ့ကျေနပ်တယ်...အမြဲချစ်နေပါ့မယ်"



ဥတ္တရစကားကို ကြားသောအခါ တာရာဒေဝီသည် ဥတ္တရရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

"တို့ဘဝတွေ ဟိုးငယ်ငယ်တုန်းကလို လွတ်လွတ်လပ်လပ် ပြန်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ မောင်ရယ်... ငါသာ သာမန်မိန်းမတစ်ယောက်ဆိုရင် နင့်ကို လက်ထပ်ပြီး အေးအေးချမ်းချမ်း နေလိုက်ချင်ပါတယ်၊ ငါ့ဘဝမှာ ရာဇပလ္လင်ဆိုတဲ့ ဥပဒေကြီးအား တားမြစ်ထားတော့ တိုင်းပြည်အုပ်ချုပ်နေတဲ့ ဘုရင်မတစ်ယောက်ဟာ သာမန်ကိုယ်ရံတော်တပ်မှူးတစ်ယောက်ကို လက်ထပ်ပြီး နန်းတင်လို့မရဘူးလေ...ဒါကြောင့် အောင်မြင်မှုရစေမယ့် လမ်းစကို ငါ့ဘဝနဲ့ရင်းပြီး ခင်းပေးခဲ့တာပါ"

"တာရာစေတနာကို မောင်နားလည်ပါပြီ...၊ တာရာရဲ့အချစ်ကိုလည်း ယုံကြည်ပါပြီ၊ တာရာဖြစ်စေချင်တဲ့အတိုင်း အောင်မြင်မှုကို ရအောင်လုပ်ပြီး မောင် တာရာ့ဆီကို အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်..."

"တာရာဒေဝီဆိုတဲ့ မိန်းမတစ်ယောက်ဟာ ဘုရင်မပဲဖြစ်ဖြစ်၊ သာမန်မိန်းမပဲဖြစ်ဖြစ်၊ မောင့်ကလွဲပြီး တခြားသူ့အတွက် မဖြစ်စေရဘူး...မောင်ပြန်လာတဲ့အထိ သစ္စာရှိရှိနဲ့ စောင့်နေပါ့မယ်..."

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

အနူရာဓတပ်မှူး ဥတ္တရဦးစီးသော တပ်မကြီး၊ မဏိပုတ္တရသို့ ချီတက်သွားပြီးနောက် အနူရာဓပြည်တွင်းစစ်သည် အင်အားနည်းပါးသွားပြီး၊ မြို့စောင့်တပ်အချို့သာ ကျန်ခဲ့ပေသည်။

ထိုအချိန်တွင် အနူရာဓဘုရင်ကြီး အဘိဇိနုတ်ရှာစံကံတော်ကုန်သဖြင့် ဘုရင်မလေး တာရာဒေဝီမှာ တိုင်းရေးပြည်ရေးကိစ္စများကို သစ်လျှူရှုကာ ဖခမည်းတော်၏ ဈာပနအတွက် ဆောင်ရွက်နေရရှာသည်။

ထိုဈာပနပွဲသို့ ဥတ္တရနယ်စားကြီး ဇာဂတိလည်း လာရောက်သဖြင့် အနူရာဓ၏ နည်းပါးနေသော စစ်သည်အင်အား [illegible]ကို ရိပ်မိသွားပြီးနောက်တွင် ဥတ္တရနယ်သို့ ချက်ချင်းပြန်သွားပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည့်အင်အား လူအင်အား စုဆောင်းကာ အနုရာဓသို့ လာရောက် တိုက်ခိုက်လေတော့သည်။

အနုရာဓစစ်သည်များက ရှပ်ရှပ်ချုံချုံပြန်လည် ခုခံတိုက်ခိုက် ကြသော်လည်း အလစ်အငိုက်မိသွားကာ မကြာမီ ဥတ္တရနယ်စား၏ စစ်သည်များက အနုရာဓမြို့ကို အောင်မြင်သွားလေတော့သည်။

ထိုအချိန်တွင် သခင်မလေး တာရာဒေဝီမှာ ဟိမဝန္တာတောင် တန်းတစ်နေရာမှ အနုရာဓမင်းဆက်များ သဂြိုလ်ရာ ဒွေ…ဥ်မျိုးဆက် သင်္ချိုင်းတွင် ဖခမည်းတော်အတွက် ဆုတောင်းပွဲများ ပြုလုပ်နေချိန် ဖြစ်သည်။ ထိုအချိန်တွင် နက္ခတာရာကျောင်းတော်စောင့် ဗိုလ်မှူး နေသီဟရောက်လာပြီး အကြောင်းစုံကို လျှောက်ထားလေသည်။

ဘုရင်မမှာ မမျှော်လင့်ဘဲ ထိုအကြောင်းကို ကြားရသောအခါ ရာဇသွေး ရာဇမာန်ဖြင့်…

"သယ်…မလောက်လေး မလောက်စား ဥတ္တရနယ်စားက များ အနုရာဓကို ကျူးကျော်ရန်စဝံ့သတဲ့လား၊ အခုချက်ချင်း လူသူ စုရုံးပြီး ပြန်လည်တိုက်ခိုက်တော်မူမယ် ဗိုလ်မှူး"

"မှန်လှပါ…အခုအချိန်မှာ ရှိသမျှ ကိုယ်ရံတော်အင်အား လောက်နှင့် ပြန်လည်တိုက်ခိုက်ပါက ဆုံးရှုံးမှုနှင့် အချီးနှီးသာဖြစ်ပါ လိမ့်မည်…စဉ်းစားဆင်ခြင်တော်မူပါ အရှင်မ"

"ဒါဖြင့် ဘယ်သို့ဆောင်ရွက်ရမယ်ဆိုတာ သံတော်ဦးတင် ကြစမ်းဟဲ့"



"မှန်လှပါ… ယခုအခါအနုရာဓမှ ချီတက်သွားသော တပ်မှူး ဥတ္တရဦးစီးသောတပ်သည် ခေါင်းဆောင်မဲ့နေသော မဏိ ပုတ္တရစစ်သည်တော်များကို အလွယ်တကူ တိုက်ခိုက်အောင်မြင်သွား ပြီဟု သတင်းရရှိပါသည်အရှင်မ"

"ဟင်…ဟုတ်လား၊ ဝမ်းမြောက်ဖွယ်ရာပေပဲ…"

"သို့အတွက်ကြောင့် ဘုရင်မအနေနဲ့ အသာစီးခံနေရသော အနုရာဓကို ပြန်လည်တိုက်ခိုက်ခြင်းထက်၊ မဏိပုတ္တရသို့ လျှို့ဝှက် ကြွချီတော်မူသင့်ပါတယ်"

"အင်း…"

"ထိုသို့ကြွချီတော်မူပြီး မဏိပုတ္တရတွင် ရောက်ရှိနေသော တပ်မှူးဥတ္တရအား ပြန်လည်တိုက်ခိုက်စေသော် အနုရာဓကို အလွယ် တကူနှင့် ပြန်လည်ရရှိနိုင်ပါသည် အရှင်မ"

"ဗိုလ်မှူးပေးသောအကြံဉာဏ် ကောင်းလှပေတယ်…မနက် ဖြန် နံနက်မိုးသောက် အရုဏ်ရောက်တာနဲ့ မဏိပုတ္တရသို့ ကြွတော် မူမယ်…ယခုအခါမှာတော့ နယ်စားဥတ္တရရဲ့ တပ်များရန်က လွတ် အောင် ရှောင်တိမ်းနေကြပေတော့"

"ကောင်းလှပါပြီအရှင်မ"

ဤသို့ဖြင့် ဘုရင်မတာရာဒေဝီနှင့် နောက်လိုက်နောက်ပါများ တို့သည် ဟိမဝန္တာတောင်တန်းပေါ်မှ လျှို့ဝှက်နေရာတွင် သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



ခိုလှုံလျက်ရှိရာ သင်္ချိုင်းတော်သို့ မြို့စားကြီး၏စစ်သည်တော်များ လာရောက်ရှာဖွေသည့်အခါ အစအနပင်မှတွေ့ရတော့ပေ။

ဗိုလ်မှူးနေသီဟက လှိုဏ်ဂူဝက်ခန်းမဆောင် အပြင်မှစောင့်နေပြီး ဘုရင်မနှင့် အထိန်းတော်မဟူရာတို့က အတွင်းသို့ဝင်သွားကာ တာရာဒေဝီအရှင်မ ရုပ်ထုထားရာ ခန်းမဆောင်သို့ သွားကြလေသည်။

တာရာဒေဝီအရှင်မ ရုပ်တုရှေ့သို့ရောက်သောအခါ အထိန်းတော်မဟူရာသည် ယခင်တစ်ကြိမ်ကဲ့သို့ပင် အမွှေးနံ့သာရည်များဖြင့် ဖျန်းပက်ပူဇော်ပြီး ဂါထာမန္တန်များရွတ်ဆိုကာ တာရာဒေဝီအရှင်မအား ပင့်ဖိတ်လေသည်။

ဘုရင်မလေးမှာ ယခင်တစ်ကြိမ်က တွေ့ကြုံခဲ့ဖူးသဖြင့်၊ ယခု တစ်ကြိမ်တွင် ကြောက်ရွံ့တုန်လှုပ်မှု မဖြစ်တော့ပေ။

မကြာမီ…ကောင်းကင်ထက်မှ အလင်းရောင်တန်းကြီးတစ် ... မဟူရာ၏ကိုယ်ပေါ်သို့ ခေါင်မိုးအား ထိုးဖောက်ဆင်းလာပြီးနောက် မဟူရာ၏ကိုယ်ပေါ်သို့ ဖုံးအုပ်သွားတော့သည်။

"သမီးတော်ရဲ့ အခက်အခဲကို ပြောလော့"

"သမီးတော်မှာ သစ္စာဖောက်အချို့ရဲ့ လုပ်ကြံမှုကြောင့် ယ... အခါ ထီးမဲ့နန်းမဲ့ဘဝသို့ ရောက်ရှိခဲ့ပြီ…၊ ကံကြမ္မာ၏ ပြုပြင်ဆော... ရှက်မှုများအား မိန့်ကြားပေးပါလော့…မယ်တော်"

"ဤအဖြစ်အပျက်များကား ကောင်းကင်၌ နက္ခတ်တာ... အပြောင်းအလဲများကြောင့်သာ ဖြစ်ရပေသည်၊ ယခုအခါ အာကာ...



တွင် အာဘိဇနက္ခတ်သည် တရွေ့ရွေ့ပျောက်ဆုံးစပြုနေပြီ၊ ထိုသို့အဘိဇိ နက္ခတ်ပျောက်ဆုံးသွားသောကြောင့် အနုရာဓနက္ခတ်အပါအဝင် အခြား နက္ခတ်များ နေရာအပြောင်းအလဲများ ဖြစ်နေကြရသည်"

"ဤအတွက် မစိုးရိမ်လင့် သမီးတော်…၊ အခိုက်အတန့်မျှ သာဖြစ်ပေသည်၊ နက္ခတ်တာရာအရှင်မ၏ ကိုယ်ပွားသမီးတော်အား ဘယ်လိုရန်သူမျိုးကမှ နှောင့်ယှက်ဖျက်ဆီး၍မရပေ"

"ထိုစကားကိုကြားရတာ ဝမ်းမြောက်လှပါသည် မယ်တော်၊ ဤအခိုက်အတန့်တွင် သမီးတော် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မိန့်ကြားပေးပါ…မယ်တော်"

" ယခုအခါ အနုရာဓနက္ခတ်ကို အာဂတိနက္ခတ် ဝင်ရောက်နှောင့်ယှက်နေချိန် ဖြစ်သောကြောင့် အခိုက်အတန့် ဤနေရာမှာ ခွာပေလော့…၊ မဏိပုတ္တရတွင် သမီးတော်အားတိုးထိုက်သူ ရှိပေသည်၊ ထိုသို့ အရောက်သွားပေတော့…သမီးတော်အား မည်သည့်အန္တရာယ်မှ နှောင့်ယှက်ဖျက်ဆီးခြင်းမပြုနိုင်အောင် မယ်တော် အနုရာဓလက်စွပ်တော်ကို ချီးမြှင့်ပေးလိုက်မယ်…မယ်တော်ရဲ့ ရုပ်ထုရှေ့မှာ ဆောင်ယူသွားပေတော့ သမီးတော်"

ထိုသို့ဆိုကာ အလင်းတန်းကြီးမှာ တစ်စတစ်စ ဆောင်း... သို့တက်သွားပြီး မကြာမီပျောက်ကွယ်သွားလေတော့သည်၊ ... ဘုရင်မနှင့် အထိန်းတော်မဟူရာတို့မှာ တာရာရှင်မ...

www.burmeseclassic.com

www.burmeseclassic.com



တိုးဆိုးကြည့်သောအခါ အလွန်ထူးဆန်းသော လက်စွပ်တစ်ကွင်းကို တွေ့မြင်ကြရသည်။

လက်စွပ်တွင် ပါးမျဉ်းထောင်နေသော မြွေရုပ်တစ်ရုပ်ပါရာ ထိုမြွေရုပ်၏ မျက်လုံးမှာ အမှောင်ထဲမှာပင် အရောင်တလက်လက် တောက်ပလျှက် ရှိနေတော့သည်။

* * *

## အခန်း (၁၂)

အနုရာဓနန်းတော်တွင်းမှာဖြစ်သည်။

"အနုရာဓကို တိုက်ခိုက်အောင်မြင်တော့ကာမှတော့ဟုတ်ပြီ၊ ဘု... ကေရာင်အဖြစ် ဘိတ်သိက်ခံဖို့ မကိုင်ရှိသရဖူ ဘယ်မှာလဲ မကိုင်ရှိသရဖူရှိတဲ့ ဘုရင်မကို မိအောင်မဖမ်းနိုင်မချင်း ငါ ဘယ်လို လုပ် ဘိတ်သိက်ခံလို့ ဖြစ်မှာလဲ"

"အရှင်မင်းမြတ် စေခိုင်းသည့်အတိုင်း တာရာဒေဝီဘုရင်မ ကို ဖမ်းမိနိုင်ရန် ကျွန်တော်မျိုးတို့ ကြိုးပမ်းအားထုတ်ရာ၌ ထူးဆန်းမှု များစွာ တွေ့ကြုံရပါသည် အရှင်မင်းမြတ်"

"ဘယ်လိုထူးဆန်းမှုတွေလဲဆိုတာ လျှောက်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မရှိနိုင်မည်ဟု သတင်းကြားရသော မျိုးဆက်သချိုင်း တော်၊ အနုရာဓရဲ့ အချို့နေရာများနဲ့ နက္ခတ်တာရာကျောင်းတော်ကြီး အတွင်း၌ ရှာကြပါတယ်၊ နက္ခတ်တာရာကျောင်းတော်ကြီးအတွင်း ဝင်ရောက်ရှာဖွေရာ၌ လျှို့ဝှက်ရေကန်ကြီးတစ်ကန်ကို တွေ့ရပါတယ်၊ အဲဒီရေကန်ထဲမှာ အလွန်ကြီးသော မိကျောင်းကြီးတစ်ကောင် တိုက်ခိုက်ခံရပါသဖြင့် စစ်သည်ရဲမက်အားလုံး အသက်ဆုံးရှုံးသွားပါတယ် ဘုရား”

“ငှင်းနောက် အနုရာဓရဲ့ ဆွေစဉ်မျိုးဆက် သချိုင်းဂူကို သွားရောက်ဝိုင်းတဲ့အခါ ဂူတွေထဲက အလွန်ကြီးတဲ့ မြွေကြီးများထွက်လာပြီး လိုက်လံပေါက်သတ်လို့ ဘုရားကျွန်တော်မျိုးများ အသက်လု ပြေးလို့လွတ်ခဲ့သော်လည်း ကျန်ခဲ့တဲ့ စစ်သားတော်တော်များများ မြွေ ထိလို့ အသက်ဆုံးကုန်ပါပြီဘုရား”

ထိုလျှောက်တင်ချက်များ ကြားရသောအခါ မြို့စားကြီးမျက်နှာမှာ ထိတ်လန့်တုန်လှုပ်မှုများ အထင်းသားပေါ်လွင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော်…

အနုရာဓကို တိုက်ခိုက်အောင်မြင်ပြီး၍ နန်းပော်သို့ရောက် လာကတည်းက တစ်ညမှ မှေးစက်ရသည်မရှိသေးပေ။

ညဥ့်အခါရောက်သောအခါ နန်းတော်အတွင်းအပြင်မှ ဆူညံသံများ ပေါ်ထွက်လာပြီး စိတ်ချလက်ချ မှေးစက်ရသည် မရှိ သေးပေ။



ထို့ပြင် မဏိပုဏ္ဏရသို့ စစ်ကူတောင်းရန် လွှတ်လိုက်သော အထောက်တော်ထံမှ မဏိပုဏ္ဏရမှာ ဥတ္တရလက်တွင်း ကျရောက်သွားပြီဖြစ်သောကြောင့် ဥတ္တရတွင် များစွာသော စစ်အင်အားများစုဆောင်းမိသွားပြီဖြစ်သောကြောင့် နေ့ချီလာမလား၊ ညချီလာမလားဟူသော အတွေးကလည်း စိတ်မအေးရပေ။

“အနုရာဓဘုရင်မက တာရာရှင်မရဲ့ သမီးတော်ဆိုတော့ ဂမ္ဘီရ အတတ်ပညာတွေနဲ့ လှည့်စားနေတာ . . . ဘာမှ ကြောက်စရာမလိုဘူးဟေ့၊ အခုအချိန်မှာ အနုရာဓရဲ့ ဧကရာဇ်ဟာ ငါပဲဟေ့၊ ငါ့ရဲ့အမိန့်အာဏာဆိုတာ ငါ့ရဲ့လက်သုံးတော်ဓါးပဲ၊ ငါ့အမိန့်ကို ဖီဆန်ရင် ငါ့ဓါးအောက်မှာ အသက်ပျောက်မယ်၊ ဒါငါ့အမိန့်ပဲ၊ ကိုင်း…နက္ခတ်ဆရာကြီးရောဟဏီကလွဲပြီး ကျန်တဲ့သူများ သွားကြ ပေရော့”

“ကိုင်း…နက္ခတ်ဆရာကြီး”

ကျွန်ုပ် ရာဇာဘိသိတ်ခံယူတော်မူပြီးလျှင် သင့်အားနန်းတွင်း မင်းဆရာကြီးအဖြစ် ချီးမြှင့်ပေးတော်မူမယ်၊ သင်နဲ့ ကျွန်ုပ်နှစ်ယောက် ထဲရှိတဲ့အခိုက်အတန့်မှာ ကျွန်ုပ်ရဲ့ အနာဂတ်ကံကြမ္မာကို နိမိတ်ဖတ် ကြားပေးပါလော့ နက္ခတ်ဆရာကြီး”

“ကောင်းလှပါပြီအရှင်”

နက္ခတ်ဆရာကြီး ရောဟဏီသည် ကောင်းကင်မှ နက္ခတ် တာရာများကို ကြည့်ပြီးနောက်…

www.burmeseclassic.com

www.burmeseclassic.com



မှန်လှပါ . . . ယခုအခါ ကောင်းကင်မှ အရှင့်ရဲ့ဇာတကော်နက္ခတ်အနီးမှာ ဓေဋ္ဌနက္ခတ်နဲ့ အနုရာဓနက္ခတ်နှစ်လုံးတို့ဟာ အလွန်နီးကပ်စွာ ပေါ်နေကြပါပြီ၊ ယခုလို နီးနီးကပ်ကပ် ပေါ်ထွန်းလာတာဟာ ထူးခြားမှုတစ်ခု ဖြစ်လာနိုင်ပါတယ် . . . ၊ ထို့ကြောင့် ဇေဋ္ဌနက္ခနဲ့ စန်းယှဉ်ပြီး ဖွားတဲ့သူတစ်ဦးဟာ မကြာခင်မှာ အနုရာဓပြည်ရဲ့ အမြင့်ဆုံး နေရာကို ရောက်ပါလိမ့်မည်အရှင်"

"သယ် . . . ငါ့ရှေ့မှာ ဒီစကားမျိုး လျှောက်တင်ဝံ့တဲ့ သင့်ကို ထိုက်တန်တဲ့ ဆုတော်လာဘ်တော် ချီးမြှင့်ရပေဦးမယ်၊ ကိုင်း . . . သင်နဲ့ထိုက်တန်တဲ့ ဆုယူပေတော့"

နက္ခတ်တာရာဆရာကြီးအား ခုတ်ပိုင်းချလိုက်ရာ နေရာတွင် အသက်ပျောက်သွားတော့သည်။

"ဘယ်လောက်တန်ခိုးကြီးတဲ့ နက္ခတ်ပဲဖြစ်ဖြစ် . . . ငါ့ရဲ့ဓါး နက္ခတ်နဲ့တွေ့လိုက်တော့ ငါ့ဓါးအောက်မှာ အသက်ပျောက်ရစေမပေါ့"

နယ်စားကြီးဇာတကော်၏ ကြိမ်းဝါးသံကြီးမှာ ခန်းမဆောင်တစ်ခုလုံး ဟိန်းထွက်သွားလေတော့သည်။

* * *



## အခန်း (၁၃)

ရာဇပလ္လင်ပေါ်တွင် ဘိသိက်ခံယူပြီးစ ဘုရင်ဥတ္တရ၏ရှေ့တော်မှောက်သို့ တံခါးမှူးတစ်ဦးက လာရောက်လျှောက်ထားလေသည်။

"အရှင်မင်းမြတ်အား အထူးလက်ဆောင်ဆက်သရန် ရပ်ဝေးမှ အမျိုးသမီးနှစ်ဦး ရောက်ရှိလာပါသည်ဘုရား၊ အရှင်မင်းမြတ်အား တွေ့ခွင့်တောင်းနေပါသည်"

"ကောင်းပြီ . . . ငါ့ရှေ့မှောက်ကို ခေါ်ခဲ့လော့"

တစ်ကိုယ်လုံးအဝတ်နက်များဖြင့် ခြုံထားသော အမျိုးသမီးနှစ်ဦး သေတ္တာငယ်တစ်လုံးနှင့်အတူ ရှေ့သို့ရောက်သည်။

"အရှင်မင်းမြတ်ရဲ့ သိမ်သိက်ခံယူပွဲအတွက် အထူးလက်ဆောင်ပဏ္ဏာဆက်သရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါတယ်အရှင် . . .

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပစ္စည်းဟာ အလွန်အရေးကြီးသော ပစ္စည်းဖြစ်ပါသဖြင့် အများရှေ့တွင် ဆက်သရန် မသင့်လျှော်ပါသဖြင့် အရှင်မင်းမြတ်အား သီးသန့်ဆက်သတော်မူလိုပါသည်အရှင်”

ထိုလျှောက်တင်စကားကို ဘုရင်ဥတ္တရ စိတ်ဝင်စားတော်မူသဖြင့်

“အသင်တို့ ဆက်သရန်ရှိသော ပစ္စည်းအား...ဆက်သကြလော့”

ထိုအခါ အမျိုးသမီးတစ်ဦးက ယူဆောင်လာသောသေတ္တာကို ဖွင့်၍ အတွင်းမှ ပစ္စည်းအားထုတ်ယူကာ ဘုရင်မင်းမြတ်အား ဆက်သလိုက်သည်။

“အလို...”

ထိုအရာဝတ္ထုကို မြင်လိုက်သောအခါ ဘုရင်ဥတ္တရသည် ပလ္လင်ပေါ်မှ ချက်ချင်းထ၍ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ကာ အရိုအသေပြုလိုက်သည်။

“ဒါ...ဒါဟာ အနုရာဓဘုရင်မင်းမြတ်အဆက်ဆက်ဆောင်းခဲ့တဲ့ ရွှေမကိုဋ်သရဖူတော်အစစ်ပဲ၊ အနုရာဓပြည်ကို မြို့စားဓာဂတိ လုပ်ကြံအောင်မြင်ခဲ့ပြီဟု ငါသိရသည်၊ အနုရာဓဘုရင်မကား သုံ့ပန်းအဖြစ်နှင့်နေရသလော...၊ အသက်ရှင်လျက်မှ ရှိပါသလော...၊ သတင်းမရခဲ့ပေ၊ ဤမကိုဋ်သရဖူအား ဆောင်ကြဉ်းလာသော သင်တို့ကား အဘယ်သူတို့နည်း”



“ကျွန်တော်မျိုးတို့ကား သာမန်သူဆင်းရဲမျိုးများသာ ဖြစ်ကြပါတယ်...၊ အနုရာဓမှ ထွက်ပြေးလာသော စစ်ဘေးဒုက္ခသည်များ ဖြစ်ကြပါတယ်...၊ အနုရာဓဘုရင်မ တာရာဒေဝီသည် ထူးဆန်းစွာ ပျောက်ဆုံးသွားသည်ဟု သိခဲ့ရပါတယ်အရှင်”

“သဟာဖြင့် ဒီမကိုဋ်သရဖူတော်ကို ဘယ်လိုရခဲ့တယ်ဆိုတာ မှန်ရာလျှောက်တင်ကြပါလေ”

“ကျွန်တော်မျိုးမတို့ မဏိပုတ္တရသို့လာစဉ် လမ်းခရီးမှာ အမျိုးသမီးတစ်ယောက်က ဒီသေတ္တာကို အရှင်မြတ်ထံအရောက်ပို့ပေးပါဆိုလို့ ကျွန်တော်မျိုးမတို့ လာရောက်ပို့ရခြင်းဖြစ်ပါတယ်အရှင်”

“အလို...ဒါဖြင့် အဲဒီအမျိုးသမီး ဘယ်မှာကျန်ခဲ့သလဲဆိုတာ အမြန်လျှောက်တင်ကြစမ်း”

“မှန်လှပါ...ကျွန်တော်မျိုးမတို့အား ၄င်းသေတ္တာကို ပေးပြီးနောက် ထိုအမျိုးသမီးမှာ မဏိပုတ္တရမြစ်အတွင်း ခုန်ဆင်းသွားတာကို နောက်ဆုံး တွေ့မြင်လိုက်ရပါသည်အရှင်မင်းမြတ်”

“အို...”

“အသင်တို့ရဲ့ ဝတ်ရုံများကို ဖယ်ရှားလော့”

ဟု အမိန့်ပေးလိုက်သဖြင့် ရှေ့မှအမျိုးသမီးသည် ၄င်းဦးခေါင်းပေါ်မှ ခြုံလွှာကို ဖယ်ရှားလိုက်သည်။

“အလို...မယ်တော်ပါလား၊ အံ့သြဘို့ကောင်းလိုက်တာ၊ ဒါဆို နောက်ကလူက ဘယ်သူလဲဟင်”

www.burmeseclassic.com

www.burmeseclassic.com



နောက်ကာအမျိုးသမီးက ဦးခေါင်းမှ ဝတ်ရုံကိုဖွင့်လိုက်သော အခါ ပိုမိုအံ့သြရတော့သည်။

"ဟင်…တာရာဒေဝီဘုရင်မပါလား…ကျွန်တော်မျိုး ဥတ္တရ မသိလို့ ဤကဲ့သို့ ဆက်ဆံမိတာကို ခွင့်လွှတ်တော်မူပါ…၊ အရှင်မရဲ့ အမိန့်တော်အတိုင်း မဏိပုတ္တရကို တိုက်ခိုက်သိမ်းပိုက်၍ အလုံးစုံပြီး မြောက် အောင်မြင်ပါပြီဘုရား၊ မဏိပုတ္တရသရဖူကိုယူ၍ စိုးစံတော်မူပါ အရှင်မ"

"အခု တာရာဟာ အနုရာဓရဲ့ဘုရင်မ မဟုတ်တော့ဘူး၊ သာမန်မိန်းမတစ်ယောက် ဘဝဖြစ်နေပြီ…၊ လူမြင်လို့ မလျော်အောင် ဤကဲ့သို့ မဆက်ဆံပါနဲ့ မောင်ရယ်…ထပါတော့"

ထိုအခါ ဥတ္တရမှာ ဟန်မဆောင်နိုင်တော့ပဲ ချစ်သူ၏ကိုယ်လုံး ကလေးကို ထွေးပွေ့ထားလိုက်သည်။

"အခု တာရာဟာ သာမန်မိန်းမဘဝကို ရောက်သွားပြီ၊ မောင့်ရဲ့အပါးမှာ သာမန်ဘဝနဲ့ပဲ နေပါရစေတော့၊ တာရာကို အရင် တုန်းကလို ချစ်နိုင်ကြသေးရဲ့လား မောင်ရယ်"

"တာရာကိုမောင်ချစ်တာ ရာဇပလ္လင်ကို ချစ်တာမဟုတ်ဘူး၊ တာရာဆိုတဲ့ ငယ်ငယ်က ကစားဖော်ကစားဖက် နို့စို့ဖက်ဘဝက တည်းက စွဲစွဲမြဲမြဲ ချစ်ခဲ့ရတဲ့ အချစ်မျိုးနဲ့ သစ္စာရှိရှိနဲ့ အမြဲချစ် ခဲ့တာပါ"

* * *



## အခန်း (၁၄)

မြို့စားကြီးဇာဂတိသည် ညဘက်များတွင် အိပ်၍မရဘဲ၊ နေ့ဘက်ရောက်မှ ခေတ္တခဏ မှေးစက်ရသည်။

ညဘက်ရောက်လာလျှင် သလွန်ပေါ်တွင် စက်တော်ခေါ်မည် ကြံတိုင်း အစောင့်များ အထပ်ထပ်ချထားသည့်ကြားမှ အန္တရာယ် များ ရောက်လာသဖြင့် လိုက်လံရှင်းလင်းရပြန်သည်။ နေ့တထိတ် ထိတ်၊ ညတထိတ်ထိတ်ဘဝဖြင့် အအိပ်ပျက် အစားပျက်ဖြစ်ကာ လပိုင်းအတွင်းမှာ လူရုပ်မပေါ်အောင် ညှင်းကျသွားလေ တော့သည်။

ထိုအခါ မှူးကြီးမတ်ရာများက ဝိညာဉ်များ နှောင့်ယှက်ခြင်း ကင်းစင်ပပျောက်စေရန် နက္ခတ်တာရာကျောင်းဆောင်သို့သွား၍နက္ခတ် တာရာစောင့်နတ်မင်းအပေါင်းတို့အား ပူဇော်သင့်ကြောင်းအကြံပေး လျှောက်တင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် တစ်ညတွင် နက္ခတ်တာရာကျောင်းသို့သွားကာ နက္ခတ်တာရာဆောင်နက္ခတ်မင်းများအား ပူဇော်သက္ကာရပြုလေသည်။

ထိုသို့လှည့်လည်ပူဇော်ရာ တာရာဒေဝီအရှင်မ ရုပ်ထုရှေ့ရောက်ပြီး အမွှေးနံ့သာများဖြင့် ပူဇော်နေခိုက်မှာ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးတစ်သံပေါ်ထွက်လာပြီး အခိုင်အမာတည်ထားသော တာရာရှင်မ၏ ရွှေရုပ်တုကြီးမှာ တအိအိဖြင့် မြို့စားကြီးဇာဂတီပေါ်သို့ ပြိုလဲကျရာ ရုတ်တရက်ပေမို့ အလျင်အမြန်ရှောင်တိမ်းလိုက်သော်လည်း မလွတ်ဖြစ်ကာ မြို့စားကြီး၏ လက်တစ်ဖက်နှင့် ခြေတစ်ဖက်တို့မှာ ဒဏ်ရာပြင်းထန်စွာရရုံမက ရုပ်ထုမှကြွေကျလွင့်စဉ်လာသော ရွှေစအချွန်တစ်ခုသည် မျက်လုံးသို့ လာရောက်စိုက်ဝင်သွားလေသည်။

ထိုသို့ဖြစ်နေခိုက်မှာပင် နက္ခတ်တာရာကျောင်းတော်ကြီးတစ်ခုလုံး ငလျင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်မြည်ဟီးလာသဖြင့် မြို့စားကြီးနှင့် နောက်လိုက်နောက်ပါတို့မှာ ကျောင်းဆောင်အတွင်းမှ အမြန်ထွက်ခွာကြရသည်။

ထိုသို့ ကံကြမ္မာဆိုးများဖြင့် ကြုံနေရစဉ် ဘုရင်ဥတ္တရဦးဆောင်သော တပ်မကြီးချီတက်လာပြီဟူသော သတင်းရောက်လာသဖြင့် မြို့စားကြီးဇာဂတီမှာ ရှိသမျှအင်အားဖြင့် ခုခံရန်ပြင်ဆင်ရတော့သည်။ မြို့တံခါးကို အလုံပိတ်၍ ခုခံရန်ကြိုးစားစဉ်မှာ ဥတ္တရ၏စစ်တပ်ကြီးက မြို့ကို ဝိုင်းဝန်းမိတော့သည်။



ထိုအခါ အနုရာဓနှင့် မဏိပုတ္တရနှစ်တပ်ပေါင်းထားသော စစ်သည်အင်အား မြောက်များစွာတို့မှာ မြို့စားကြီး၏တပ်များကို တရကြမ်းဝင်ရောက်တိုက်ခိုက်ကြရာ အင်အားချိနဲ့နေသော တပ်သားများအား အလွယ်တကူ ချေမှုန်းနိုင်တော့သည်။

ထို့နောက် မြို့စားကြီးဇာဂတီအား ဝင်ရောက်ရှာဖွေဖမ်းဆီးရာ သလွန်ပေါ်တွင် အသက်ပျောက်နေသော မြို့စားကြီးဇာဂတီ၏ အလောင်းကို တွေ့မြင်ကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အနုရာဓဘုရင် အဘိဇိ၏ အုတ်ဂူတော်တွင် ပူဇော်ပသမှုများ ပြုပြီး၊ ပြန်လာကြသော အနုရာဓဘုရင်ဥတ္တရနှင့် တာရာဒေဝီတို့မှာ တောင်စွန်းတစ်နေရာတွင်ရပ်၍ အနောက်ဖက်တောင်စွန်းများဆီသို့ တရွေ့ရွေ့ဝင်သွားသော နေလုံးကြီးအား ငေးကြည့်နေကြသည်။ မကြာမီ နေဝင်သွားပြီး ကောင်းကင်တစ်ပြင်လုံး တိမ်တောက်သော အရောင်များ ဖြန့်ကြက်လျက်ရှိသည့်ကြားမှ ထွန်းလင်းတောက်ပသော နက္ခတ်တာရာ တစ်စုံကို အနီးကပ်တွေ့မြင်ကြရသည်။

ထို နက္ခတ်တာရာတစ်စုံမှာ ဓနိဋ္ဌာနက္ခတ်နှင့် အနုရာဓနက္ခတ် တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို…အနောက်ဖက်တောင်တန်းတွေရဲ့ အပေါ်ကောင်းကင်ပြင်ကို ကြည့်လိုက်စမ်းတာရာ…အနုရာဓနက္ခတ်နဲ့ စောင်္ဂနက္ခတ်တို့ နီနီးကပ်ကပ် ထွန်းလင်း တောက်ပနေတာ ဘယ်လောက် ကျက်သရေရှိသလဲဟင်"

"ဟုတ်တယ်…ဒီနက္ခတ်နှစ်လုံးဟာ အခုလိုနီးနီးကပ်ကပ်မနေတာ နှစ်ပေါင်းအတော်ကြာပြီတဲ့၊ အခုမှ နီးနီးကပ်ကပ် ပေါ်ထွန်းတာဟာ မောင်နဲ့ တာရာတို့ တစ်သက်လုံး လက်တွဲသွားရမယ့် အဓိပ္ပါယ်ဖြစ်မှာပေါ့…မဟုတ်ဘူးလား မောင်တော်"

"မောင်တို့နှစ်ယောက်အဖို့ ရှေ့မှာ အခက်အခဲ၊ အနှောင့်အယှက်၊ အပျက်အဆီးတွေ ဘာတစ်ခုမှ ရှိနိုင်တော့မှာ မဟုတ်ပါဘူး၊ တာရာ…စိတ်မချမ်းသာဘူးလားဟင်"

"မောင်သာ တာရာ့အပေါ်မှာ အမြဲရှိနေရင် တာရာ့ဘဝမှာ ဘာမှမလိုတော့အောင် ပြည့်စုံပါပြီ မောင်ရယ်"

"စိတ်ချ…တာရာ့ကို ဒီဘဝမှာလည်း မခွဲဘူး၊ နောင်ဘဝရောက်ရင်လည်း မခွဲဘူး၊ ဘဝဆက်တိုင်း ပေါင်းရဖို့ မောင်တို့နှစ်ယောက် အနုရာဓနက္ခတ်ရှေ့မှာ တိုင်တည်သစ္စာပြုကြရအောင်နော်"

ဤသို့ဆိုကာ ချစ်သူနှစ်ဦးတို့သည် တောင်ထိပ်စွန်းမှအနောက်ဖက်ကောင်းကင်ပြင်တွင် မြင်နေရသော အနုရာဓနက္ခတ်ကိုကြည့်ကာ ဘဝဆက်တိုင်း ပေါင်းရစေရန် တိုင်တည်သစ္စာပြုကြလေသည်။

ထို့နောက် တာရာဒေဝီက တာရာဒေဝီအရှင်မှ ကိုယ်တိုင်



ချီးမြှင့်ပေးထားသော အနုရာဓလက်စွပ်အား ဥတ္တရလက်သို့ ကိုယ်တိုင်ဝတ်ဆင်ပေးလိုက်သည်။

"ဒီလက်စွပ်က တာရာဒေဝီအရှင်မကိုယ်တော်တိုင် ချီးမြှင့်ပေးထားတဲ့ အနုရာဓလက်စွပ်ပဲ…အနုရာဓနက္ခတ်ဟာ ကမ္ဘာတည်နေသရွေ့ရှိနေသလို…ဒီလက်စွပ်ဟာလည်း ဘယ်တော့မှ မပျောက်မပျက်နိုင်ဘူး၊ ဘယ်ဘဝရောက်ရောက် ဒီအနုရာဓလက်စွပ်ဟာ တာရာတို့နှစ်ဦးအတွက် ချစ်သက်သေဖြစ်ပါစေ…"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကျွန်ုပ်သည် မောင်အောင်ဇေယျလာပေးသော စာမူကြီးအား မပြီးမချင်း ထိုင်ဖတ်နေရာ တဖြည်းဖြည်းနဲ့ မိုးလင်းသွားသည်ကိုပင် သတိမပြုမိတော့။

ကျွန်ုပ်မှာ မောင်အောင်ဇေပေးထားခဲ့သော အနုရာဓလက်စွပ်ကို အသေအချာ ပြန်ကြည့်နေမိသည်။

မှတ်တမ်းထဲတွင်ပါသော အနုရာဓလက်စွပ်မှာ တာရာဒေဝီ

အရှင်မကိုယ်တိုင် ချီးမြှင့်ပေးထားသဖြင့် မထိုက်သူဝတ်ဆင်ခွင့်မရှိ။

ထိုက်သူအတွက် ဘေးအန္တရာယ်ကင်းစေသော်လည်း မထိုက်သူအတွက် ဘေးအန္တရာယ်များလှပေသည်။ အကယ်၍ ထိုလက်စွပ်

www.burmeseclassic.com

www.burmeseclassic.com



သည် အနုရာဓလက်စွပ်အစစ်ဖြစ်ခဲ့ပါလျှင် မောင်အောင်ဇေသည် ဥက္ကာရှင်စားသူပေလော...။

ထိုသို့ဆိုလျှင် တာရာဒေဝီ ဝင်စားသူသည် ဘယ်မှာလဲ...။

တာရာဒေဝီ ဘယ်မှာလဲ...။

ကျွန်ုပ်သည် ထိုသို့စဉ်းစားနေစဉ် ဖျတ်ခနဲ ထမံသီတောအတွင်းမှ မဟူရာဧကရီအမည်ခံ 'ခေမာ' အား သတိရလာသည်။ လက်မှာ ဂေါ်ဒါအမှတ်အသားပါပြီး မြွေအားလုံးကို နိုင်နင်းသော ခေမာမှာ တာရာဒေဝီ ဝင်စားသူပေလော။ အနုရာဓနက္ခတ်စန်းယှဉ်၍ မွေးဖွားလာသူမှာ မြွေများကို အလိုအလျောက် နိုင်နင်းတတ်သည်။

မြွေဆိုးများကို အိမ်မွေးတိရစ္ဆာန်ပမာ နိုင်နင်းသော ခေမာသည် တာရာဒေဝီ ဝင်စားသူပေလော။ ကျွန်ုပ်မှာ ကိုယ့်အတွေးနှင့်ကိုယ် မဆုံးနိုင်အောင် ရှိနေတော့သည်။

နေ့လည်ဘက်တွင် ဦးဘသာကျော်နှင့် မောင်အောင်ဇေတို့ ရောက်လာကြသည်။

ကျွန်ုပ်လည်း စာရေးသားရန်အတွက် ပေစာထုပ်ကြီးကို ယူထားလျက် အနုရာဓလက်စွပ်ကို မောင်အောင်ဇေ အား ပြန်ပေးလိုက်သည်။

"ပေစာထဲမှာပါကဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားမှု ရှိရဲ့လား ဆရာကြီး"

www.burmeseclassic.com



"ရှိပါကွယ်...ဒီအကြောင်းအရာတွေကိုသာ ဝတ္ထုအဖြစ်ရေး ထုတ်လိုက်ရင် ကျွန်ုပ်တော့ နာမည်ကြီးသွားမှာ သေချာပါတယ်၊ ဒါထက် မောင်အောင်ဇေကို ကျုပ် သိချင်တာလေး တစ်ခုလောက်မေး ပါရစေ"

"မေးပါ ဆရာကြီး"

"မောင်ရင့်အိပ်မက်ထဲမှာ ခဏခဏတွေ့ရတဲ့ မိန်းကလေးကို အပြင်မှာ တွေ့ရင်ကော မှတ်မိနိုင်ပါ့မလား"

"အိပ်မက်ထဲမှာ ခဏခဏ တွေ့နေရတော့ အပြင်မှာတွေ့ရင် လည်း မှတ်မိနိုင်ပါတယ် ဆရာကြီး"

ထိုစကားကို ကြားရသောအခါ ကျွန်ုပ်မှာ ထူးခြားသော မဟူရာ ဧကရီခေမာအား ထူးထူးခြားခြား အမှတ်ရမိလေသည်။

"ဒီလို မောင်အောင်ဇေရဲ့...တစ်နှစ်က ကျွန်ုပ်အဖော်ကောင်း တွေနဲ့ အထက်ဖက်ကို လိုက်သွားရင်း ထမံသီတောတွင်းမှာ ထူးဆန်း တဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့ရတယ်...ကျုပ်ကတော့ သူ့ကို မဟူရာဒေဝီလို့ အမည်ပေးထားတယ်၊ သူ့အမည်က ခေမာတဲ့... သူ့ရဲ့လက်ဝါးမှာ ဂေါ်ဒါအမှတ်အသားပါပြီး မြွေဆိုးတွေကိုတော့ အရုပ်တစ်ရုပ်လို ကိုင်တွယ်ပြသနိုင်သူပဲ...သူဟာ တစ်ခုကတော့ ထူး ခြားနေတာကော့ အမှန်ပဲ"

"ကျွန်ုပ်၏ စကားပြောသောအခါ ဒွင်လန်းတော ...

www.burmeseclassic.com



သူ့မျက်လုံးများဆင် အရောင်တဖျတ်ဖျတ် တောက်ပလာတော့သည်။

"ဆရာကြီး ပြောလိုက်ကကည်းက ကျွန်တော့်ရင်ထဲမှာ ဘယ်လို ဖြစ်သွားတယ်မသိဘူး၊ ဝမ်းသာသလိုလို...ဝမ်းနည်းသလိုလို ခံစားရပါတယ်၊ ကျွန်တော် သူ့ကိုတွေ့ချင်ပါတယ်၊ ဘယ်မှာသွားတွေ့ရမှာလဲ ဆရာကြီး၊ ထမ်မသီတောတွင်းကို လိုက်သွားရမှာလား၊ တကယ်လို့ သွားရမယ်ဆိုရင်လည်း ဆရာကြီးကိုယ်တိုင် လိုက်ပို့ပေးပါ၊ ကျသင့်ကဲ့ စားရိတ်စက ကျွန်တော် အားလုံးကျခံပါ့မယ်ခင်ဗျာ"

"ကောင်းတယ်ဗျို့...ဒီတစ်ခါ ခင်ဗျားသွားရင် ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်၊ ဗဟုသုတရတာပေါ့ဗျာ"

"သိပ်လည်း စိတ်မလောကြပါနဲ့၊ တလောက ကျုပ်မိတ်ဆွေများဆီကတစ်ဆင့် မဟူရာဒေဝီဆီက စာတစ်စောင် ရထားပါတယ်၊ သူတို့မကြာခင် ရန်ကုန်ဆင်းလာပြီး မြွေပွဲတွေပြဦးမတဲ့...အဲဒီအခါကျရင်တော့ သွားတွေ့လိုက်ကြတာပေါ့ဗျာ"

➤➤➤



## အခန်း (၁၇)

တစ်နေ့သောအခါ သိင်္ဂုတ္တရကုန်းခြေ၏မြောက်ဘက် ရွှေခုံတိုင် (ရွှေဂုံတိုင်) ဘက်သို့သွားသည့် လမ်းမဘေး၌ ကုန်းတစ်ကုန်းပေါ်တွင် မြွေအလမ္ပာယ်ပြပွဲကြီးတစ်ပွဲ ခင်းကျင်းပြသလေသည်။

ထိုမြွေအလမ္ပာယ်ပြပွဲသို့ အနီးဝန်းကျင်မှ လူများသာမက မြို့တွင်းမှ လူများပင် တကူးတကနှင့် လာရောက်ကြည့်ရှုကြသဖြင့် ကြိတ်ကြိတ်တိုး စည်းကားလျှက်ရှိသည်။

အဘယ်ကြောင့် ထိုမျှစိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသနည်းဆိုသော် မြွေအလမ္ပာယ်ပြသမည့် စင်ကလေးမှာ အလှန်တရာချောမောလှပပြီး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးမှာ ယမန်နှစ်က ကွမ်းခြံကုန်းတာကြီးအနီးတွင် ပြသသော မြေအလမ္ပါယ်ပြပွဲတစ်ပွဲတွင် မြေမွေးဘသိန်းဆိုသော ရုပ်တစ်ယောက်အား အနိုင်ယူသွားခဲ့သော မိန်းမချောလေး ဖြစ်နေသော ကြောင့်ပင်။

အမျိုးသမီးငယ်က ဂျေဒါ အမှတ်အသားတံဆိပ်ပါသော လက်ကိုဖြန့်၍ ဂါထာမန္တန်များ ရွတ်ဖတ်လိုက်ရာ မကြာမီ ပတ်ဝန်းကျင်တစ်ဝိုက်မှ မြွေတွန်သံများ၊ လေချွန်သံများကဲ့သို့ အသံများ ပေါ်ထွက်လာရာ မြွေပွဲလာကြည့်သော ပရိသတ်များမှာ ကြောက်လန့်တကြားဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

ရွှေခုံတိုင်ကုန်းတော်ဘက်ဆီမှ ကျယ်လောင်သော မြွေတွန်သံကြီးကြားလိုက်ရပြီးနောက် မကြာမီ တောင်ကုန်းပေါ်မှ အလွန်ကြီးမားသော နန်းမြွေကြီးတစ်ကောင် တရွေ့ရွေ့ ဆင်းလာသည်ကို ပရိသတ်များ လှမ်းမြင်ကြရသည်။

မိန်းကလေးရှေ့သို့ရောက်လျှင်... မိန်းကလေး ခိုင်းစေသည့်အတိုင်း ပါးပျဉ်းထောင်ခြင်း၊ ယိမ်းထိုးလှုပ်ရှားခြင်း၊ မိန်းကလေးအား ရစ်ပတ်ထားခြင်း၊ စည်းဝိုင်းအတွင်းမှ ပရိသတ်အနီးသို့လာခြင်းများကို အမိန့်ပေးသည့်အတိုင်း တသွေမတိမ်း လုပ်ပြလေသည်။

ထိုအချိန်တွင် စည်းဝိုင်းအတွင်းသို့ အသက် (၅၀) ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ဦး တိုးကပ်လာပြီး...



"ဒီမှာမိန်းကလေး၊ ဒီနန်းမြွေကြီးက ကလေးမမွေးထားတဲ့ မြွေလားကွယ်"

ဟု မေးလိုက်သည်။

"မဟုတ်ပါဘူးရှင်...ဒီရွှေခုံတိုင်တောင်ကုန်းမှာ စောင့်နေတဲ့ တောင်ကုန်းစောင့်မြွေကြီးပါ"

"ဒီမြွေကြီးကို မင်းကိုင်သလို ကိုင်ကြည့်ပါရစေ"

"ဒီမြွေက...ကျွန်မပိုင်တဲ့ မြွေတစ်ကောင် မဟုတ်ပါဘူး။ စိတ် ဝင်စားရင် လာကိုင်ကြည့်ပေါ့ ...ဦးလေး ကိုင်မှာလား"

"မဟုတ်ပါဘူးကွယ်...ဦးရဲ့ တူတော်မောင်က စိတ်ဝင်စား လို့ မေးခိုင်းလို့ပါ"

"ရပါတယ်ရှင်...ကျွန်မကတစ်ဆင့် ပွဲကြည့်ပရိသတ်လုပ်ပါမယ်။ ဝင်လာနိုင်ပါပြီ"

ထိုအချိန်တွင် လူအုပ်ကြားထဲမှ အသက် (၂၀)ကျော်အရွယ်ရှိ လူရွယ်တစ်ယောက် ထွက်လာသည်။ စည်းဝိုင်းအတွင်းသို့ ဝင်လာသော လူရွယ်ကို မြင်လိုက်သောအခါ မိန်းကလေးမှာ ဓာတ်လိုက်သလို ဖြစ်သွားကာ မျက်တောင်မခတ်ဘဲ ငိုက်ကြည့်နေတော့သည်။

စည်းဝိုင်းအတွင်းသို့ လူရွယ်ဝင်လာသည်ကို မြင်သောအခါ နန်းမြွေကြီးမှာ ဒေါသကြီးဖြင့် ပါးပျဉ်းတထောင်လိုက်ရာ လူ့အရပ် ထက်မြင့်သွားပြီး ပါးပျဉ်းကြီးမှာ ဇကောတစ်ချပ်လှ ကြီးမားနေသ-

www.burmeseclassic.com



လူရွှယ်မှာ မြွေကြီးပါးပျဉ်းထထောင်သည်ကို မြင်ရသော်လည်း ကြောက်ရွံ့ဟန်မပြဘဲ အနီးသို့ ကပ်သွားလေသည်။

စောစောက ဒေါသတကြီးဖြစ်နေသော င်န်းမြွေကြီးမှာ ကြည့်နေရင်းနှင့် ပါးပျဉ်းသိမ်းသွားပြီး လူရွှယ်၏ ခြေရင်းသို့ ဝပ်ကျသွားတော့သည်။ မိန်းကလေးနှင့် ကြည့်နေသော ပရိသတ်မှာ မျက်စေ့ကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြသည်။

လူရွှယ် ကိုင်ထားသော ပစ္စည်းမှာ လက်စွပ်တစ်ကွင်းဖြစ်ပြီး ထိုလက်စွပ်မှာ အနုရာဓလက်စွပ်ပင် ဖြစ်တော့သည်။

မိန်းကလေးမှာ မယုံကြည်နိုင်လောက်သော အမူအရာဖြင့် လူရွှယ်အနီးသို့သွားကာ ထိုလက်စွပ်ကို ငုံ့ကြည့်လိုက်ပြီး…

"ဒါ…ဒါ…အနုရာဓလက်စွပ်ပါလား"

"ကဲ…မင်းကို တွေ့ညီလို့ ပြီးသွားပြီ၊ မသိလို့မေးပါရစေ…မနှစ်က မြွေပွဲတစ်ခုမှာ မင်း အရှက်နဲ့ အသက် လောင်းကြေးထပ်တဲ့ စိန်ခေါ်ပွဲတစ်ခု လုပ်သွားတယ်လို့ ကြားမိပါတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"အခုရော အဲဒီလို လောင်းကြေးမျိုးပဲလားဟင်"

လူရွှယ်အမေးကြောင့် မိန်းကလေးမျက်နှာပေါ်တွင် ရှက်သွေးဖြန်းသွားသော်လည်း စိတ်ဆိုးဟန်မပြပေ။

"ကိုယ်…မင်းကို လာတွေ့ပါ့မယ်၊ ဘယ်နေရာမှာတည်းကြသလဲ"



"အဲဒီလိပ်စာအတိုင်း ရအောင်ရှာပြီး လာခဲ့ကြပါ၊ ကျွန်မစောင့်နေမယ်"

"ကောင်းပြီလေ…ကိုယ် သွားတော့မယ်…အပြင်မှာ မိတ်ဆွေနှစ်ယောက် ပါသေးတယ်"

ထိုသို့ဆိုကာ လူရွှယ်သည် လူအုပ်ကြားထဲသို့ တိုးဝင်ထွက်သွားသောအခါမှ မိန်းကလေးလည်း မြွေပွဲကို သိမ်းလိုက်လေတော့သည်။

ΔΔΔ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မနေ့က မင်းသရုပ်ဆောင်တဲ့ ဒိုက်တင်ကတော့ ဗိုလ်အောင်ဒင်ဇာတ်ကားထဲက ခင်မောင်ရင်တောင် အရှုံးပေးရမယ်…တကယ် ပီပြင်ပါပေတယ်"

ကျွန်ုပ်စကားကြောင့် ဦးဘကျော်သာကပါ…

"ဟုတ်ပါ့မောင်ရာ…ငါ့မှာဖြင့် ထွက်ပြောထွက်ဆိုလို့သာ ထွက်ပြောလိုက်ရတယ်၊ မြွေများ ကိုယ့်ဆီလာမလားလို့ စိတ်ထဲက ကြောက်လိုက်တာ မောင်ရာ"

ဟု ပြောလိုက်သဖြင့် သဘောကျစွာ ရယ်မောလိုက်ကြသည်။

"မင်းလက်စွပ်က အနိမ့်သားကွယ့်…နန်းမြွေကြီးဟာ လက်စွပ်လဲ မြင်လိုက်ရော…စောစောက ဟန်းပင်လို လှုပ်တက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါးပျဉ်းကြီးဟာ တစ်ခါထဲ ငြိမ်ကျသွားလိုက်တာ ဟိုကောင်လောက်တောင် အစွမ်းမပြနိုင်တော့ဘူး…ကုံရောကွယ်"

"အနုရာဓလက်ရှုပ်က မြွေအားလုံးနိုင်စေတာကိုး ဆရာကြီးရဲ့"

"အင်း…ထားပါတော့…ဒါထက် မဟူရာဓကေရီ ဆိုတဲ့ ခေမာဟာ မင်းအိပ်မက်ထဲမှာ တွေ့တွေ့နေတဲ့ မိန်းကလေးရဲ့ ကျဘယ်ဆိုတာရော သေချာရဲ့လား"

"သေချာပါတယ် ဆရာကြီးရဲ့…ကျွန်တော် အိပ်မက်ထဲမှာ မကြာခဏ တွေ့နေရတာ သူပါပဲ…မမှားနိုင်ပါဘူး…ဒါကြောင့် ကျွန်တော့်စည်းဝိုင်းထဲကို ရဲရဲကင်းတင်း ဝင်သွားတဲ့တာပေါ့"

"ဒါထက် မေးပါရစေ…မင်းကို တွေ့လိုက်တော့ သူ့မျက်နှာ ဘယ်လိုဖြစ်သွားသလဲဆိုတာ သတိထားမိလား မောင်အောင်ဇေ"

"သူ…ကျွန်တော့်ကို မှတ်မိသလို စိုက်ကြည့်နေတယ်၊ ဟုတ်ပါတယ်…တကယ်လို့ ကျွန်တော်သာ ဥတ္တရဝင်စားတယ်ဆိုရင် သူဟာ တာရာဒေဝီ ဝင်စားတယ်ဆိုတာ အမှန်ဖြစ်နိုင်ပါတယ်"

"ဒီလိုဆိုရင်တော့ သူနဲ့တွေ့လိုက်ရင် အဖြေက ပိုရှင်းသွားမယ်"

ဒါထက် မင်းကို သူ့လိပ်စာရေးပေးလိုက်တယ်မဟုတ်လား၊ ဘယ်မလဲ…ပြစမ်းပါအုံးကွယ့်"

ထိုအခါမှ မောင်အောင်ဇေမှ သတိရဟန်ဖြင့် အိတ်ထဲမှ စာရွက်



ကလေးကို ထုတ်ပေးလေသည်။ စာရွက်ပေါ်တွင် တူးတူးခြားခြားရေးထားသည်။

" "ရေကန်၊ သုသာန်၊ သရက်၊ အလယ်ကစောင့်နေမယ်" တဲ့။ ဘယ်လိုအဓိပ္ပာယ်ပါလိမ့်"

ဦးဘကျော်က စာရွက်ကို ကျွန်ုပ်အား လှမ်းပေးလိုက်သည်။

ကျွန်ုပ်မှာ ထိုစာကိုဖတ်ပြီး တစ်ခုံတစ်ခုကို စဉ်းစားနေမိသည်။

ထိုစကားလုံးများသည် ကျွန်ုပ် ကြားဖူးသောစကားများ ဖြစ်ပေသည်။ အတန်ကြာအောင် စဉ်းစားတော့မှ တဖြည်းဖြည်း အစဖေါ်ပြီး စဉ်းစားရလာတော့သည်။

"ဟုတ်ပြီဗျို့ . . . သတိရလာပြီ . . .၊ ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်က ရှင်းပြဖူးတယ်၊ ဒီစကားတွေဟာ သာမန်စကားတွေမဟုတ်ဘူး ၊ နေအုံး . . . ကျုပ်မြေပုံယူလိုက်အုံးမယ် "

ကျွန်ုပ်သည် စာရေးစားပွဲအံဆွဲတွင် အသင့်ချိတ်ဆွဲထားသော မြေပုံကားချပ်ကို ဖြုတ်ယူပြီး ဦးဘသာကျော်နှင့် မောင်အောင်ဇေတို့အား ရှင်းပြလိုက်သည်။

"ဒီမြေပုံပေါ်မှာကြည့်ကြ…ဒါ ရန်ကုန်တိုင်းနယ်နိမိတ်ကို ပြတဲ့မြေပုံပဲ…ရေကန် ဆိုတာ ဒီကန်တော်ကြီးနေရာ၊ သုသာန် ဆိုတာက ကြံတောသင်္ချိုင်းရှိတဲ့နေရာ၊ သရက် ဆိုကာ ရွှေတိဂုံစေတီတော်ကြီးတည်ရှိတဲ့ ကုန်းတော်နေရာ၊ ဒီသုံးနေရာဟာ တြိဂံပုံသဏ္ဌာန် အတွ

www.burmeseclassic.com

ဘဝေး ညီမျှတယ်၊ အဲဒီအထဲမှာ ကျွန်းတစ်ကျွန်းရှိတယ်…သင်္ဂြိုဟ်ရ ကျွန်းတော်ကြီးကို ပန်းရံထားတဲ့ ကျွန်း (၉၉) ကျွန်းထဲက (၉)ကျွန်း မြောက်၊ အဲဒီဘက်က တော အစိမ်းနှင့်ဝင်သူတွေ သွား လေ့ရှိကြတော့ တကယ့် တောခြုံထူထပ်တဲ့နေရာပဲလို့ ကြားဖူးတယ်"

"နေရာက အတော်ဝေးသလားဗျ"

"မဝေးလှပါဘူးဗျာ…ဒီကနေ လျှောက်သွားရင် အလွန်ဆုံး ကြာလှ ကစ်နာရီပေါ့၊ လမ်းချိုးခေါ်လို့ကလဲ အဲဒီဘက်တွေက ကောင်း ကျွန်းတွေဆိုတော့ လိုက်ချင်မှာ မဟုတ်ဘူး"

"ဒီတော့ ခြေလျင်တစ်လျှည်၊ ကုန်းကြောင်းတစ်လျှည်၊ ကိုယ့် ခြေထောက်ကိုယ် အားကိုးပြီးသာ သွားကြပါစို့"

"အင်း…ပါရမီအိုက ဖြည့်ကောင်းပါရဲ့ဗျာ…မဟုတ်လား ဗျ…ကိုအောင်မင်းခေါင်"

"ဟုတ်ပါ့ဗျာ…ဟုတ်ပ"

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ရွှေခုံတိုင်လမ်းမကြီးအတိုင်း (ဓမ္မ စေတီလမ်းအတိုင်း) အနောက်ဖက်သို့ လျှောက်လာရာ လင်းလမ်းလွန်း သောအခါ လက်ယာဘက်တွင် လမ်းခွဲဟာစ်ခု (သံလွင်လမ်း) မြင် သဖြင့် ထိုလမ်းအတိုင်း ဆက်လျှောက်လာရာ အတွင်းသို့ သစ်ပင်ခြုံ နွယ်များ ထူထပ်လျှက် တောင်ကုန်းများကို ဖြတ်လျှောက်ကြရသည်။ ထိုအတွင်းဘက်ရောက်လျှင် လူနေအိမ်ခြေ မရှိမဟုတ်၊ အချို့တော



ကုန်းများပေါ်တွင် နွားမွေးသော ကုလားခြံများကိုသာ တွေ့ရသည်။

အတော်အတန် ဆက်လျှောက်လာသော ကောင်းကုန်းမြင့်ကြီး တစ်ခုပေါ်တွင် စေတီတစ်ဆူကို လှမ်းမြင်ရသည်။ ကျုပ်တော့ ဒီနေရာကို တစ်ခေါက်လောက် ရောက်ဖူးတယ်၊ အဲဒါက အညွှန်းနှမ် ရင်တော့ ခေမာတို့ အဲဒီမှာ ရှိမှာပဲ…ဒီတော့ မောင်အောင်ဇေ…ခင်း အရင်သွားနှင့်…တို့နှစ်ယောက်ပါရင် မင်းတို့ချင်း တွေ့ရတာ မငြှယ် မလပ် ဖြစ်နေမယ်…ဒီနေရာမှာ ခဏအမောဖြေပြီးမှ တက်လိုက်လာ ခဲ့မယ်"

မောင်အောင်ဇေသည် ကျွန်ုပ်တို့နှစ်ယောက်အား နှုတ်ဆက်ကာ သွက်လက်သောခြေလှမ်းများဖြင့် တောင်ကုန်းပေါ်သို့ တက်သွား တော့သည်။

တကယ်တော့ တက်သာလာရသည်။ ခေမာဆိုသော မိန်း ကလေး တကယ်တွေ့ရမည်၊ မတွေ့ရမည်မှာ သေချာလှသည်တော့ မဟုတ်ပေ။

မောင်အောင်ဇေသည် တဖြည်းဖြည်းနှင့် တောင်ကုန်းပေါ် တက်လာရာ စေတီနှင့် မနီးမဝေး ကုန်းကမူထက်တွင် ရပ်နေသော အနက်ရောင်ဝတ်စုံနှင့်မိန်းကလေးအား တွေ့မြင်ရလေသည်။

"ရှင် ရောက်လာပြီကိုး"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် …ဒါထက် ဒီနေရာမှာ မင်းတစ်ယောက်တည်းလား"

"အဘတို့က ဘုရားပေါ်မှာ ဝတ်ပြုနေကြတယ်၊ ဒါထက် ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"အောင်ဇေလို့ ခေါ်ပါတယ် … ဒါထက် ဖင်းနာမည်ကိုလဲ ပြောအုံးလေ"

"ခေမာလို့ ခေါ်ပါတယ်၊ အချို့ကတော့ ဘာကြောင့်လဲ မသိဘူး၊ မဟူရာကေရီလို့ ခေါ်ကြတယ်၊ လာ…ကိုအောင်ဇေ… ပြိုင်နေရာမှာ ထိုင်ကြရအောင်"

နှစ်ယောက်သား ကျောက်ခုံပေါ်တွင် ဝင်ထိုင်လိုက်ကြသည်။

"ဒါထက် ကျွန်တော့်လက်ထဲက လက်စွပ်ကို မြင်လိုက်ရုံနဲ့ အနုရာဓ လက်စွပ်ဖြစ်မှန်း ဘယ်လိုသိတယ်ဆိုတာလေး တစ်ဆိတ်လောက် ရှင်းပြပါလား"

"ဒီလက်စွပ်က ကျွန်မဘဝဟောင်းက ပိုင်ဆိုင်ခဲ့ဘူးတဲ့ ပစ္စည်းတစ်ခုပဲ …၊ ဒါကြောင့် မြင်တာနဲ့သိတာပါ၊ နောက်ပြီး ဒီလက်စွပ်ကိုရှာနေတာ နှစ်ပေါင်းအတော်ကြာပြီ …၊ မြန်မာပြည်အနှံ့ လှည့်ပြီး မြေပွဲတွေပြခဲ့တာ အကြောင်းမဲ့မဟုတ်ဘူး ကိုအောင်ဇေ"

"ရှင်းပြပါဦး မခေမာ"

"ဒီ အနုရာဓလက်စွပ်ဟာ တာရာရှင်မကိုယ်တိုင် ချီးမြှင့်



ပေးထားတာကိုတော့ လူတိုင်း ကိုင်ထားလို့ မရဘူး၊ မဆိုင်တဲ့သူ ကိုင်ထားရင် အန္တရာယ်ဆိုးနဲ့ကြုံမှာပဲ …၊ ဒီတော့ အနုရာလက်စွပ်ကို ကိုင်ထားနိုင်တဲ့သူဟာ ဒီလက်စွပ်နဲ့ သက်ဆိုင်သူပဲ ဖြစ်ရမယ် …၊ အဲဒီလူဟာ တစ်နေ့ကြရင် ကျွန်မဆီ မုချရောက်လာလိမ့်မယ်လို့ မျှော်လင့်ပြီး မြန်မာပြည်အနှံ့ လှည့်ရှာခဲ့တာ အခုတွေ့ပြီ ကိုအောင်ဇေ"

"ဒီလိုဆိုရင် မခေမာ ကျွန်တော့်ကို မမြင်ဖူးခင်ကတည်းက သိနေတာပေါ့နော် …"

"ဟုတ်ပါတယ်၊ ကျွန်မ အိပ်မက်ထဲမှာ ရှင့်ကို ခဏခဏ မြင်ဖူးတယ် …"

"ကိုက်ဆိုင်လိုက်လေဗျာ …ကျွန်တော်လည်း မခေမာကို လူချင်းမတွေ့ဖူးခင်ကတည်းက ရင်းရင်းနှီးနှီး သိနေခဲ့တာ၊ ဘာကြောင့်လဲဆိုတော့ မခေမာလိုပဲ အိပ်မက်ထဲမှာ မကြာခဏတွေ့ဖူးနေလို့ပဲ"

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် အချိန်အတန်ကြာအောင် စိုက်ကြည့်ပြီးတော့မှ ခေမာက …

"ကိုအောင်ဇေ ရှင့်လက်ကို ခဏပြပါလား"

မောင်အောင်ဇေက နားမလည်စွာဖြင့် လက်နှစ်ဖက်ကို ပြလိုက်ရာ ၎င်း၏လက်တစ်ဘက်တွင် အမာရွတ်ကြီးတစ်ခုကို တွေ့ရသည်။

"ဒီ ဒဏ်ရာရဲ့ ဘယ်တုန်းက ရခဲ့တဲ့ဒဏ်ရာလဲဟင်"

"အခု ရတဲ့ဒဏ်ရာ မဟုတ်ပါဘူး၊ ကျွန်တော် မွေးကတည်း

www.burmeseclassic.com

www.burmeseclassic.com



က ပါလာခဲ့တဲ့အမာရွတ်လို့ အဖေက ပြောပါတယ်"

"ဒီလိုဆိုရင် ရှင်ဟာ ဥတ္တရ ဝင်စားတဲ့သူဖြစ်မှာ သေချာပါတယ်"

"အင်း ...ကျွန်တော်လဲ အဲဒီလိုပဲ ထင်နေမိတယ် ... မခေမာကရော တာရာဒေဝီ ဝင်စားတာပဲလား၊ ဒီလိုဆိုရင်တော့ မွေးရာပါအမှတ်အသားတစ်ခုခုများ ပါသလားဟင်"

မောင်အောင်ဇေ အမေးကြောင့် ခေမာ၏ ဖြူနုသောမျက်နှာပေါ်ဝယ် ရှက်သွေးကြောင့် ပန်းနုရောင်သန်းသွားလေသည်။

"ကျွန်မရဲ့ လည်ပင်းအောက်နားမှာ အနီရောင်ကြယ်တာရာ တံဆိပ်လို အမှတ်အသားတစ်ခု မွေးကတည်းက ပါခဲ့ပါတယ် ..."

"ဒီလိုဆိုရင်တော့ မင်းဟာ တာရာဒေဝီ ဝင်စားတဲ့သူ ဖြစ်ရမယ်၊ ဒါကြောင့် မင်းကို မြင်မြင်ချင်း ရင်ထဲမှာ ရင်းရင်းနှီးနှီး သိနေတာကိုး"

ဥတ္တရနဲ့ တာရာဒေဝီတို့က အရင်ဘဝတုန်းက သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ဟော ဖူးစာမကုန်တော့ ဆုတောင်းပြည့်ပြီး ဒီဘဝမှာ ပြန်ဆုံကြရတယ်၊ ကိုယ် မင်းကို ရာသက်ပန် လက်တွဲသွားပါရစေ ခေမာ"

မောင်အောင်ဇေက ခေမာ၏ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ဖွင့်ပြောလိုက်သောအခါ ရှက်သွေးဖြာသောမျက်နှာလေးဖြင့် မောင်အောင်ဇေအား မော့ကြည့်လိုက်သည်။ အကြည့်ချင်းဆုံ နိုက် နှစ်ယောက်သားရင်ထဲမှာ ဘဝပေါင်းများစွာ၊ နှစ်ပေါင်းများစွာသို့ ပြန်လည်လွင့်မျောသွားပြီး လွမ်းဆွတ်ကြေကွဲမှုများ ဖြစ်ကြရသည်။

ထို့နောက် မောင်အောင်ဇေသည် ဘဝဟောင်းမှ ချစ်သူ ဝင်စားသောခေမာ၏ ကိုယ်လုံးကလေးကို ကြင်နာစွာထွေးပွေ့ထားလိုက်သည်။

တကယ်တော့ အချစ်စစ်၊ အချစ်မှန်ဖြင့် ချစ်ကြသောချစ်သူများအတွက် ဘဝခြားသော်လည်း အချစ်ကမခြား၊ အချစ်မခြားသော် ခြားလည်း သစ္စာတရားစာ ကမ္ဘာမြေဆုံးသည့်တိုင် တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နောက်ထပ် ရက်အတန်ငယ်ကြာသောအခါ ကျွန်ုပ် ဦးဘကျော်သာ၊ ရှမ်းအမျိုးသား၊ အမျိုးသမီးကြီးအပါအဝင် လေးဦးတို့မှာ ဒါသသစ်စက်စက်ဇနီးမောင်နှံနှစ်ဦးတို့နှင့်အတူ ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်သို့ ရောက်ရှိနေကြသည်။

၎င်းတို့ဇနီးမောင်နှံနှစ်ဦးမှာ ကျွန်ုပ်၏ အဓိကဇာတ်ကောင်များဖြစ်ကြသော ဥက္ကာရ တဖြစ်လဲ မောင်အောင်ဇေနှင့် တာရာခေဝီ တဖြစ်လဲ ခေမာတို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦး၏ မင်္ဂလာဦးအတွက် ရွှေတိဂုံဘုရားပေါ်တွင် ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူ ပူဇော်ခြင်း၊ အလှူခါနပြုခြင်းများအပြင် "အနုရာဓ" လက်စွပ်ကို ရွှေတိဂုံစေတီတော် ရှေးဟောင်းပစ္စည်းဌာနသို့ သွားရောက်လှူဒါန်းပြီး အားလုံးသော

www.burmeseclassic.com

www.burmeseclassic.com

ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေလိုက်ပြီးနောက်ကျွ
န်ုပ်၏ မယူရာကေရီ ဝတ္ထု၏ အဆက်ဖြစ်သော ဤ အနုရာဓ
ရုပ်ပွယ် ဝတ္ထုသည်လည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်
လိုက်ပြီ ဖြစ်ပါတော့သတည်း ...။

ပြီးစက္က

www.burmeseclassic.com